မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၁၅)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Roland KOBIA အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော် တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများနှင့် မြန်မာ့နိုင်ငံရေးဖြစ်စဉ်များကို ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Roland KOBIA အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတာဝန်ကို ထမ်းဆောင်ခဲ့ကြသည့်သက်ပြည့်ပင်စင်ခံစားနေကြသော အငြိမ်းစားများအတွက် တန်ဖိုးနည်းမိုဘိုင်းဖုန်းများ ရောင်းချပေးမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ပြည်သူများသို့လစဉ်တန်ဖိုးနည်း မိုဘိုင်းဖုန်း ၃၅၀၀၀ ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ၌ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှစတင်၍ နိုင်ငံတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး သက်ပြည့်ပင်စင်ခံစားနေသည့် အငြိမ်းစားများအတွက် တန်ဖိုးနည်းမိုဘိုင်းဖုန်းများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်နှင့် သီးသန့်ခွဲတမ်းထည့်ပြီး မဲစနစ်ဖြင့်ဖြန့်ဖြူးရောင်းချပေးသွားမည် ဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းမိုဘိုင်းဖုန်းများ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ဆက်လက်ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်

၁။ ၂၀၁၃ ခုနှစ် ဧပြီလမှစတင်၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လစဉ်တန်ဖိုးနည်းမိုဘိုင်းဖုန်း သုံးသိန်းငါးသောင်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ပြည်သူများ အလွယ်တကူ အဆင်ပြေချောမွေ့စွာဆက်သွယ်အသုံးပြုနိုင်ရေးအတွက် ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရောင်းချပြီးသော တန်ဖိုးနည်းမိုဘိုင်းဖုန်း ၃ ဒသမ ၂ သန်း အပါအဝင် စုစုပေါင်း မိုဘိုင်းဖုန်း ခုနစ်သန်းကျော် ရောင်းချခဲ့ပြီးဖြစ်ပါသည်။ တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်သည့် ဖုန်းအရေအတွက်ပေါင်းနှင့် မိမိနိုင်ငံရှိ အိမ်ထောင်စုပေါင်း ၈ ဒသမ ၇ သန်းကျော်အား အချိုးချတွက်ကြည့်မည်ဆိုလျှင် အိမ်ထောင်စု ၁ ဒသမ ၂၄ စုလျှင် မိုဘိုင်းဖုန်းတစ်လုံးနှုန်း ရရှိသွားနိုင်မည်ဖြစ်သော်လည်း လက်ရှိအခြေအနေတွင် အိမ်ထောင်စုတိုင်း ဖုန်းသုံးစွဲရန်လိုအပ်နေသေးကြောင်း စိစစ်တွေ့ရှိနေရပါသဖြင့် အိမ်ထောင်စုတိုင်းအတွက် မိုဘိုင်းဖုန်းပိုမိုသုံးစွဲခွင့် ရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် တယ်လီဖုန်းခေါ်ဆိုခ ကျပ် ၃၀၀ ကြိုတင်ပေးသွင်းထားသော CDMA 800 MHz/ GSM/ WCDMA မိုဘိုင်းဖုန်း ၃၅၀၀၀၀ ကို SIM Card တစ်ခုအတွက် ကျပ် ၁၅၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အများပြည်သူတို့အတွက် **ပုံမှန်ရောင်းချပေးနေသည့် အစီအစဉ်တွင် နိုင်ငံတာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ပင်စင်ခံစားနေသည့် အငြိမ်းစားများအတွက် သီးသန့်ထည့်သွင်းဖြန့်ဖြူးရောင်းချပေး**သွားမည်ဖြစ်ပါသည်။

၃။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် မိုဘိုင်းဖုန်းများကို ဆက်လက်ဖြန့်ဖြူးရောင်းချရာ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လက်ရှိတပ်ဆင်ပေးထားသောလိုင်းအင်အားနှင့် အမှန်တကယ်သုံးစွဲနေသော အခြေအနေများအပေါ် မူတည်၍ ပြည်သူများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အောက်ပါအတိုင်း အချိုးကျခွဲဝေပြီးပေးရန် လျာထားတွက်ချက်ထားပါသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလ တန်ဖိုးနည်း မိုဘိုင်းတယ်လီဖုန်းများ ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	အများပြည်သူ			ပင်စင်စား	စုစုပေါင်း
		CDMA 800	GSM	WCDMA	WCDMA	
၁	နေပြည်တော်ကောင်စီနယ်မြေ	၁၂၀၀၀	၈၀၀၀	၇၀၀၀	၂၂၀၀	၂၉၂၀၀
၂	ကချင်ပြည်နယ်	၄၀၀၀	၉၀၀	၁၀၀	၁၃၀၀	၆၃၀၀
၃	ကယားပြည်နယ်			၂၀၀	၄၀၀	၆၀၀
၄	ကရင်ပြည်နယ်		၅၂၀၀	၈၀၀	၉၀၀	၆၉၀၀
၅	ချင်းပြည်နယ်			၃၀၀	၇၀၀	၁၀၀၀
၆	စစ်ကိုင်းတိုင်းဒေသကြီး	၁၂၀၀၀	၅၅၀၀	၅၀၀	၃၆၀၀	၂၁၆၀၀
၇	တနင်္သာရီတိုင်းဒေသကြီး		၆၁၀၀	၉၀၀	၇၀၀	၇၇၀၀
၈	ပဲခူးတိုင်းဒေသကြီး(အရှေ့)	၁၆၀၀၀	၅၅၀၀	၅၀၀	၃၆၀၀	၂၅၆၀၀
၉	ပဲခူးတိုင်းဒေသကြီး(အနောက်)		၆၄၀၀	၆၀၀	၁၆၀၀	၈၆၀၀
၁၀	မကွေးတိုင်းဒေသကြီး		၁၄၅၀၀	၁၅၀၀	၃၃၀၀	၁၉၃၀၀
၁၁	မန္တလေးတိုင်းဒေသကြီး	၂၄၀၀၀	၁၂၀၀၀	၁၀၀၀၀	၅၃၀၀	၅၁၃၀၀

စာမျက်နှာ ၃ ကော်လံ ၁ ▲

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တာဝန်ကိုယ်စီကျေရမည်

ကျွန်ုပ်တို့မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကြီးတွင် မြန်မာအားကစားသမား မောင်မယ်တို့အနေဖြင့် အောင်ပန်းအလီလီ ဆွတ်ခူးပေးခဲ့ကြပေပြီ။ ကိုယ့်မြေကိုယ့်ရေပေါ်တွင် မိမိတို့၏ ကြိုးစားမှုစွဲလုံ့လဖြင့် နိုင်ငံနှင့်လူမျိုးတို့၏ ဂုဏ်ကိုဆောင်ရမည် ဟူသော ဖွဲ့စိတ်ဓာတ်ကိုအရင်းပြုလျက် ထိုက်သင့်သောဆုများ ဆွတ်ခူးပေးနိုင်ခဲ့ကြသည်ကို တွေ့ရသည်။ ဆုတံဆိပ်စာရင်းတွင် ထိပ်ဆုံးမဟုတ်ပင် မဟုတ်သော်ငြားလည်း ရှိသည့်ခွန်အားကို အရင်းပြုကာ အကောင်းဆုံးဖြစ်အောင် ကြိုးစားအားထုတ်ကြသည် မှာချီးကျူးဖွယ်ရာပင် ဖြစ်သည်။

ကိုယ့်မြေကိုယ့်ရေတွင် ကျင်းပသည့် ဤပြိုင်ပွဲကြီး၌ မိမိတို့၏အစွမ်းသာလျှင် ပဓာနအကျဆုံး ဖြစ်သည်ဟူသော စိတ်ဓာတ်ကို ခံယူလျက် ကြိုးစားသွားကြခြင်းပင်ဖြစ်သည်။ ဤကြိုးစားမှုတို့သည်ကား သာမန်ကြိုးစားအားထုတ်မှုမျိုး မဟုတ်ပေ။ မဖြစ်မနေရအောင်လုပ်မည်၊ ဖြစ်အောင်ကြိုးစားမည်ဟူသော လုံ့လပြုအားထုတ်မှုမျိုးဖြစ်သည်။ တစ်နည်းဆိုရလျှင် ဇနကမင်းသား၏ စိတ်ဓာတ်မျိုး ဖြစ်သည်။ ဤစိတ်ဓာတ်ဖြင့် မသန်သော်လည်း စွမ်းကြောင်းပြသနိုင်ခဲ့ကြသည်။ "အာဂ" လူသားပင်ဖြစ်သည်။ အမိနိုင်ငံတော်အတွက် မသန်စွမ်းသော်လည်း တာဝန်ကိုယ်စီကျေခဲ့ကြသည်။ ဤတာဝန်ကို မဆုတ်၊ မရွံ့၊ မတွန့်သော စိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာပြည်သူပြည်သား အားလုံး၏ ဂုဏ်ကို ဆောင်ခဲ့ကြသည်။

ဤမသန်စွမ်း အားကစားသမားများကဲ့သို့ပင် ကျွန်ုပ်တို့ အားလုံးသည်လည်း တာဝန်ကိုယ်စီကျေသင့်သည်။ မသန်စွမ်းသူများအဖို့ ဤမျှတာဝန်ကျေလျှင် ကျွန်ုပ်တို့ခြေလက်အင်္ဂါအစုံ လူသားများအဖို့ ပို၍တာဝန်ကျေသင့်သည်။ ပို၍ ကြိုးစားအားထုတ်သင့်သည်။ ပို၍လုံ့လပြုသင့်သည်။ နိုင်ငံ့တာဝန်ထမ်းလျှင် နိုင်ငံ့တာဝန်ကျေရမည်။ မိသားစုတာဝန်ထမ်းလျှင် မိသားစုတာဝန်ကျေရမည်။ မည်သည့်အလုပ်၊ မည်သည့်တာဝန် ထမ်းရွက်သည်ဖြစ်စေ ထိုတာဝန်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားအားထုတ်ခြင်းဖြင့် တာဝန်ကျေသူဖြစ်ရမည်။

မိမိထမ်းရွက်ရမည့်တာဝန်ကို ဦးဆွေးဆံမြည့် ထမ်းရွက်ခဲ့သော သူရဲကောင်း အုတ်လှကဲ့သို့ တာဝန်ကျေသူများဖြစ်သင့်သည်။ သူရဲကောင်း အုတ်လှဆိုသူကား ပုဂံမင်းဆက် နရသီဟပတေ့မင်းလက်ထက်က သူရဲကောင်းပေတည်း။ ဤသူသည်ကား စစ်ထွက်ရာမှအပြန် အမှုတော်ကို ကျေပွန်စွာထမ်းရွက်ကြောင်းကို မိမိဦးခေါင်းတွင်ရှိ ဦးသျှောင်ကိုဖွင့်၍ ဆွေးမြည့်နေသော ဦးသျှောင်နှင့်တကွ ဆံချည်မျှင်များ အထွေးလိုက်ကျစေလျက် ဦးဆွေးဆံမြည့် ထမ်းရွက်ခဲ့ကြောင်းကို ပြသခဲ့လေသည်။ ထိုမှစ၍ "ဦးဆွေးဆံမြည့်" ဟူသောစကားသည် ဥဒါန်းတွင်ခဲ့လေသည်။

ဤစကားအဓိပ္ပာယ်ကို ဆန်းစစ်ကြည့်လျှင် မည်သည့်တာဝန်ကို ထမ်းဆောင်သည်ဖြစ်စေ ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်ရမည်ကို ညွှန်ပြနေပေသည်။ အမှန်စင်စစ် ဤစကားအဓိပ္ပာယ်သည် သာမန်တာဝန်ကျေပွန် ထမ်းရွက်ခြင်းမျိုးမဟုတ်။ လေးလေးနက်နက် ကြိုးကြိုးစားစား တာဝန်ထမ်းရွက်ခြင်းပေတည်း။ မိမိ၏ ပုဂ္ဂိုလ်ရေးကိစ္စများထက် တာဝန်ကို အလေးထားထမ်းရွက်သင့်ကြောင်းကို မီးမောင်းထိုးပြသလိုက်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် မသန်သော်လည်း စွမ်းကြောင်းပြလျက် တာဝန်ကျေခဲ့သော အားကစားသမားများကဲ့သို့လည်းကောင်း၊ သူရဲကောင်း အုတ်လှကဲ့သို့ ဦးဆွေးဆံမြည့်ထမ်းရွက်ခြင်းဖြင့်လည်းကောင်း ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်အပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးညှိနှိုင်း

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် ဆပ်ကော်မတီ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ လိုက်ပါပြီး ဇန်နဝါရီ ၁၈ ရက်က မကွေးတိုင်းဒေသကြီး မကွေးမြို့ တိုင်းအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဆန္ဒ/လိုအပ်ချက်/အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဝိုင်းဝန်း ဆွေးနွေးကြရန်ပြောကြားသည်။

ဆပ်ကော်မတီအနေဖြင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းဆွေးနွေးသော သတ္တုနှင့်ဆက်စပ်လုပ်ငန်းများ တူးဖော်ထုတ်လုပ်ရေးဆိုင်ရာကိစ္စများ၊ အသေးစားရေနံလက်ယက်တွင်း တူးဖော်ခြင်းဆိုင်ရာကိစ္စများ၊ စက်သုံးဆီအရည်အသွေးထိန်းသိမ်းနိုင်ရန် Mobile Lab ဖြင့် စစ်ဆေးဆောင်ရွက်မည့် အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ဒေသခံပြည်သူလူထုအနေဖြင့် ထပ်မံညှိနှိုင်းဖြေရှင်း ဆောင်ရွက်ရန်ရှိပါက အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်ရန်နှင့် ဆက်သွယ်ရန်အတွက် ဆပ်ကော်မတီအလိုက် ဆက်သွယ်ရန် တယ်လီဖုန်း၊ အီးမေးလ်၊ ဖက်စ်တို့ကို ဖော်ပြထားပြီးဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် အချိန်မရွေး ဆက်သွယ်ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ဆပ်ကော်မတီအနေဖြင့် လိုအပ်သော တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြင့်ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပုလဲတန်-ညောင်ရင်းရေတံခါး အသစ်ပြန်လည်ပြုပြင်တည်ဆောက်

မြင်းမူ ဇန်နဝါရီ ၂၂

မြင်းမူမြို့နယ် ပုလဲတန်-ညောင်ရင်း ရေတံခါးမှာလွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်ကတည်ဆောက်ခဲ့သော ရေတံခါးဖြစ်ပြီး ယိုယွင်းပျက်စီးနေခြင်းကြောင့် ပြန်လည်ပြင်ဆင်လျက်ရှိသည်။

(၇×၉)ပေ သုံးပေါက် ရေတံခါးရွက်များ ပျက်စီးနေပြီး ရေတံခါးကြမ်းခင်းများမှာ ရေတိုက်စားသောကြောင့် ကျိုးကျကာ ဂလိုဏ်ပေါက်များဖြစ်ပေါ်လျက်ရှိသည်။ ရေတံခါးအဝင်အထွက် Wing Wall နှင့် Return Wall များ ပြိုကျပျက်စီးလျက်ရှိသည်။ ရေတံခါး အဝင်အထွက်ကြမ်းခင်း မြေသားများမှာလည်း ရေတိုက်စား ပျက်စီးလျက်ရှိသည်။ ရေတံခါးသစ်သားတံတားမှာလည်း နှစ်ကာလကြာမြင့်စွာ ပြန်လည်ပြုပြင်ခြင်းမရှိခဲ့သဖြင့် ကြမ်းခင်းနှင့်လက်ရန်းတိုင်များမှာ ဆွေးမြည့်လျက်ရှိသည်။

ပုလဲတန်-ညောင်ရင်း ရေတံခါးမှ ဧရာဝတီမြစ်ရေတက်လာပါက စိုက်ပျိုးရေအတွက် အင်းအတွင်းသို့ ရေသွင်းယူရန်၊ အင်းအတွင်းမှ ရေများမလိုအပ်တော့ပါက မြစ်ထဲသို့ ပြန်လည်ထုတ်လွှတ်ပေးနေသည့် ရေတံခါးဖြစ်သည်။ အကျိုးပြု ဧက ၁၀၂၀ ခန့်ရှိသည်။ ပုလဲတန်- ညောင်ရင်း တာပေတိုင် ၃၀၀ ခန့်တွင် တည်ရှိသည်။ ရေတံခါး (၇×၉)ပေ သုံးပေါက် ရေတံခါးပြီးစီး၍ တံခါးများကို ဆေးကတ္တရာသုတ်နေသည်ကို တွေ့မြင်ရသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဇန်နဝါရီ ၈ ရက်က ဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီလကုန်၌ ပြီးစီးမည်ဖြစ်ကြောင်း၊ ခန့်မှန်းကုန်ကျငွေကျပ် သိန်း ၁၉၀ ဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) ကိုကိုနိုင်(မြင်းမူ)**

ဇန်နဝါရီ ၂၀ ရက်က တာမွေမြို့နယ် မေတ္တာညွန့်ဘူတာရှိ စာပေရေချမ်းစင်တွင် ပြည်သူများ စိတ်ဝင်စားမှုရှိသည့် စာစင်များ လစဉ်လဲလှယ်ပေးခဲ့သဖြင့် ကျောင်းသူများ စာပေလေ့လာကြည့်ရှုနေသည်ကို တွေ့ရစဉ်။ (လှလှ)

အခွန်သယ်ပိုး တို့ပြည်အကျိုး
တည်ဆောက်ခေတ်မီ တို့မြန်ပြည်

မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူများအသင်း
အသင်းဝင်များ သိရှိပါရန်
[illegible]
မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူများအသင်း

Since 1994
Y.E.S. International English Language Centre
B.A (Hons)(English), M.A (ESL)(Hawaii, USA)

Intermediate English	Mon to Thurs-1:00-3:00pm	3 Feb
Academic Writing Course	Sat & Sun - 5:00-7:00pm	1 Feb
Academic Preparation for IELTS (API)	Mon to Thurs- 10:00-12:30pm	3 Feb
IELTS (Test Practice)	Sat & Sun 10:30-12:30 pm	1 Feb
IELTS (Speaking Course)	Sat & Sun 1:00-3:30 pm	1 Feb
SAT	Mon to Thurs 3:30-5:00 pm	3 Feb
TOEFL	Mon to Thurs 5:30-7:00 pm	3 Feb

ဖွင့်မည်။
No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. ☎ 243950

မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၂

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၃ ခုနှစ် ဓမ္မာစရိယစာမေးပွဲ အောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ် ၅၃၁ ပါး၊ မြန်မာဂုဏ်ထူးအောင်ပုဂ္ဂိုလ် ခုနစ်ပါး၊ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ် ၁၄ ပါး၊ နိကာယ်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ် ၂၄ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူကိုးဦးတို့ကို ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို (၁၃၇၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်) ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ ကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ပေးပို့ဆက်ကပ်ပင့်ဆောင်ပြီးဖြစ်ရာ ပင့်စာများကိုအချိန်မီမရရှိပါက ကြွရောက်တော်မူကြပါရန်နှင့် ၁၄-၂-၂၀၁၄ ရက် ရုံးချိန်အတွင်း သာသနာရေးဦးစီးဌာန ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့ရှိ စာမေးပွဲဌာနခွဲသို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ရိုမေးနီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်ပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၂၃

ရိုမေးနီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင့်ဆွေသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ဘူခါရက်စ်မြို့၌ ရိုမေးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရာယန် ဘာဆက်စ်ကူထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Vijay Nambiar အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းတို့ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

▲ *ရှေ့ဖုံးမှ*

၁၂	မွန်ပြည်နယ်		၉၄၀၀	၆၀၀	၂၀၀၀	၁၂၀၀၀
၁၃	ရခိုင်ပြည်နယ်	၂၀၀၀၀	၄၆၀၀	၄၀၀	၁၇၀၀	၂၆၇၀၀
၁၄	ရန်ကုန်တိုင်းဒေသကြီး	၅၀၀၀၀	၇၅၀၀	၁၅၅၀၀	၁၅၀၀၀	၈၈၀၀၀
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)		၄၉၀၀	၁၁၀၀	၁၀၀၀	၇၀၀၀
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)		၃၇၀၀	၈၀၀	၅၀၀	၅၀၀၀
၁၇	ရှမ်းပြည်နယ်(တောင်ပိုင်း)	၄၀၀၀	၃၆၀၀	၄၀၀	၁၆၀၀	၉၆၀၀
၁၈	ဧရာဝတီတိုင်းဒေသကြီး	၈၀၀၀	၁၀၃၀၀	၇၀၀	၄၆၀၀	၂၃၆၀၀
စုစုပေါင်း		**၁၅၀၀၀၀**	**၁၀၈၁၀၀**	**၄၁၉၀၀**	**၅၀၀၀၀**	**၃၅၀၀၀၀**

၄။ ပြည်သူများ သက်သာသောနှုန်းထားဖြင့် အမှန်တကယ်အသုံးပြုနိုင်ရန်ရည်ရွယ်၍ ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည့်အတွက် ဖုန်းကတ်ဝယ်ယူထားသည့်ရက်မှစ၍ ၁၅ ရက်အတွင်း တယ်လီဖုန်း SIM Card တွင် မူလထည့်သွင်းပေးထားသည့် တယ်လီဖုန်းခေါ်ဆိုခ ကျပ် ၃၀၀ မကုန်မီ တယ်လီဖုန်းသုံးစွဲသူသည် အနည်းဆုံး ကျပ် ၅၀၀၀ တန် ကြိုတင်ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်သုံးစွဲရပါမည်။ SIM Card ကို အခြားသူတစ်ဦးဦးသို့ လက်ဆင့်ကမ်းရောင်းချခြင်းမှကာကွယ်နိုင်ရန်အတွက် ၁၅ ရက်အတွင်း အသုံးပြုခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ပါသည်။

၅။ ဤတန်ဖိုးနည်းမိုဘိုင်းဖုန်းများသည် လစဉ်ကြိုတင်ငွေဖြည့်ကတ်ဖြင့် ပြောဆိုခ ကျပ် ၂၅၀၀ကို အနည်းဆုံး သုံးစွဲရမည်ဖြစ်ပါသည်။ နှစ်လပြည့်သော်လည်း ကြိုတင်ငွေဖြည့်ကတ်မှ ကျပ် ၅၀၀၀ ကို အပြည့်မသုံးစွဲပါက ကျပ် ၅၀၀၀ ပြည့်သည်အထိ အလိုအလျောက် ဖြတ်တောက်သွားပါမည်။ ဖြည့်သွင်းထားသောငွေကုန်ဆုံးပြီးနောက် ၁၅ ရက်အတွင်း ငွေထပ်မံ၍ ဖြည့်သွင်းခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်သတင်းယူမည့်သတင်းထောက်များ သတင်းထောက်ကတ်လျှောက်ထားနိုင်

နေပြည်တော် ဇန်နဝါရီ ၂၂

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MICC)တွင် ကျင်းပသွားမည်ဖြစ်သည်။

လျှောက်ထားနိုင်

အဆိုပါ ဒုတိယအကြိမ်မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပရာတွင် သတင်းရယူကြမည့် ပြည်တွင်းသတင်းထောက်များအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲမှ ညွှန်ကြားရေးမှူးဦးအောင်ကျော်ဦး ဖုန်း ၀၁-၅၄၄၅၈၂ နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်း ဖုန်း ၀၁-၅၄၄၅၈၃ တို့သို့ ဆက်သွယ်၍လည်းကောင်း၊ ပြည်ပသတင်းထောက်များနှင့် နိုင်ငံခြား သတင်းထောက်များအသင်း (Foreign Correspondents' Club) အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဦးလှိုင်ဝင်း(စာတည်းမှူး) ၀၆၇-၄၁၂၁၃၈ ၊ဦးဇော်နိုင်ဦး (စာတည်းမှူး) ၀၉-၄၉၀၃၂၉၉၇၊ ၀၁-၂၀၁၅၉၂ သိမ်ဖြူလမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်) ရန်ကုန်သို့လည်းကောင်း ဆက်သွယ်၍ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် နောက်ဆုံးထား အမည်စာရင်းပို့ကြရမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီမှ စတင်၍ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် သတင်းထောက်ကတ်များ ထုတ်ပေးမည်ဖြစ်သည်။ သတင်းဌာန(ဂျာနယ်) တစ်ခုလျှင် သတင်းထောက်တစ်ဦးနှင့် ဓာတ်ပုံသမားတစ်ဦး စုစုပေါင်းနှစ်ဦး လျှောက်ထားနိုင်သည်။

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် သတင်းရယူမည့် ပြည်တွင်းနှင့် နိုင်ငံခြားသတင်းထောက်များအနေဖြင့် သတင်းထောက်ကတ်လျှောက်ထားရာတွင် မိမိတို့၏ သတင်းဌာန(ဂျာနယ်)အမည်၊ သတင်းထောက်အမည်၊ ရာထူးနှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ဖြင့် ပြည့်စုံစွာ တင်ပြလျှောက်ထားရမည်ဖြစ်သည်။

အဆိုပါ ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် သတင်းထောက်ကတ်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းဌာန ဖုန်း ၀၆၇-၄၁၂၁၂၅၊ ၀၆၇-၄၁၂၁၃၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

◆ *ကျောဖုံးမှ*

ငါးစီး၊ ကုမ္ပဏီဧည့်လမ်းညွှန်ကား သုံးစီးဖြင့် ရန်ကုန်၊ ပဲခူး၊ တောင်ငူ၊ နေပြည်တော်၊ ကလော၊ အင်းလေး၊ ပင်းတယ၊ မန္တလေး၊ မေမြို့၊ မုံရွာ၊ ပုဂံ၊ မကွေး၊ ပြည်မြို့များကို လှည့်လည်လေ့လာမည်ဖြစ်သည်။

"နိုင်ငံခြားသားများစီးသည့် ကားတွေကိုလည်း သဘော်ဖြင့် ကြိုတင်ပို့ဆောင်ခဲ့ပြီး လူတွေကတော့ သက်ဆိုင်ရာနိုင်ငံ အသီးသီးကနေ အဆင်ပြေသလို လေယာဉ်နဲ့လာခဲ့ကြတယ်၊ လမ်းမှာကားတွေပျက်လို့ အဆင်မပြေမှုလေးတွေတော့ ရှိခဲ့ပါတယ်" ဟု ဧည့်လမ်းညွှန်တစ်ဦးက ဆိုသည်။ ဩစတြေးလျနိုင်ငံသူ Denise Besly က "ကျွန်မတို့အားလုံး အငြိမ်းစားကုမ္ပဏီဝန်ထမ်းများဖြစ်ပါတယ်။ အသက်ကတော့ ၇၂ နှစ်ရှိပြီး မြန်မာနိုင်ငံကိုလာလည်ရတာ အလွန်ပျော်ရွှင်စရာကောင်းပါတယ်၊ မြန်မာလူမျိုးတွေရဲ့အပြုံးနဲ့ တုံ့ပြန်မှုတွေကိုလည်း ခံစားရပါတယ်" ဟု ပြောပြခဲ့သည်။ အဆိုပါ The Road to Mandalay 2014 ဟု အမည်ပေးထားသည့် ခေတ်ဟောင်းကားများဖြင့် နိုင်ငံခြားဧည့်သည်များသည် တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ်မှ ဇန်နဝါရီ ၂၂ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်သို့ ထွက်ခွာသွားသည်။

နိုင်ငံတကာသတင်း

ပါကစ္စတန် အနောက်မြောက်ပိုင်း ရဲကားတိုက်ခိုက်ခံရ လူခုနစ်ဦးသေဆုံး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၂

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် ရဲကားတစ်စီးအနီး ဗုံးပေါက်ကွဲမှုကြောင့် ရဲခြောက်ဦးနှင့်ကျောင်းသားတစ်ဦးအပါအဝင် ခုနစ်ဦးသေဆုံးခဲ့ပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ဇန်နဝါရီ ၂၂ ရက်တွင် ဒေသမီဒီယာက သတင်းထုတ်ပြန်ခဲ့သည်။

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ပြည်နယ်တစ်ခု၏ ဆက်ဟာရီဈေးဒေသတွင် ပိုလီယိုတိုက်ဖျက်ရေးအဖွဲ့ကို စောင့်ကြပ်လိုက်ပါလာသောရဲကား တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

၄င်းတိုက်ဖျက်ရေးအဖွဲ့သွားရာလမ်းပေါ်တွင် လမ်းပိတ်ဆို့ထားပြီး ကိုယ်ပိုင် စာသင်ကျောင်းတစ်ခုနားအရောက် ချိန်ကိုက်ဗုံးဖြင့်တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ပြီး ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။ အဆိုပါတိုက်ခိုက်မှုကို မည်သည့်စစ်သွေးကြွအဖွဲ့က လုပ်ဆောင်သွားကြောင်း အတည်ပြုပြောကြားနိုင်ခြင်းမရှိသေးပေ။ အခင်းဖြစ်နေရာ၌ အစောင့်အကြပ်များချထားပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်နေဆဲဖြစ်သည်။ **(ဆင်ဟွာ)**

ဆီးရီးယားငြိမ်းချမ်းရေးကွန်ဖရင့် ဆွစ်ဇာလန်၌ကျင်းပ အတိုက်အခံနှင့်အစိုးရ ပထမဆုံးအကြိမ်တွေ့ဆုံ

ဂျီနီဗာ ဇန်နဝါရီ ၂၂

လူပေါင်း ၁၀၀၀၀၀ကျော် သေဆုံးခဲ့ပြီး သုံးနှစ်ကြာပဋိပက္ခဖြစ်ပွားနေသည့် ဆီးရီးယားနိုင်ငံအကျပ်အတည်းကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ဆွစ်ဇာလန်နိုင်ငံ၌ အဓိက ကွန်ဖရင့် ကျင်းပသွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆီးရီးယားအစိုးရနှင့် အဓိကအတိုက်အခံတို့သည် နိုင်ငံတကာမဟာမိတ်များနှင့်အတူ ဂျီနီဗာ -၂ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးကို ဗုဒ္ဓဟူးနေ့မှစတင်ကာ နောက်ထပ်နှစ်ရက်ကြာသည့်တိုင်အောင် မွန်ထရီရယ်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။ ဆီးရီးယားပဋိပက္ခ စတင်ဖြစ်ပွားပြီးကတည်းက ယင်းထိပ်သီးအစည်းအဝေးသည် ဆီးရီးယားအစိုးရနှင့် အတိုက်အခံတို့အကြား ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင် တွေ့ဆုံခြင်းဖြစ်သည်။

ပထမနေ့တွင် တက်ရောက်လာသူ အချို့က မိန့်ခွန်းပြောကြားကြမည်ဖြစ်သည်။ ကိုယ်စားလှယ်များ အဆိုပါမြို့သို့ရောက်ရှိလာသကဲ့သို့ အဓိကအတိုက်အခံနှင့် ဆီးရီးယားအစိုးရတို့သည် မစ္စတာအာဆတ်၏အနာဂတ်နှင့်ပတ်သက်၍ အစီအစဉ်များ အလျင်အမြန်ထုတ်ပြန်သွားမည်ဖြစ်သည်။

မိမိတို့အနေဖြင့် မစ္စတာအာဆတ်ကိုဖယ်ရှားပြီး အစိုးရကိုပြောင်းလဲခြင်းမရှိဘဲနှင့် အဆိုပါအစည်းအဝေးကို လက်ခံလိမ့်မည်မဟုတ်ကြောင်း ဆွစ်ဇာလန်ရောက်အတိုက်အခံ အမျိုးသားညွန့်ပေါင်း အတွင်းရေးမှူးချုပ် ဘာဒါဂျာမို့စ်က ပြောသည်။ **(ဘီဘီစီ)**

ထိုင်း၌ ရက် ၆၀ အရေးပေါ်အခြေအနေစတင်ချိန် အစိုးရလိုလားသူ ရှပ်နီခေါင်းဆောင် သေနတ်ဖြင့် ပစ်ခတ်ခံရ

ဗန်ကောက် ဇန်နဝါရီ ၂၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် အနီးဝန်းကျင်ပြည်နယ်များ ရက် ၆၀ အရေးပေါ်အခြေအနေအုပ်ချုပ်ရေး စတင်လိုက်ချိန် အစိုးရလိုလားသောရှပ်နီခေါင်းဆောင်တစ်ဦး သေနတ်ဖြင့်ပစ်ခတ်ခံရကြောင်း ဇန်နဝါရီ ၂၂ ရက် သတင်းတွင်ဖော်ပြသည်။

၂၀၁၀ ပြည့်နှစ်က ဗန်ကောက်အဓိကဆန္ဒပြမှုကြီးတွင် ပါဝင်ခဲ့သောပြည်တွင်းသတင်းကြေညာသူ ကွန်ချိုင်းပရိုင်ပါနားဆိုသူသည် အူဒွန်းတာနီရှိ ၎င်း၏နေအိမ်၌ သေနတ်ဖြင့်ပစ်ခတ်ခံရပြီး ဒဏ်ရာရရှိသွားသည်ဟုဆိုသည်။

အစိုးရဆန့်ကျင်ဆန္ဒပြသူများက မြို့တော်ဗန်ကောက်၌ ဝန်ကြီးချုပ်နုတ်ထွက်ပေးရန်ဆက်လက်ဆန္ဒပြနေစဉ် အဆိုပါသေနတ်ပစ်ခတ်မှုထွက်ပေါ်လာခြင်းဖြစ်သည်။ အင်္ဂါနေ့ညပိုင်းက ပြဋ္ဌာန်းလိုက်သောအဆိုပါအရေးပေါ်အခြေအနေသည် ဗန်ကောက်နှင့်အနီးဝန်းကျင်တွင် ပြည်နယ်သုံးခုကို အကျိုးသက်ရောက်မှုရှိစေလိမ့်မည်ဟုဆိုသည်။

အဆိုပါ ရှပ်နီခေါင်းဆောင်သည် လက်ရှိအစိုးရနှင့် မစ္စတာသက်ဆင်ကို ထောက်ခံသူဖြစ်သည်။

၎င်းသည် ဗုဒ္ဓဟူးနေ့က နေအိမ်အပြင်ဘက်၌ရပ်နေစဉ် အမည်မသိသူတစ်ဦးက ပစ်ကပ်ကားပေါ်မှ သေနတ်ဖြင့်ပစ်ခတ်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ယင်းပစ်ခတ်မှုကြောင့် ပေါင်နှင့်ပခုံးတို့တွင် ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။ **(ရိုက်တာ)**

ရှားပါးစိန်ပြာပွင့် တောင်အာဖရိကမိုင်းတွင်းမှ တူးဖော်ရရှိ

ဆစ်ဒနီ ဇန်နဝါရီ ၂၂

တောင်အာဖရိကရှိ မိုင်းတွင်းတစ်ခုမှ ရှားရှားပါးပါး စိန်ပြာတစ်ပွင့်တွေ့ရှိခဲ့ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်တွင် ရေးသားထားသည်။

၎င်းရှားပါးစိန်သည် ပရီတိုးရီးယား အရှေ့မြောက်ဘက် ၂၅ မိုင်အကွာရှိ ကူလီနန်မိုင်းတွင်းမှ တူးဖော်ရရှိခဲ့ခြင်းဖြစ်ပြီး အလေးချိန် ၂၉ ဒသမ ၆ ကရက်ရှိသည်ဟု သိရသည်။

Petra ကုမ္ပဏီမှ တူးဖော်တွေ့ရှိခဲ့သော စိန်ပြာပွင့်သည် ကုမ္ပဏီမှ တူးဖော်တွေ့ရှိသမျှ စိန်အားလုံးတွင် တန်ဖိုးအများဆုံးထဲမှ တစ်ပွင့်ဖြစ်သည်။ ၎င်းစိန်ပွင့်ကို ဈေးနှုန်းမြင့်ဖြင့် ရောင်းချရဖွယ်ရှိသည်ဟု မျှော်လင့်ထားသည်။

၂၀၀၉ ခုနှစ် မေလကလည်း Petra ကုမ္ပဏီမှပင် အလားတူ ၂၆ ဒသမ ၆ ကရက်ရှိ စိန်ပြာတစ်ပွင့်ရရှိခဲ့ဖူးပြီး ဆော့သ်ဘီလေလံဈေးတွင် ဒေါ်လာ ၁၀ သန်းနီးနီးဖြင့် ရောင်းချခဲ့ရသည်။

ကူလီနန်မိုင်းတွင်းသည် စိန်ပြာပွင့်များ အများအပြားထွက်ရှိဖူးပြီး ၂၀၁၂ ခုနှစ်က ကမ္ဘာ့စံချိန်တင် တန်ဖိုးမြင့်မားစွာဖြင့် ဒေါ်လာ ၁၀ ဒသမ ၈ သန်းတန် စိန်ပြာတစ်ပွင့် ထွက်ရှိခဲ့ဖူးသည်။ **(ဘီဘီစီ)**

အမေရိကန်၌ ဒုတိယမြောက်နှင်းမုန်တိုင်း တစ်ကျော့ပြန်ရောက်ရှိ

ဝါရှင်တန် ဇန်နဝါရီ ၂၂

အမေရိကန်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်း၌ ယခုနှစ်၏ ဒုတိယအပြင်းဆုံးဆောင်းမုန်တိုင်း ရိုက်ခတ်ခံရလျက်ရှိပြီး ဆီးနှင်းထုမှာ မြေပြင်အထက် ၁၂ လက်မထုထိ ဖုံးလွှမ်းနေလျက်ရှိသည်ဟု သိရသည်။ လေတိုက်ခတ်မှုကြောင့် အအေးဒဏ်ပိုမိုလျက်ရှိကြောင်းလည်း သတင်းတွင်ဖော်ပြထားသည်။

ဝါရှင်တန်ဒီစီရှိ အစိုးရရုံးများနှင့် ပြည်နယ်တော်တော်များများရှိ ကျောင်းများလည်း ပိတ်ထားရသည်။ လေကြောင်းလိုင်း ၃၀၀၀ ထက်မနည်း ခရီးစဉ်ဖျက်သိမ်းလိုက်ရသည်။ အမေရိကန် အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက် ဆီးနှင်းကျဆင်းမှု အားကောင်းလျက်ရှိသဖြင့် အာဏာပိုင်များက လမ်းမများပေါ်၌ သွားလာမှုအတွက်အန္တရာယ်ရှိသည့် အခြေအနေအဖြစ် သတိပေးထားသည်။

ရာသီဥတုမှာ ပျမ်းမျှအောက် ၁၀ မှ ၂၅ ဒီဂရီထိ ပိုအေးဖွယ်ရှိမည်ဟု ခန့်မှန်းရပြီး အချို့ဒေသများတွင် အနုတ် ၁၈ ဒီဂရီ ဆဲလ်စီးရပ်အထိ ရောက်ရှိလျက်ရှိသည်။ ပြင်းပြသော အအေးဒဏ်ခံစားနေရချိန် လေတိုက်ခတ်မှုအကူအညီဖြင့် ပိုအေးလာပြီး အနုတ် ၂၆ ဒီဂရီ အအေးဒဏ်ကို ခံစားနေကြရသည်ဟုလည်း သတင်းတွင်ဖော်ပြထားသည်။ ယခု မုန်တိုင်းကာလအတွင်း ယမန်နေ့က လမ်းမပေါ်ရှိ ဆီးနှင်းများကြောင့် ကားတစ်စီးလမ်းချော်ကာ လူတစ်ဦးသေဆုံးခဲ့ရပြီးဖြစ်သည်။ **(ဘီဘီစီ)**

ဂျာမနီနိုင်ငံ၌ အီးမေးလ်လိပ်စာများအခိုးခံရ

မြူးနစ် ဇန်နဝါရီ ၂၂

ဂျာမနီနိုင်ငံတွင် အီးမေးလ်အသုံးပြုသူ ၁၆ သန်း၏ Password နှင့် အခြားအချက်အလက်များခိုးယူခံရကြောင်း ဂျာမနီနိုင်ငံအမျိုးသားလုံခြုံရေး အေဂျင်စီက ထုတ်ဖော်ပြောကြားသည်။

အဆိုပါ ရာဇဝတ်မှုများကြောင့် အီးမေးလ်လိပ်စာနှင့် Password အသုံးပြုသော ကွန်ပျူတာများ ထိခိုက်မှုရှိကြောင်း ဖက်ဒရယ်လုံခြုံရေးရုံးက ပြောသည်။ သို့ရာတွင် အဆိုပါလုံခြုံရေးအေဂျင်စီက ဝက်ဘ်ဆိုက်များတွင် Password များ မည်သို့မည်ပုံခိုးယူခဲ့ပုံကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ၎င်းအေဂျင်စီက အခိုးခံရသော Password များစစ်ဆေးနိုင်ရန် ဝက်ဘ်ဆိုက်လွှင့်၍ ပြည်သူများကို စစ်ဆေးနိုင်ရန်ထုတ်ပြန်ထားသည်။

ယင်းကဲ့သို့ အွန်လိုင်းရာဇဝတ်မှုများကြောင့် ပရိုဂရမ်နှင့်ကွန်ပျူတာသန်းပေါင်းများစွာတို့ ထိခိုက်ပျက်စီးစေနိုင်ကြောင်း ၎င်းအေဂျင်စီက သတိပေးထားသည်။

ယင်းခိုးယူမှုသည် ဂျာမနီနိုင်ငံရှိ အီးမေးလ်လိပ်စာများကို ပစ်မှတ်ထားခြင်းဖြစ်သည်ဟုဆိုသည်။ **(ဘီဘီစီ)**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့တွင်
အသေးစားနှင့်အလတ်စားစက်မှုဇုန်မြေကွက်များ
ဝယ်ယူနိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်တွင် အသေးစားနှင်အလတ်စား စက်မှုဇုန်အား ဖော်ထုတ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည့်စုံလုံလောက်သော လျှပ်စစ်မီး၊ကွန်ကရစ်လမ်းနှင့် ဆက်သွယ်ရေးကွန်ရက်စနစ်များ ပြည့်စုံစွာပါရှိမည်ဖြစ်ပါသည်။ အသေးစားနှင့်အလတ်စားစက်မှုဇုန်မြေကွက်များအား စိတ်ပါဝင်စားသောကုမ္ပဏီများ၊ နိုင်ငံသားလုပ်ငန်းရှင်များ မည်သူမဆို လွတ်လပ်စွာ လျှောက်ထားဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

အသေးစားနှင့်အလတ်စားစက်မှုဇုန်
မြေနေရာချထားမှုကော်မတီ
နေပြည်တော်
ဆက်သွယ်ရန်ဖုန်း-၀၆၇-၅၅၀၁၃၇၊
၀၆၇-၄၃၂၁၁၄၊ ၀၆၇-၄၁၄၂၆၃

မြန်မာ့သစ်လုပ်ငန်း
ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်း/စက်ဌာနမှ ကျွန်းသစ်လုံး/သစ်မာသစ်လုံးနှင့် သစ်မာခွဲသားများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၇-၂-၂၀၁၄ရက်၊ ၁၃း၀၀နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး (၄၄၉)တန်
ကညင်သစ်လုံး(၁၅၁၅)တန်
စကားဝါခွဲသား (၃၇)တန်
တမလန်း(ဓားရှည်) (၁၉)တန်
(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)နှင့် website ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျာမနီနိုင်ငံ ဘာဒန်ဝူးတမ်းဘာ့ခ်ပြည်နယ် ဒုတိယပြည်နယ်ဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျာမနီနိုင်ငံ ဘာဒန် ဝူးတမ်းဘာ့ခ် ပြည်နယ်၏ ဒုတိယပြည်နယ်ဝန်ကြီးချုပ်၊ ဘဏ္ဍာရေးနှင့်စီးပွားရေးဝန်ကြီး မစ္စတာ နီးလ်စ်ရှမစ်ဒ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ ကော်မတီအဖွဲ့ဝင်ဒေါက်တာဝင်းမြင့်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ထွန်း၊ ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

✳ ကျောဖုံးမှ

အဆိုပါအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးဖြစ်သူ မတ်ဒါဗီ(စ်)က မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများစွာ လုပ်ဆောင်နေကြောင်း၊ သိသာသော ပြုပြင်ပြောင်းလဲမှုများမှာ ယမန်နှစ်က ငွေကြေးလဲလှယ်မှုဆိုင်ရာ ကန့်သတ်ချက်များဖယ်ရှားခြင်း၊ ကျပ်ငွေအတွက် မူသေမဟုတ်သော လဲလှယ်နှုန်းတစ်ရပ် သတ်မှတ်ပေးခြင်း၊ ကိုယ်ပိုင်စီမံခွင့်ရှိသော ဗဟိုဘဏ်တစ်ခုတည်ထောင်ခြင်းနှင့် ကျန်းမာရေးနှင့် ပညာရေးအသုံးစရိတ်များ တိုးမြှင့်ပေးခြင်းများ ပါဝင်ကြောင်း၊ ဖော်ပြပါ လုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံ၏စီးပွားရေး ပြုပြင်ပြောင်းလဲမှုအပေါ် များစွာ အကျိုးသက်ရောက်စေမည် ဖြစ်ကြောင်း ဖွင့်ဟပြောကြားသည်။

အကူအညီပေး

ထို့ပြင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က မြန်မာအစိုးရသည် နိုင်ငံတွင်း စီးပွားရေး ပြန်လည် ဦးမော့လာရေးအတွက် ကြိုးပမ်းရာတွင် ယမန်နှစ်ကစပြီး ဘဏ္ဍာရေးဆိုင်ရာ ရည်မှန်းချက်အများစုကို အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင် မိမိ၏လိုငွေအား ဂျီဒီပီ၏ငါးရာခိုင်နှုန်းအောက် ထားရှိရေးလုပ်ဆောင်ချက်မှာ သင့်မြတ်ပါကြောင်း၊ မြန်မာနိုင်ငံသည် မိမိ၏ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အချိန်များစွာ ယူရန်လိုအပ်နေသေးကြောင်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် မူဝါဒအကြံဉာဏ်၊ နည်းပညာအကူအညီနှင့် စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများ အရည်အသွေးမြှင့်တင်မှုများအတွက် ဆက်လက်အကူအညီပေးရန် အရန်သင့်အနေအထား၌ ရှိနေပါကြောင်း ထုတ်ဖော်ပြောကြားသည်။

MNA/AFP/ CNA

အမျိုးသားလွှတ်တော်စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate) ကို **“ဗန်ကောက်မြေအောက်ရထား”** စာတမ်းခေါင်းစဉ်ဖြင့် ကျင်းပရာ အမျိုးသားလွှတ်တော်၊ မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ ဥက္ကဋ္ဌ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်စကားပြောကြားကာ စာတမ်းရှင် ဦးကိုကိုမောင်က အပြန်အလှန်ဆွေးနွေးပွဲနှင့် ပတ်သက်သည့် အကြောင်းအရာကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထဲမှ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့်တို့က **“ဗန်ကောက်မြေအောက် ရထားလမ်း”** အကြောင်းအရာနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ လွှတ်တော်ကိုယ်စားလှယ်၏ဆွေးနွေးမှုအပေါ် စာတမ်းရှင် ဦးကိုကိုမောင်က ပြန်လည်ရှင်းလင်းဖြေကြားပြီး သဘာပတိ ဗိုလ်မှူးချုပ်ကျော်ဦးလွင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အင်းစိန်လမ်းမကြီး သုခလှိုင်တိုက် အခန်း(၅၂)၊ အမှတ် (၁၂၀) တွင် ပါတီရုံးချုပ်တည်ရှိသော ချင်းအမျိုးသားပါတီ (Chin National Party)သည် ၎င်းတို့၏ပါတီအမည်အား **ချင်းအမျိုးသား ဒီမိုကရက်တစ်ပါတီ**(Chin National Democratic Party) ဟု အမည်ပြောင်းလဲခွင့်ပြုပါရန် ၁၆-၁-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလျှောက်ထားလာပါသည်။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **ချင်းအမျိုးသား ဒီမိုကရက်တစ်ပါတီ** (Chin National Democratic Party) ဟူသည့် အမည်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အငယ်တန်းသတင်းထောက်နှင့် စာပေလက်ထောက်(၂) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲဖြေဆိုမည့်သူများသတင်းပို့ရန် အကြောင်းကြားခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ် (နိုင်ငံခြား)တို့တွင် တာဝန်ထမ်းဆောင်ရန် အငယ်တန်းသတင်းထောက်(လစာနှုန်း ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး (၁၀)နေရာနှင့် စာပေလက်ထောက် (၂) (လစာနှုန်း ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး (၆) နေရာတို့အတွက် စာမေးပွဲဖြေဆိုရန် အကြောင်းကြားပြီးဖြစ်ပါသည်။

စာမေးပွဲဖြေဆိုခွင့်ရသူများသည် ၂၅-၁-၂၀၁၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက(၁၄) နေပြည်တော်နှင့် ရန်ကုန်မြို့ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)တို့၌ သတင်းစာပညာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာပညာရပ်များကို စာမေးပွဲဖြေဆိုရမည်ဖြစ်ပါသည်။ ထို့ကြောင့် စာမေးပွဲဖြေဆိုရန် လျှောက်ထားခဲ့ကြသူများသည် ၂၄-၁-၂၀၁၄ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဖြေဆိုခွင့်ရရှိမှုနှင့် ဖြေဆိုခွင့်ကတ်ပြားရရှိရေးအတွက် နေပြည်တော် ရုံးအမှတ်(၇) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စီမံရေးရာဌာန ဖုန်း-၀၆၇-၄၁၂၃၂၃၊ သတင်းဌာန ဖုန်း-၀၆၇-၄၁၂၃၂၅ နှင့် ရန်ကုန်မြို့ ကမ်းနားလမ်း The New Light of Myanmar၊ မြန်မာ့သတင်းစဉ်(ပြည်တွင်း) ၀၁-၂၉၄၇၀၀ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းသတင်းပေးပို့ကြရန် အကြောင်းကြားပါသည်။

❖ ကျောဖုံးမှ

“လိုင်းတွေ ပိုမိုကောင်းမွန်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနေပါတယ်။ ယခုလကုန်ကို အပြီးသတ်ဆောင်ရွက်နိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့အနေနဲ့ တတ်နိုင်သလောက် သတင်းစာတွေကနေ လိုင်းပြတ်တောက်နိုင်တဲ့ အခြေအနေနဲ့ အချိန်တွေကို ထုတ်ပြန်ပေးနေပါတယ်။ စတင်ဆောင်ရွက်ဆဲကာလဆိုတော့ အခက်အခဲတွေရှိနေပါသေးတယ်။ လိုင်းတွေပြတ်တောက်တာမျိုး၊ ဆက်သွယ်မှုကွန်ရက်ကနေ အကြာကြီးပျောက်နေတာမျိုးနဲ့ ဖုန်းပြောနေစဉ် လိုင်းကျတာမျိုးတွေအပြင် အင်တာနက်လိုင်းတွေပါ မရတာဖြစ်တဲ့အတွက် Call Center ကနေ အတတ်နိုင်ဆုံးဖြေရှင်းကူညီပေးဖို့ ဆောင်ရွက်နေပါတယ်” ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်စေရန်အတွက် လိုင်းသစ်များ တိုးချဲ့တပ်ဆင်ခြင်းကို ဇန်နဝါရီလအတွင်း အပြီးသတ်နိုင်မည်ဟု မျှော်မှန်းထားသော်လည်း ယခုလကုန်ပိုင်းအတွင်း ဖုန်းလိုင်းပြတ်ခြင်းများ ပိုမိုဖြစ်ပွားလျက်ရှိခြင်းကြောင့် ဒေသအလိုက် Vendor တစ်ခုစီခွဲထုတ်ကာ GSM နှင့် WCDMA တို့၏ Network များအတွက် ပြုပြင်ပြောင်းလဲတပ်ဆင်နေရခြင်း ဖြစ်သည်ဟုလည်း သိရသည်။ “ကျွန်တော်တို့ရဲ့ Call Center ကနေ ကူညီပေးနေတာရှိပါတယ်။ တကယ်လို့ ဖုန်းအသုံးပြုတဲ့နေရာမှာ လိုင်းမမိတာမျိုး မကြာခဏဖြစ်နေမယ်ဆိုရင် သို့မဟုတ် ဖုန်းပြောရင်း ဖုန်းလိုင်းပြတ်သွားတာ အမြဲတမ်းနီးနီးဖြစ်လာတယ်ဆိုရင် Call Center နံပါတ် ၁၈၇၆ ကနေ မြန်မာ့ဆက်သွယ်ရေးကို လှမ်းပြီးအကြောင်းကြားနိုင်ပါတယ်။ ကျွန်တော်တို့ကို ဖုန်းလိုင်းတွေ အဆင်မပြေဖြစ်နေတဲ့နေရာတွေကို ပြောပြထားမယ်ဆိုရင် အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ဖို့ ညွှန်ကြားပေးနိုင်ပါတယ်။ နေရာအတိအကျနဲ့ ဖြစ်ပွားမှုအများဆုံးအချိန်တွေကို သိရှိမယ်ဆိုရင် အမြန်ဆုံးပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်” ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တာဝန်ရှိသူများက ပြောကြားသည်။

ရန်ကုန်မြို့တွင်း၌ပင် လက်ကိုင်ဖုန်းများတစ်လုံးနှင့်တစ်လုံး ဆက်သွယ်ပါက မိနစ်အနည်းငယ်ကြာသည်နှင့် တစ်ဖက်မှ စကားပြောသံကို မကြားရတော့ဘဲ လိုင်းပြတ်တောက်ခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး နေပြည်တော်နှင့် မန္တလေးတို့တွင်လည်း အလားတူ ဖြစ်ရပ်များကြောင့် မိုဘိုင်းဖုန်း အသုံးပြုသူများအခက်တွေ့လျက်ရှိသည်။

“ဖုန်းက လိုင်းပြတ်သွားတာမျိုး မဟုတ်ဘဲ ဖုန်းလိုင်းဝင်နေပြီး အသံမကြားရတာတွေ ပိုဖြစ်လာတယ်။ အင်တာနက်သုံးရင်လည်း လိုင်းကပြနေပြီး အမှန်တကယ်အသုံးပြုလို့ မရတဲ့အတွက် လက်ကိုင်ဖုန်းတွေ အဆင်မပြေဖြစ်ရတယ်။ လက်ကိုင်ဖုန်းတွေများလာပြီး အသုံးပြုတဲ့စနစ်တွေက မနိုင်တာကြောင့် ဖြစ်နိုင်ပါတယ်။ တစ်ခါတစ်ရံမှာလည်း တစ်ဖက်လူက ဖုန်းခေါ်နေတာ မကိုင်ဘူးထင်တယ်။ တစ်ဖက်ဖုန်းမှာက လုံးဝဖုန်းမဝင်လာတာတွေကို ကြုံရတယ်”ဟု မိုဘိုင်းဖုန်းအသုံးပြုသူတစ်ဦးက ဆိုသည်။

GSM နှင့် WCDMA လိုင်းများအားလုံး ပိုမိုကောင်းမွန်စေပြီး Network Quality Improvement ဖြစ်စေရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မြို့ကြီးများ၌ စတင်တပ်ဆင်ဆောင်ရွက်လျက်ရှိခြင်းဖြစ်ပြီး Optimization လုပ်ငန်းဖြစ်သည့် စက်ချိန်ညှိခြင်း၊ တိုင်းတာစမ်းသပ်တပ်ဆင်ခြင်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လက်ကိုင်ဖုန်းအသုံးပြုမှုတွင် အခက်အခဲအချို့ ရှိနေဦးမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ခင်ရတနာ
ဓာတ်ပုံ-စိန်လွင်အောင်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

တရင်းစစ်၊ တရင်းကောက်ဆိုသည်မှာ

ဒေါ်စန္ဒာမြင့်
(ဒုတိယညွှန်ကြားရေးမှူး)

ယမန်နေ့မှအဆက်

လုပ်ငန်း၏တိုးတက်မှု၊ အားနည်းမှုအခြေအနေအရပ်ရပ်ကို သန်းခေါင်စာရင်းကော်မတီဝင်များထံသို့ အစီရင်ခံတင်ပြရန်မှာ စာရင်းစစ်၏ တာဝန်ဝတ္တရားတစ်ခုဖြစ်ပါသည်။ စာရင်းစစ်၏ အဓိကတာဝန်ဝတ္တရားများကို ကွင်းဆင်းဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ကွင်းဆင်းကာလ၌ ကြီးကြပ်ကွပ်ကဲခြင်း၊ အရည်အသွေးကောင်းမွန်သော အချက်အလက်များရရှိရေးကို ကြိုးပမ်းခြင်းနှင့် ကောက်ယူပြီးပုံစံများနှင့် လုပ်ငန်းသုံးပုံစံများ ပြန်လည်အပ်နှံခြင်းဟူ၍ ကဏ္ဍများခွဲခြားထားပါသည်။

၇။ စာရင်းစစ်တစ်ဦး၏ ကွင်းဆင်းဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တာဝန်ကျရာဒေသရှိ ကွင်းဆင်းကောက်ယူမည့် စာရင်းကောက်ကွက်တွင် ပါဝင်သောအိမ်ထောင်စုစာရင်းများ၊ အဆောက်အအုံစာရင်းပုံစံများ၊ မြေပုံများကို ဒေသဆိုင်ရာတာဝန်ခံတစ်ဦးဖြစ်သည့် မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူးထံမှ လက်ခံရယူ၍ တွေ့ကြုံနိုင်မည့် အခက်အခဲများကို ကြိုတင်ဆွေးနွေးညှိနှိုင်းခြင်း။

(ခ) ကွင်းဆင်းစာရင်းကောက်ယူရမည့် စာရင်းကောက်ကွက်အတွင်း အိမ်ထောင်စုအကြီးအကဲများနှင့် တွေ့ဆုံနိုင်ရန် အစီအစဉ်များ၊ ဆော်ဩမှုများပြုလုပ်ပေးခြင်း။

(ဂ) သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံများနှင့်ဆက်သွယ်၍ သန်းခေါင်စာရင်းနှင့်ပတ်သက်ပြီး တင်ပြဆွေးနွေးကာ ၎င်းတို့၏ ဝိုင်းဝန်းပံ့ပိုးကူညီမှုကိုရယူခြင်း။

(ဃ) ကွင်းဆင်းစာရင်းကောက်စဉ် လိုအပ်မည့်မေးခွန်းပုံစံ၊ စာရွက်စာတမ်းနှင့် စာရေးကိရိယာများပြည့်စုံအောင် လက်ခံရယူခြင်း။

(င) မိမိအဖွဲ့၏သွားလာရေးအဆင်ပြေချောမွေ့စေရန်စီစဉ်မှုများပြုလုပ်ပေးခြင်း။

၈။ ကွင်းဆင်းလျှင်ဆင်းချင်း စာရင်းစစ်၏ပထမဆုံးတာဝန်ယူဆောင်ရွက်ရမည့်အချက်မှာ မိမိအဖွဲ့၏ဖွဲ့စည်းမှုနှင့် လုပ်ငန်းချောမွေ့နိုင်မှုရှိ၊ မရှိကို လေ့လာသုံးသပ်ရပါမည်။ ကွင်းဆင်းကာလ၌ ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စာရင်းကောက်များအား သတ်မှတ်ချိန်အတွင်းစာရင်းကောက်လုပ်ငန်းပြီးစီးနိုင်ရန် ကြီးကြပ်ကွပ်ကဲခြင်း။

(ခ) လုပ်ငန်းထိန်းပုံစံများကို စေ့စပ်သေချာစွာ ထိန်းသိမ်းခြင်း၊ လုပ်ငန်းပြီးစီးမှုမှတ်တမ်းတင်ခြင်း၊ ကောက်ယူရန် ကျန်ခဲ့သည့် အိမ်ထောင်စုများကို ပြန်လည်ကောက်ယူရန် တာဝန်ပေးခြင်း။

(ဂ) ကောက်ယူပြီးစီးသောပုံစံများနှင့် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများကို မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူးထံသို့ပေးပို့ခြင်း။

(ဃ) အခက်အခဲပြဿနာများကြုံတွေ့ပါက အဆင့်ဆင့်သော သန်းခေါင်စာရင်းကော်မတီဝင်များအား ဆက်သွယ်တင်ပြပြီး ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ခြင်း။

(င) စည်းရုံးမှုရှိပြီး လုပ်ငန်းများအောင်မြင်သည့်အဖွဲ့ဖြစ်ရန် အစွမ်းကုန် ကြိုးပမ်းအားထုတ်ခြင်း။

၉။ အရည်အသွေးကောင်းမွန်သော အချက်အလက်များကို ရရှိရန်အတွက် အဖွဲ့၏စည်းလုံးညီညွတ်မှု၊ ကြိုးစားအားထုတ်မှု၊ ကြီးကြပ်စစ်ဆေးသူ၏ စည်းရုံးကြိုးပမ်းမှုတို့သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ အရည်အသွေးကောင်းပြီး ပြည့်စုံသော အချက်အလက်များရရှိရေးသည် စာရင်းစစ်၏ အရေးကြီးဆုံးလုပ်ငန်းဖြစ်ပါသည်။ ကွင်းဆင်းကာလတစ်လျှောက်လုံးတွင် မေးခွန်းပုံစံပါအချက်အလက်များနှင့် ပတ်သက်၍ မေးမြန်းပုံနှင့် ဖြည့်သွင်းပုံတို့ကို ကြပ်မတ်ပေးခြင်း၊ စာရင်းကောက်များ မှန်မှန်ကန်ကန်ဖြည့်သွင်းခြင်းရှိ၊ မရှိ၊ ဖြေကြားသူထံမှ ပြည့်စုံမှန်ကန်သောအဖြေ၊ မရ ကောက်ယူပြီးပုံစံများကို စစ်ဆေးခြင်းတို့သည် စာရင်းစစ်များ၏ တာဝန်ဖြစ်ပါသည်။ သန်းခေါင်စာရင်းစတင်ကောက်ယူစဉ် သန်းခေါင်စာရင်းကောက်ယူမှုအတွေ့အကြုံနည်းမှုကြောင့်လည်းကောင်း၊ မေးခွန်းပုံစံများနှင့် ရင်းနှီးမှုမရှိသေးသောကြောင့်လည်းကောင်း မှားယွင်းမှုများဖြစ်နိုင်ပါသည်။ ဤကဲ့သို့သော အမှားမျိုးထပ်မံမဖြစ်အောင် သန်းခေါင်စာရင်း ကောက်ယူသည့်ကာလအတွင်း နေ့စဉ်ညှိနှိုင်းလမ်းညွှန်ခြင်းဖြင့် လုပ်ငန်းတိုးတက်လာနိုင်ပါသည်။

၁၀။ လုပ်ငန်းကျွမ်းကျင်မှုရှိသဖြင့် အမှားလုံးဝမရှိဘဲမေးခွန်းပုံစံတစ်ခုကို ပြည့်စုံအောင် ကောက်ယူနိုင်သူရှိသကဲ့သို့ မေးခွန်းများကို စေ့စပ်သေချာစွာ မေးမြန်းခြင်းမပြုခဲ့သော စာရင်းကောက်များလည်းရှိနိုင်ပါသည်။ ထို့ပြင် အချို့သောဒေသများ၌ ဘာသာစကားအခက်အခဲများလည်းရှိနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ စာရင်းစစ်၏တာဝန်မှာ စာရင်းကောက်တစ်ဦးချင်း၏ ပုံစံပါမေးခွန်းများမေးမြန်းကောက်ယူပုံ၊ ဖြေဆိုသူများအားပြောဆိုဆက်ဆံပုံနှင့် မေးခွန်းပုံစံပေါ်၌ ဖြည့်သွင်းပုံတို့ကို မကြာခဏ ကြည့်ရှုစစ်ဆေးလမ်းညွှန်ရပါမည်။

၁၁။ စာရင်းစစ်သည် ကွင်းဆင်းလုပ်ငန်းစတင်သည့်ရက်များတွင် စာရင်းကောက်များ၏ လုပ်ငန်းဆောင်ရွက်ပုံကို လေ့လာကြည့်ရှုစစ်ဆေးထားခြင်းဖြင့် မှားလေ့မှားထရှိသောအမှားများကို အလွယ်တကူသိရှိနိုင်မည်ဖြစ်ပါသည်။ တစ်နေ့လျှင် အနည်းဆုံးတစ်ကြိမ် စာရင်းကောက်ယူပုံကို ကြည့်ရှုစစ်ဆေးသင့်ပြီး အမှားများများဖြစ်နိုင်သည့် လုပ်ငန်းအစနှင့်အဆုံးအချိန်များတွင် ပို၍အလေးပေးစစ်ဆေးသင့်ပါသည်။

လက်ရှိနှင့်အနာဂတ် စီမံကိန်းများရေးဆွဲချမှတ်အကောင်အထည်ဖော်ရာတွင် မရှိမဖြစ်လိုအပ်သည့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုမည့် လူဦးရေဆိုင်ရာကိန်းဂဏန်း အချက်အလက်များသည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းမှသာ ရရှိနိုင်မည်

၁၂။ စာရင်းစစ်သည် စာရင်းကောက်၏ မေးမြန်းဖြည့်သွင်းပုံကို သေချာစွာမြင်နိုင်သည့်နေရာမှထိုင်၍ ကြည့်ရှုသင့်ပါသည်။ သို့မှသာ စာရင်းကောက်သည် ဖြေဆိုသူ၏ ဖြေဆိုချက်ကို နားလည်မှုရှိ၊ မရှိ၊ ဖြည့်သွင်းမှုအစီအစဉ်မှန်၊ မမှန် သိရှိနိုင်မည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် တွေ့ရှိချက်များ၊ အခက်အခဲများကို မှတ်သားထားရပါမည်။ စစ်ဆေးရာ၌ အထူးသတိထားရမည့်အချက်မှာ စာရင်းကောက်သူမေးမြန်းနေစဉ် ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ စာရင်းကောက်ကိုယ်တိုင်မေးမြန်းစေသင့်ပါသည်။ သို့မှသာ စာရင်းကောက် (သို့မဟုတ်) အမေးခံရသူကာယကံရှင်အား အနှောင့်အယှက် မဖြစ်စေဘဲ လွယ်ကူမှုရှိစေနိုင်ပါသည်။ ကြည့်ရှုစစ်ဆေးမှုတစ်ခုပြီးတိုင်း စာရင်းစစ်နှင့် စာရင်းကောက်သည် စာရင်းကောက်ယူမေးမြန်းပုံနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြီး အမှားများ၊ အခက်အခဲများ၊ အထူးသတိထားရမည့်အချက်များကို ဆွေးနွေးသင့်ပါသည်။

၁၃။ စာရင်းစစ်သည် ကွင်းဆင်းကာလ၌ မိမိလက်အောက်ရှိ စာရင်းကောက်ငါးဦးနှင့် အခါအားလျော်စွာ စုပေါင်းဆွေးနွေးခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများ ရရှိနိုင်ပါသည်-

(က) စာရင်းကောက်ယူပုံနည်းစနစ်များ မှန်ကန်တိုးတက်လာနိုင်ခြင်း။

(ခ) တစ်ဦးနှင့်တစ်ဦး အတွေ့အကြုံများ ရင်းနှီးပွင့်လင်းစွာဆွေးနွေးဖလှယ်နိုင်ခြင်း။

(ဂ) မှားယွင်းတတ်သောအမှားများကို စာရင်းကောက်အားလုံးသတိထားရှောင်ကြဉ်နိုင်ခြင်း။

(ဃ) စာရင်းကောက်လက်စွဲစာစောင်များကို အဖွဲ့နှင့်အတူ ပြန်လည်ဖတ်ကာ အခက်အခဲများကို ဝိုင်း၍ဖြေရှင်းနိုင်ခြင်း။

(င) လက်တွေ့စာရင်းကောက်ယူသည့်အခါတွင် တွေ့ရှိလာသည့် အခက်အခဲများကို တိုင်ပင်ဆွေးနွေးပြီးဖြေရှင်းနိုင်ခြင်း။

၁၄။ စာရင်းစစ်သည် စာရင်းကောက်နေစဉ်က တွေ့ကြုံခဲ့ရသည့် စာရင်းကောက်များ၏ အမှားများကို လမ်းညွှန်ရာ၌ ပြစ်တင်ဝေဖန်သည့်အပြုအမူ၊ အပြောအဆိုမျိုးကို အထူးရှောင်ရှား၍ လိမ္မာပါးနပ်စွာလမ်းညွှန်မှု၊ အားပေးကူညီမှုများပြုခြင်းဖြင့် အရည်အသွေးပြည့်ဝသောလုပ်ငန်းကြီးဖြစ်လာနိုင်ပါသည်။

၁၅။ ကောက်ယူထားသည့်အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ၊ ရှေ့နောက်ဆီလျော်မှုရှိ၊ မရှိကို အထူးဂရုပြုစစ်ဆေးရန်လိုအပ်ပါသည်။ စာရင်းကောက်ယူနေသည့် နေရာတွင်ပင် ပုံစံတိုင်းကိုစေ့စပ်သေချာစွာစစ်ဆေးသင့်ပါသည်။ သေးငယ်သောအမှားပင်ဖြစ်လင့်ကစား ဦးစီးရုံးချုပ်၌ စာရင်းဇယားများပြုစုသည့်အခါ ယင်းအမှားကြောင့် အခက်အခဲများ ရှိနိုင်ပါသည်။

၁၆။ ကောက်ယူပြီးမေးခွန်းပုံစံများအား ကွန်ပျူတာထဲသို့ ရောက်ရှိအောင် Scan ဖတ်ယူသည့် စက်ဖြစ်သည့် OMR (Optical Mark Reader) ဖြင့် ဦးစီးရုံးချုပ်တွင် အချက်အလက်များ ဖတ်ယူမည်ဖြစ်သဖြင့် ယင်းမေးခွန်းပုံစံများအားခေါက်ခြင်း၊ ကြေမွခြင်းနှင့် စုတ်ပြဲခြင်းများမဖြစ်အောင်ဂရုစိုက်ရမည်ဖြစ်ပါသည်။ စာရင်းကောက်များမှ ပြန်လည်အပ်နှံသည့်ကောက်ယူပြီးမေးခွန်းပုံစံများကို စစ်ဆေးပြီးသည့်အခါ ထိုစစ်ဆေးပြီးပုံစံများကိုလည်းကောင်း၊ ပုံစံအပိုများကိုလည်းကောင်း၊ မှားယွင်းစွာရေးသွင်းမိသည့်ပုံစံအပျက်များကိုလည်းကောင်း သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းပြီးစီးသည့်အခါ ပြည့်ပြည့်စုံစုံပြန်လည်အပ်နှံရပါမည်။ စာရင်းစစ်၏ အထူးသတိထားရမည့်တာဝန်တစ်ရပ်မှာ တန်ဖိုးရှိသော စာရင်းအင်းအချက်အလက်များမပျောက်ပျက်၊ မဆုံးရှုံးရအောင်ထိန်းသိမ်းရမည့် တာဝန်ဖြစ်ပါသည်။

၁၇။ ဤသန်းခေါင်စာရင်းလုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဒေသခံများ၏ ဝိုင်းဝန်းပံ့ပိုးကူညီမှုသည်လည်း လွန်စွာအရေးကြီးပါသည်။ ထို့ကြောင့် ကွင်းဆင်းလုပ်ငန်းမဆောင်ရွက်မီ ကြီးကြပ်စစ်ဆေးသူသည် စာရင်းကောက်များနှင့်အတူ မိမိတာဝန်ကျရာရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များနှင့်တွေ့ဆုံ၍ လုပ်ငန်း၏သဘောတရားများကိုညှိနှိုင်းဆွေးနွေးရပါမည်။ လိုအပ်ပါက အကူအညီများတောင်းခံရပါမည်။

၁၈။ နိုင်ငံတော်၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိနှင့်အနာဂတ်စီမံကိန်းများရေးဆွဲချမှတ်အကောင်အထည်ဖော်ရာတွင် မရှိမဖြစ်လိုအပ်သည့် တစ်နိုင်ငံလုံးကိုကိုယ်စားပြုမည့် လူဦးရေဆိုင်ရာကိန်းဂဏန်း အချက်အလက်များသည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းမှသာ ရရှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ယုံကြည်ကိုးစားနိုင်မည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များရရှိနိုင်ရန်အတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြမည့် စာရင်းကောက်၊ စာရင်းစစ်များက ဒေသခံရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီများနှင့် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြစေရန်အတွက် တိုက်တွန်းရေးသားလိုက်ရပါသည်။

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် နန်းနိမ့်ကျေးရွာအနီးရှိ ဘိန်းချက်စခန်းနှစ်ခုမှ မူးယစ်ဆေးဝါးနှင့် ဆက်စက်ပစ္စည်းများ ဖမ်းဆီး

နေပြည်တော် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နယ်မြေခံတပ်နှင့်ပူးပေါင်း၍ ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် လုံးပျဉ်ကျေးရွာအုပ်စု နန်းနိမ့်ကျေးရွာတောင်ဘက်၌ ဘိန်းချက်စခန်းတည်ရှိကြောင်း သတင်းရရှိခဲ့သဖြင့် အဆိုပါဘိန်းချက်စခန်းများသို့ ဇန်နဝါရီ ၂၀ ရက်တွင် စီမံချက်ရေးဆွဲရှင်းလင်းဖော်ထုတ်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၀ရက် နံနက် ၄ နာရီက တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စု (၂၅)၊ မူးယစ်တပ်ဖွဲ့စု (၂၆) တို့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နန်းနိမ့်ကျေးရွာနှင့် ဖယ်ခုံမြို့နယ် ခေါင်အီကျေးရွာအုပ်စု ဘောရန်ကျေးရွာလမ်းဆုံ ခန့်မှန်းမြေပုံညွှန်း (ကေစီ-၇၅၀၀၀၁၉၀)တွင် ဆိုင်ကယ်များဖြင့် ရောက်ရှိလာသူ စိုးမောင်ထံမှ ဘိန်းစိမ်း ၁၇ကီလို၊ မောင်ကို့ထံမှ ဘိန်းစိမ်း ၁၂ ဒသမ ၃ ကီလို၊ ကိုရယ်ထံမှ ဘိန်းစိမ်း ၂၁ ဒသမ ၉ ကီလို၊ မောင်ကိုထံမှ ဘိန်းစိမ်း ၁၇ ဒသမ ၁ ကီလို၊ မိုးမြတ်ထံမှ ဘိန်းစိမ်း ၂၁ ဒသမ ၆ ကီလို စုစုပေါင်း ဘိန်းစိမ်း ၈၉ ဒသမ ၉ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသောတရားခံ စိုးမောင်၊ မောင်ကို့၊ ကိုရယ်၊ မောင်ကို၊ မိုးမြတ်တို့ ငါးဦးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

နံနက် ၆ နာရီတွင် တောင်တန်းတစ်ခုပေါ်ရှိ ဘိန်းချက်စခန်းအား ရှင်းလင်းရာပေ (၃၀×၄၀)ခန့်နှင့် ရှင်းလင်းရာ ပေ ၂၀ ပတ်လည်ရှိ မိုးကာတဲတစ်လုံးအတွင်း တပေးနှင့် တနိုင်ဆိုသူတို့နှစ်ဦးအား ဘိန်းဆီခဲ ၂ ကီလို၊ ဘိန်းရည် ၂၀ လီတာ၊ အမိုနီယမ် ကလိုရိုဒ် ၁ ဒသမ ၆ ကီလိုနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိပြီး လုံးဟူးတောင်တန်းရှိ ဘိန်းချက်စခန်းအား ဆက်လက်ရှင်းလင်းရာပေ (၁၀×၁၅) ပေခန့်ရှိ တဲနှစ်လုံးတို့ကို တွေ့ရှိကာ ဘိန်းရည် ၆၀၀၇၀ လီတာ၊ ဘိန်းညိုခဲ ၁၀ကီလို၊ ဘိန်းဆီခဲ သုံးကီလို၊ အမိုနီယမ်ကလိုရိုဒ် လေးကီလို၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၁၂ လီတာ၊ ဆက်စပ်ပစ္စည်းများနှင့် တူမီးသေနတ်တစ်လက်တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဘိန်းချက်စခန်းများ ရှင်းလင်းဆောင်ရွက်မှုမှ ဖမ်းဆီးရမိသူ စိုးမောင်ပါ ခုနစ်ဦးတို့အား မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ (ကာလတန်ဖိုးငွေကျပ် ၂၀၀ ဒသမ ၇၄၂သန်း)နှင့်အတူ ပင်လောင်း မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

တရားရုံးများသည် နစ်နာသူကာယကံရှင်၏ တိုင်ကြားချက်အရ အမှုတစ်မှုချင်းအလိုက်စိစစ်၍ အရေးယူဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို အစီအစဉ်(၉)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **လယ်ယာမြေများကို လုပ်ပိုင်ခွင့်ရ လယ်သမားများက ဝင်ရောက်ထွန်ယက်ရာတွင် ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်မရသေးသော ကုမ္ပဏီများမှ တရားစွဲဆိုမှုများကို သင့်/မသင့် သုံးသပ်ရန်နှင့် ကာလကြာရှည်စွာ အမှုရင်ဆိုင်နေရသည့် တောင်သူလယ်သမားများအား အမြန်ပြီးပြတ်အောင် မည်ကဲ့သို့ဆောင်ရွက်ပေးမည်သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးမြင့်အောင်က စွပ်စွဲခံရသူအပေါ် ပြစ်မှုနှင့်အရေးယူရန် အကြောင်းပေါ်ပေါက်ပါက စွပ်စွဲခံရသူကိုဆင့်ခေါ်ပြီး အမှုကိုဆက်လက်စစ်ဆေး၍ ဥပဒေနှင့်အညီအမိန့်ချမှတ်ရန်ဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ နှင့် ၄၄၇ ဖြင့် အရေးယူစစ်ဆေးသည့်အမှုကို အကျဉ်းနည်းစစ်ဆေးခွင့်အာဏာအပ်နှင်းခြင်းခံရသည့်တရားသူကြီးက အကျဉ်းနည်းဖြင့်စစ်ဆေးစီရင်နိုင်ကြောင်း။

တရားရုံးများသည် နစ်နာသူကာယကံရှင်၏ တိုင်ကြားချက်အရ အမှုတစ်မှုချင်းအလိုက်စိစစ်၍ အရေးယူ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇၊ ၄၄၇ တို့အရ တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ သင့်မြတ်လျော်ကန်ခြင်းရှိ/မရှိ စိစစ်ရန် အခွင့်အရေးရှိမည်မဟုတ်ဘဲ ဥပဒေအရသာ ဆုံးဖြတ်ခွင့်ရှိသဖြင့် ယင်းကဲ့သို့သော အမှုများ တရားစွဲဆိုခြင်းသည် သင့်/မသင့်စိစစ်ရန် မရှိပါကြောင်း။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ နှင့် ပုဒ်မ ၄၄၇ အရ ပြစ်မှုများသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၅၊ ပုဒ်မခွဲ(၁)အရ နစ်နာသူတရားလိုကသာ တရားရုံးခွင့်ပြုချက်မလိုဘဲ ကျေအေးခွင့်ရှိပါကြောင်း၊ တရားလိုက အမှုကိုကျေအေးလျှင် တရားရုံးက နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ကျေအေးခွင့်ပြုမိန့်ချမှတ်ပေးရန်သာရှိကြောင်း၊ တောင်သူလယ်သမားများသည် ၎င်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင် ဖြေကြားစဉ်။ (သတင်းစဉ်)

တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ နှင့် ပုဒ်မ ၄၄၇ တို့အရ စွဲဆိုသည့်အမှုများ ကာလကြာရှည်စွာ အမှုရင်ဆိုင်ဖြေရှင်းနေရသည့် အခြေအနေမျိုး မဖြစ်ပေါ်စေရန် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးပြီးပြတ်အောင် ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင်၏ **အမှတ်(၂၇)စက်မှုကုန်ကြမ်းဌာနမှ ရော်ဘာခြံတို့ကို မြန်မာနိုင်ငံသားပိုင်ဆိုင်မှု အမည်ခံထားသော မလေးရှားနိုင်ငံ ကိုယ်စားပြုထားသည့် ကုမ္ပဏီကြီးများနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က စက်မှုဝန်ကြီးဌာနအမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းရှိ ရော်ဘာခြံများအား ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် စိတ်ဝင်စားသူများအား Expression of Interest-EOI တင်သွင်းရန် ဖိတ်ခေါ်ခဲ့ပါကြောင်း၊ EOI တင်သွင်းသူများနှင့် အခြားစိတ်ဝင်စားသူများအား တင်ဒါခေါ်ယူပြီး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်၍ ဖွင့်ဖောက်စစ်ဆေးခဲ့ပါကြောင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် တင်ဒါခေါ်ခဲ့သည့် ရော်ဘာခြံ ၂၆ ခြံအနက် ၂၁ ခြံအား တင်ဒါတင်သွင်းမှုရှိခဲ့ပြီး လျာထားသတ်မှတ်သော အခြေခံအချိုးမီသည့် ရော်ဘာခြံ ၂၀ အတွက် တင်ဒါတင်သွင်းသူ ၃၅ ဦးအား ပဏာမတင်ဒါ အောင်မြင်သူများအဖြစ် ရွေးချယ်သတ်မှတ်ခဲ့ပါကြောင်း၊ ပဏာမ တင်ဒါအောင်မြင်သူလုပ်ငန်းရှင်/ ကုမ္ပဏီ ၃၅ ဦးအား ခေါ်ယူတွေ့ဆုံ၍ အကျိုးတူပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်၊ ရင်းနှီးမြှုပ်နှံမည့်အခြေအနေ၊ နည်းပညာနှင့် အခြားအချက်အလက်များအား စိစစ်ပြီး ကုမ္ပဏီ/လုပ်ငန်းရှင်ခြောက်ဦးကို အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် အတည်ပြုရွေးချယ်ခဲ့ပါကြောင်း၊ ရွေးချယ်ခဲ့သည့် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များမှာ Myanmar Chemical & Machinery Co., Ltd.၊ EOAJ Myanmar Co., Ltd.၊ ငွေဟိန်းစံကုမ္ပဏီ၊ ဦးကျော်ဝင်း (သိမ်ကုန်းရပ်၊ ကမာဝတ်)နှင့် ဦးတင်မောင်ချို(မင်းရွာရော်ဘာခြံရှေ့)တို့ပင် ဖြစ်ပါကြောင်း။

အကျိုးတူ ပူးပေါင်းဆောင်ရွက်ထားသည့် အထက်ဖော်ပြပါကုမ္ပဏီများသည် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများသာဖြစ်ပြီး မြန်မာနိုင်ငံသားပိုင်ဆိုင်မှု အမည်ခံထားသော မလေးရှားနိုင်ငံ ကိုယ်စားပြုထားသည့် ကုမ္ပဏီများ ပါဝင်ခြင်းမရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **နိုင်ငံသားမှတ်ပုံတင်စိစစ်ရေးကတ်ပြားများကို ကွန်ပျူတာဖြင့်ရိုက်နှိပ်ပြီးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ /မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဆက်သွယ်ရေးနည်းပညာကို အသုံးပြုကာ Identity Card, Passport အပါအဝင်

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း မေးမြန်းစဉ်။ (သတင်းစဉ်)

Multipurpose Card များကို ထုတ်လုပ်အသုံးပြုလျက်ရှိနေသည်ကို တွေ့နေရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ထိုလုပ်ငန်းများအား ဆောင်ရွက်ရန် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများမှ လာရောက် ကမ်းလှမ်းရှင်းလင်းမှုများ ပြုလုပ်လျက်ရှိရာ ယနေ့အထိ ကုမ္ပဏီပေါင်း ၁၂ ခုရှိခဲ့ပြီးဖြစ်ပါကြောင်း၊ လက်ရှိ ကတ်စနစ်အား Smart Card အဖြစ် ပြောင်းလဲလုပ်ဆောင်ရန် အတွက်လည်း အစီအမံများရေးဆွဲထားပြီးဖြစ်၍ ကုမ္ပဏီများအား ခေါ်ယူတွေ့ဆုံနေခြင်းဖြစ်ပါကြောင်း၊ Smart Card အနေဖြင့် ထုတ်ပေးခြင်းသည် ကိုယ်ရေးအချက်အလက် အနည်းငယ်ဖော်ပြပြီး အလွယ်တကူလုပ်ဆောင်နိုင်ခြင်းမျိုး မဟုတ်ပါကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားအရည်အချင်း ရှိ /မရှိ ဆုံးဖြတ်ရာတွင် မျိုးရိုးစဉ်ဆက်ဖယားပါမိဘ၊ ဘိုးဘွားများ၏လူမျိုး၊ နိုင်ငံသားအခြေအနေ ကိုင်ဆောင်လက်မှတ်များဖြင့် တိုက်ဆိုင်စစ်ဆေးရသည့်အတွက် ယခင်နှစ်အဆက်ဆက်က မှတ်တမ်းရယူထားခဲ့သည့် အမျိုးသားမှတ်ပုံတင်မှတ်တမ်းပုံစံ-၁ များသည် စက္ကူဖြင့်မှတ်တမ်းတင်ထားခြင်းဖြစ်၍ ပထမဦးစွာဆောင်ရွက်ရမည့် လုပ်ငန်းမှာ အဆိုပါမှတ်တမ်းပုံစံ(၁)များကို Data Base တွင် Manual စနစ်မှ Digital စနစ်သို့ Data များ ကွန်ပျူတာဖြင့် ရိုက်ထည့်ရန်လည်း လုံလောက်သည့် အချိန်ယူရဦးမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဆင့်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ၎င်းလုပ်ငန်း အကောင်အထည်ဖော်ရန် မဖြစ်မနေ ဆောင်ရွက်သင့်သည့် ကိစ္စဖြစ်ပြီး တစ်နိုင်ငံလုံးတစ်ပြိုင်တည်း ဆောင်ရွက်ရေး (သို့မဟုတ်) ဦးစားပေးနယ်မြေခွဲ၍ အပိုင်းလိုက်ဆောင်ရွက်ရေး၊ လျှပ်စစ်စွမ်းအား၊ ဆက်သွယ်ရေးနည်းပညာ Network များ ချိတ်ဆက်ရေး၊ ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးရေး စသည့်လုပ်ငန်းများနှင့်ပါ ချိတ်ဆက်စဉ်းစား၍ မိမိဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ချမ်းမြသာစည် မဲဆန္ဒနယ်မှ ဦးတင်မောင်၏ **ကျွဲ၊ နွား၊ ဆိတ်များ တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့ရောင်းချနေခြင်းကို တားမြစ်ရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ကျွဲ၊ နွားနှင့်ဆိတ်များ သယ်ယူပို့ဆောင်ခြင်းများအား တောင်ယာ/လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုကြောင်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်များအရ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများမှ ခွင့်ပြုချက်ထုတ်ပေးခြင်းဖြင့် သယ်ယူပို့ဆောင်ခြင်းကို ခွင့်ပြုလျက်ရှိပါကြောင်း၊ မြို့နယ်များရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် ကျွဲ၊ နွားပွဲဈေးများတွင် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ နယ်မြေရဲစခန်း၊ ရဲကင်းများ၏ ပိုင်ဆိုင်မှု မှန်ကန်ကြောင်း ထောက်ခံချက်ပါရှိတင်ပြမှသာ လာရောက်ရောင်းချခွင့်ပြုပြီး အထောက်အထားခိုင်လုံမှု မရှိပါကတာဝန်ကျ ရဲတပ်ဖွဲ့ဝင်ထံ သတင်းပေးပို့ စိစစ်ဖော်ထုတ်အရေးယူလျက်ရှိပါကြောင်း၊ ကျွဲ၊ နွားပွဲဈေးများတွင် သတ်မှတ်စည်းကမ်းနှင့်အညီ အရောင်းအဝယ်ဖြစ်သွားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့နှင့်ပတ်သက်၍ ကျွဲ၊ နွားပွဲဈေးပွဲဆိုင်ရာ စည်းကမ်းအပိုဒ် ၁၇၊ အပိုဒ်ခွဲ(က)အရ ပုံစံ(က)တို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရေမြေ၊ ရာသီဥတုနှင့်ညီညွတ်သည့် ဒေသများ၌ သိုး၊ ဆိတ်များကို စီးပွားဖြစ်မွေးမြူလျက်ရှိရာ စားသုံးမှုဖူလုံပါက နိုင်ငံခြားဝင်ငွေရရှိရေးအတွက် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ပြီး ထိုသို့ရောင်းချနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စည်းကမ်းချက်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကန့်သတ်ထားသည့် ကျွဲ၊ နွား၊ ဆင်၊ မြင်းနှင့် ရှားပါးတိရစ္ဆာန်များမှအပ ဆိတ်အရှင်၊ အခြားတိရစ္ဆာန်ထွက် ပစ္စည်းများအား ထိုင်း၊ မလေးရှားစသည့် အခြားနိုင်ငံဈေးကွက်များသို့ တင်ပို့လိုသောလုပ်ငန်းရှင်များအနေဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ထောက်ခံချက်ဖြင့် တင်ပို့ခွင့်လိုင်စင်များ ခွင့်ပြုပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် **ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့ပြီး အစည်းအဝေးပဉ္စမနေ့ကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

ဈေးကွက်စီးပွားရေးမူဝါဒအရ စိုက်ပျိုးထုတ်လုပ်သူတောင်သူများအတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၂

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ်(၁၀)ခုဖြင့်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစောမော်ထွန်း၏ **“အော်ဂဲနစ် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ချက်များကို နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ /မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က အော်ဂဲနစ်နည်းပညာ အသုံးပြု၍ စိုက်ပျိုးလိုသည့် တောင်သူများအား အော်ဂဲနစ် စံချိန်စံညွှန်းများနှင့်အညီ မြေနေရာ ရွေးချယ်မှုမှန်ကန်စေရန် နည်းပညာပို့ချပေးခြင်း၊ စိုက်ပျိုးလိုသည့် သီးနှံအလိုက် မျိုးစေ့/ မျိုးပိုင်းများရယူမှုမှန်ကန်စေရန် နည်းပညာ အရအကူအညီပေးခြင်း၊ အော်ဂဲနစ်သီးနှံစိုက်ပျိုးသည့် တောင်သူများ၏ စိုက်ခင်းများသို့ကွင်းဆင်း၍ စစ်ဆေးပေးခြင်းနှင့်ထွက်ရှိလာသော သီးနှံများအပေါ် အော်ဂဲနစ်သီးနှံ စံချိန်စံညွှန်းများနှင့်ကိုက်ညီမှု ရှိ /မရှိ စစ်ဆေးပေးခြင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် အော်ဂဲနစ်ထုတ်ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရေးအတွက် NGOs, INGOs အဖွဲ့အစည်းများနှင့် ပူးပေါင်းစစ်ဆေးပြီး အသိအမှတ်ပြုလက်မှတ်ရရှိအောင်နှင့် ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သမားရိုးကျ စိုက်ပျိုးရေးစနစ်မှ အော်ဂဲနစ် စိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းရန် ကာလအားဖြင့် ရာသီသီးနှံများအတွက် နှစ်နှစ်နှင့် နှစ်ရှည်သီးနှံများအတွက် သုံးနှစ် လိုအပ်မည်ဖြစ်ပါကြောင်း၊ မြေဧရိယာတစ်ခုအတွင်း သမားရိုးကျ စိုက်ပျိုးရေးစနစ်နှင့်အော်ဂဲနစ်စိုက်ပျိုးရေးစနစ်တို့ကို တစ်လှည့်စီ စိုက်ပျိုးဆောင်ရွက်ခြင်းမပြုဘဲ အော်ဂဲနစ်စိုက်ပျိုးစနစ် တစ်မျိုးတည်းကိုသာစဉ်ဆက်မပြတ် စိုက်ပျိုးရန်နှင့် မြန်မာနိုင်ငံ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သတ်မှတ်ထားသော စံသတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရန်လိုအပ်ပါကြောင်း၊ အော်ဂဲနစ်စိုက်ပျိုးရေးဇုန်တစ်ခု တည်ထောင်လိုကြောင်း၊ တရားဝင် လျှောက်ထားလာလျှင် နည်းပညာများ ကူညီပံ့ပိုးပေးပြီး စံချိန်စံညွှန်းများနှင့်ကိုက်ညီပြည့်စုံပါက အော်ဂဲနစ်ဇုန်အဖြစ် သတ်မှတ်ပေးနိုင်ရေး ထောက်ခံတင်ပြပေးသွားမည် ဖြစ်ပါကြောင်း။

အော်ဂဲနစ်သီးနှံများ စိုက်ပျိုးရေးနှင့်ပတ်သက်သော အသေးစိတ်အချက်

ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြေကြားစဉ်။ (သတင်းစဉ်)

အလက်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ဆက်သွယ်၍ နည်းပညာအကူအညီ ရယူနိုင်ပါကြောင်း၊ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးမူဝါဒအရ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံများ ရောင်းဝယ်ခြင်းနှင့် သွင်းအားစုများ ရောင်းဝယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်း မရှိတော့ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၏ **“ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးရှိ Super World ခန်းမ(၁)နှင့်(၂) ဆိုင်ခန်းများကို ပုဂ္ဂလိကသို့ လွှဲအပ်ရောင်းချထားခြင်း ရှိ /မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက Super World ခန်းမ(၁)နှင့်(၂)ဆိုင်ခန်းများဖွင့်လှစ်ရောင်းချလျက်ရှိသော နေရာများသည် ယခင်က ရန်ကုန်မြို့နယ်စည်ပင်သာယာရေးကော်မတီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သမဝါယမအသင်းစုသို့ အငှားချထားပေးခဲ့ပြီး သမဝါယမအသင်းစုက အသင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်ဆိုင်ခန်းများ ဖြစ်ပါကြောင်း။

ဒဂုံမြို့နယ် သမဝါယမအသင်းစုသည် နိုင်ငံတော်အစိုးရထံမှ ဘဏ်ချေးငွေများရယူ၍ လုပ်ငန်းဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်သို့ ဘဏ်ချေးငွေများပေးဆပ်ရန် ကျန်ရှိနေသဖြင့် အမြန်ဆုံး ပြန်လည်ပေးဆပ်နိုင်ရေးအတွက် သမဝါယမဝန်ကြီးဌာနမှ

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ကြွေးမြီရှင်းလင်းရေးနှင့် ထုခွဲရောင်းချရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး အဆိုပါအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် Super World သမဝါယမအသင်းလီမိတက်မှ ဒါရိုက်တာများဖြစ်သည့် ဦးမောင်မောင်လွင်၊ ဒေါ်ရှုကြည်တို့ထံ Super World ခန်းမ(၁)ကို ငွေကျပ်သိန်း ၃၅၀ ဖြင့်လည်းကောင်း၊ ခန်းမ(၂)ကို ငွေကျပ်သိန်း ၁၅၀ ဖြင့်လည်းကောင်း ရောင်းချခဲ့ခြင်း ဖြစ်ပါကြောင်း။

၂၀၀၁ ခုနှစ်တွင် အဆိုပါဆိုင်ခန်း (၂)ခန်း၏ အသိအမှတ်ပြု ဆိုင်ငှားအဖြစ် Super World သမဝါယမအသင်းလီမိတက်အမည်မှ ဦးမောင်မောင်လွင်၊ ဒေါ်ရှုကြည်တို့၏အမည်ဖြင့် အသိအမှတ်ပြုဆိုင်ငှားအဖြစ် ပြောင်းလဲမှတ်ပုံတင် အခကြေးငွေများ ပေးသွင်းခွင့်ပြုပါရန် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တစ်ဆင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးသို့ တင်ပြလာသဖြင့် ရန်ကုန်မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့ ညှိနှိုင်းပေးခဲ့ရာ အဆိုပါပုဂ္ဂိုလ်များ၏အမည်ဖြင့် အသိအမှတ်ပြုဆိုင်ငှားအဖြစ် မှတ်ပုံတင်အခကြေးငွေများ လာရောက်ပေးသွင်းရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများဌာနက ခွင့်ပြု အကြောင်းကြားခဲ့ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီးအစည်းအဝေး ပဉ္စမနေ့ကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥရောပသမဂ္ဂ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥရောပသမဂ္ဂ သံအမတ်ကြီး H.E.Mr. Roland KOBIA အား နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)

နေပြည်တော် ဇန်နဝါရီ ၂၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဥရောပသမဂ္ဂ သံအမတ်ကြီး H.E.Mr.Roland KOBIA အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး H.E. Mr. Roland KOBIA နှင့်အတူ Political Officer Mrs. Isabell Poppelbaum တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများ၊ နိုင်ငံ၏သမိုင်းကြောင်းနှင့် ယှဉ်သော တပ်မတော်၏လုပ်ဆောင်ချက်များနှင့် ရပ်တည်မှုသဘောထား၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု ကိစ္စရပ်များ၊ ဥရောပသမဂ္ဂနှင့် နယ်ပယ်အစုံတွင် ဆက်ဆံရေး၊ တပ်မတော်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၂

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်အတူ ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း (မြိတ်-တနင်္သာရီအပိုင်း) ကတ္တရာခင်းခြင်းလုပ်ငန်း စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ဖြေခြင်းလုပ်ငန်းများ၊ တနင်္သာရီတံတားကြံ့ခိုင်မှုနှင့် ရေဖြူတံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တနင်္သာရီ-ထုံခါ-သဲဖြူ-မောတောင်လမ်းကို ပြည်ဖြိုးထွန်းကုမ္ပဏီက BOT စနစ်ဖြင့် ဆောင်ရွက်သော လမ်းအခြေအနေနှင့် မိုင်တိုင်အမှတ် (၆၅/၄)နှင့် (၆၅/၅)ကြားတွင် တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၆) က တည်ဆောက်နေသော အရှည်ပေ ၂၄၀ ရှိ ချောင်းနှစ်ပေါက်တံတားတည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသလမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ကုန်သွယ်ရေးလမ်းကြောင်းဖြစ်၍ မိုးမကျမီ မြေကြီးလုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် တနင်္သာရီ-ဘုတ်ပြင်းလမ်းအပိုင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ် (၁၂၂/ ၇ နှင့် ၁၂၃/ ၁) ကြား အရှည်ပေ ၁၄၀ ရှိ ချောင်းမွှန် (၄) တံတားတည်ဆောက်နေမှု အခြေအနေတို့ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုတို့သည် ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ဘုတ်ပြင်း-ကော့သောင်းလမ်းအပိုင်း မိုင်တိုင်အမှတ် (၁၇၁/၂ နှင့် ၁၇၁/၃) အကြားတွင် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ဖြေခြင်းလုပ်ငန်းများ၊ မိုင်တိုင်အမှတ် (၂၄၂/ ၂ နှင့် ၂၄၂/ ၃)ကြားတွင် ယုဇနကုမ္ပဏီက BOT စနစ်ဖြင့် ဆောင်ရွက်သော လမ်းအပိုင်းတွင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ကော့သောင်းခရိုင်အင်ဂျင်နီယာမှူးရုံး၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် အထူးအဖွဲ့များမှ တာဝန်ခံ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ မိမိတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင် ရွက်ရန်နှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံခြားသတင်းဌာနများမှထုတ်လွှင့်နေသည့် သတင်းများလုံးဝမဟုတ်၊ ဖြစ်စဉ်အမှန်သိရှိနိုင်ရန် လာရောက်ခြင်းဖြစ်

မောင်တော ဇန်နဝါရီ ၂၂

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ် သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်သိန်း၊ ပြည်နယ်စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမောင်စံရွှေနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးမှူး (OCHA) မှ Barbara Babista၊ UNHCR ဌာနေကိုယ်စားလှယ် Roka Kodo၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဘူးသီးတောင်မြို့နယ်မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဘော်ရှီးအာမတ်၊ မောင်တောမြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမင်းတို့သည် ယနေ့ ညနေ ၃ နာရီတွင် ခရေမြိုင်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် ဂေါ်ဒူသာရကျေးရွာသို့ ရောက်ရှိပြီး ဒုချီးရားတန်းကျေးရွာမှ ရှောင်တိမ်းရောက်ရှိလာသည့် ကျေးရွာသားများနှင့် တွေ့ဆုံမေးမြန်းကြသည်။**(အောက်ပုံ)**

ထိုသို့မေးမြန်းရာ ကျေးရွာပြည်သူများက ကလေး၊ လူကြီးများအား ရခိုင်လူမျိုးများက သတ်ဖြတ်သည်ကို မကြားသိရပါကြောင်း၊ ယင်းရွာမှ လူအချို့ အဖမ်းခံနေရပါကြောင်း ပြောကြားသဖြင့် မောင်တောဒေသတွင် တာဝန်ယူ ဆောင်ရွက်နေသော ရဲမှူးချုပ်တင်ကိုကိုက ၄င်းတို့အား စစ်ဆေးမေးမြန်းပြီး အပြစ်မရှိပါက ပြန်လွှတ်ပေးမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဂေါ်ဒူသာရကျေးရွာမှ မော်လဝီဆရာကလည်း လူသတ်သည်ကို မတွေ့ရပါကြောင်း ပြောဆိုခဲ့သည်။

တွေ့ဆုံမေးမြန်းရာတွင် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမင်း၊ ဒေါက်တာ ဘော်ရှီးအာမတ်၊ UNHCR, OCHA ကိုယ်စားလှယ်တို့က ကျေးရွာပြည်သူများအား တိုက်ရိုက်မေးမြန်းခဲ့ခြင်းဖြစ်သည်။**(အပေါ်ပုံ)**

ထိုမှဆက်လက်၍ ဒုချီးရားတန်းကျေးရွာသို့ ရောက်ရှိခဲ့ပြီး ရဲတပ်ကြပ်ကြီးနှင့်အဖွဲ့ ကင်းလှည့်ရာမှ စတင်ဖြစ်ပွားခဲ့သည့်နေရာ၊ ရဲတပ်ကြပ်ကြီး၏ အဝတ်အစားများတွေ့ရှိရာ နေရာတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ညနေ ၅ နာရီခန့်တွင်မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ဖြစ်စဉ်နှင့်ပတ်သက်၍ UNHCR နှင့် OCHA တို့မှ ကိုယ်စားလှယ်တို့က သိလိုသည်များကို မေးမြန်းခဲ့ရာ ရဲမှူးချုပ်တင်ကိုကို၊ ပြည်နယ်ရဲတပ်ဖွဲ့ ရဲမှူးကြီးနေမျိုးတို့က ပြန်လည်ရှင်းလင်းခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ယခုဖြစ်စဉ်တွင် အဓိကကျသည့် တရားခံ ဖော်ထုတ်နိုင်ရေး၊ ပျောက်ဆုံးရဲတပ်ကြပ်ကြီးနှင့် လက်နက်ပြန်လည်ရရှိရေးတို့ကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေးနှင့် ကျေးရွာများ၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရင်း နိုင်ငံခြားသတင်းဌာနများမှ ထုတ်လွှင့်နေသည့် ဒေသရှိ ကလေးနှင့် အမျိုးသမီးများကို သတ်ဖြတ်သည်ဆိုသည့်သတင်းများ လုံးဝမဟုတ်မှန်ကြောင်း သိရှိနိုင်ရန် လွန်ခဲ့သည့်အပတ်က ဖြစ်ခဲ့သည့်ဖြစ်စဉ်အမှန်ကို သိရှိလို၍ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ကလည်း ဒုချီးရားတန်းကျေးရွာရှိ ပစ္စည်းများ မပျောက်ပျက်စေရေးအတွက် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

သဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့စေရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား စင်ကာပူနိုင်ငံအခြေစိုက် Olam International Pte., Ltd. ဒုတိယဥက္ကဋ္ဌ Mr.Darshan B.Raiy ani နှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ၂၀၁၄ ခုနှစ် ဧပြီလ ၁ရက်နေ့မှစ၍ သစ်လုံးအလိုက် ပြည်ပသို့ တင်ပို့ခြင်း ရပ်ဆိုင်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏သစ်ထုတ်လုပ်ခြင်းနှင့် သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့စေရေး၊ သစ်တော စီမံအုပ်ချုပ်မှုတွင် သစ်တောထွက် ပစ္စည်းများအား စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲ၍ သာမက သစ်တောများ တည်ရှိခြင်းကြောင့်ရရှိလာမည့် ကာဗွန်ပမာဏ အတွက် လွတ်လပ်သော ကာဗွန်ရောင်းဝယ်မှု ဈေးကွက်များတွင် တရားဝင် ရောင်းဝယ်ဖောက်ကားနိုင်ရေးလုပ်ငန်းစဉ်နှင့် သစ်တောထောက်ခံချက်လုပ်ငန်းစဉ်များတွင် နိုင်ငံတကာသတ်မှတ်စည်းမျဉ်းများ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ ကွန်ဂိုနိုင်ငံတွင် သစ်ထုတ်လုပ်ငန်းများကို သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (Reducing Emission form Deforestation and Forest Degradation-REDD+) လုပ်ငန်းစဉ်အား အထောက်အကူပြုမည့် နည်းစနစ်များဖြင့် အကောင်အထည်ဖော်နေမှု၊ Voluntary Carbon Credit ရရှိရေးနှင့် သစ်ထောက်ခံချက်ပြုရေး လုပ်ငန်းအစီအစဉ်များ လက်တွေ့ကျင့်သုံး ဆောင်ရွက်နေမှုတို့ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့ သွားရောက်လေ့လာနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား စင်ကာပူနိုင်ငံအခြေစိုက် Olam International Pte., Ltd. ဒုတိယဥက္ကဋ္ဌ Mr.Darshan B.Raiy ani နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

မြန်မာ-ကနေဒါ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး မစ္စတာ မက်ခ်မက်ဒိုဝဲလ်သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ကနေဒါ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခွန်ဆောင်လို့ ဘဏ္ဍာတိုး တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး

မောင်တောမြို့နယ် ခရေမြိုင်ရဲကင်းမှ နယ်မြေလုံခြုံရေးပူးပေါင်းအဖွဲ့ လှည့်ကင်းဆောင်ရွက်စဉ် ဒုချီးရားတန်းရွာ၌ ဘင်္ဂါလီများက အုပ်စုဖွဲ့အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ရဲတပ်ကြပ်ကြီးတစ်ဦး၊ သေနတ်တစ်လက်၊ ခဲယမ်းအချို့နှင့်အတူပျောက်ဆုံးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၂

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ခရေမြိုင်ရဲကင်းမှ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း ဦးစီးပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေး လှည့်ကင်းဆောင်ရွက်စဉ် ဒုချီးရားတန်း (အလယ်)ရွာသို့အရောက် ဘင်္ဂါလီများက အုပ်စုဖြင့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းသည် သေနတ်တစ်လက်၊ ခဲယမ်းအချို့နှင့်အတူ ပျောက်ဆုံးမှု ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများကို ဆက်သွယ်အတည်ပြုခြင်းမရှိဘဲ AP သတင်းဌာနနှင့် ဧရာဝတီသတင်းဌာနတို့က မောင်တောမြို့နယ် ဒုချီးရားတန်းမှာ ဇန်နဝါရီ ၁၄ ရက်က အကြမ်းဖက်မှုတစ်ရပ် ဖြစ်ပွားခဲ့တဲ့အတွက် မွတ်စလင်အမျိုးသမီးများနှင့် ကလေးငယ်များ အသတ်ခံရကြောင်း၊ မောင်တောမြို့နယ်ဒေသခံတစ်ဦး၏အဆိုအရ သေဆုံးသူ ၄၀ ခန့်ရှိကြောင်း၊ သေဆုံးသူအချို့၏ ဒဏ်ရာများမှာ ဓားဒဏ်ရာများသာ ဖြစ်ကြောင်း တစ်ဖက်သတ်စွပ်စွဲဖော်ပြခဲ့သဖြင့် ဇန်နဝါရီ ၁၇ ရက်က ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပုဂံမြို့တွင်ကျင်းပသော အာဆီယံအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၌ သတင်းထောက်များအား ယင်းသတင်းဌာနတို့၏ ဖော်ပြချက်မှာ သတင်းမှားများသာဖြစ်ကြောင်း ရှင်းလင်းခဲ့ပြီး ဖြစ်သည်။

ထို့အတူ ဇန်နဝါရီ ၁၇ ရက်တွင် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့၏ ပူးတွဲကြေညာချက်၌ "ရခိုင်ပြည်နယ် ဇန်နဝါရီ ၁၃ ရက် ဖြစ်စဉ်နှင့်ပတ်သက်ပြီး ပဋိပက္ခဖြစ်ပွားခဲ့မှုများ၊ လူသေကျေဒဏ်ရာရရှိမှုများ၊ အင်အားသုံးဖြိုခွဲမှုများအတွက် စိုးရိမ်ပူပန်ကြောင်းနှင့် အဆိုပါဖြစ်စဉ်အပေါ် ထင်သာမြင်သာရှိအောင် ထိထိရောက်ရောက် စုံစမ်းဖော်ထုတ်သင့်ကြောင်း" ဟု ထုတ်ပြန်ခဲ့သည်။ ၎င်းအပြင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ တာဝန်ရှိ သံဝန်ထမ်းတစ်ဦးကလည်း ပြည်ထဲရေးဝန်ကြီးဌာနသို့လာရောက်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော်ဆောင်မှု အခန်းကဏ္ဍကို ဆွေးနွေးစဉ် "ယခုအခါ နိုင်ငံတကာအသိုင်းအဝိုင်းမှ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသည့် ကိစ္စနှင့်ပတ်သက်၍ စောင့်ကြည့်လျက်ရှိပါကြောင်း၊ မောင်တောမြို့တွင် လွန်ခဲ့သည့်အပတ်က ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်ကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့သည်ဟု သိရှိရပါကြောင်း၊ သို့ရာတွင် နိုင်ငံတကာအဖွဲ့အစည်းအဝေးထံမှသိရှိရသည့် သတင်းများအရ အရပ်သားများ သေဆုံးသည်ဟုလည်း သတင်းများထပ်မံရရှိသဖြင့် အခြေအနေမှန်အား သိရှိနိုင်ရေးအတွက် လွတ်လပ်မှု၊ ပွင့်လင်းမြင်သာမှုရှိသည့် စုံစမ်းစစ်ဆေးမှုများကို ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း" ဖြင့် ပြောကြားခဲ့သည်။

ဖြစ်စဉ်အမှန်မှာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက် ည ၉ နာရီခန့်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ခရေမြိုင်ရဲကင်းစခန်းမှ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း ဦးစီးတပ်ဖွဲ့ဝင် လေးဦးပါ လှည့်ကင်းအဖွဲ့သည် ခရေမြိုင်ရွာမှ ရွာလူကြီး ဦးမောင်ဘထွန်းနှင့်အတူ ကင်းချောင်းရွာသို့ ခြေကျင်လှည့်ကင်းထွက်ခဲ့ပြီး ကင်းချောင်းရွာတွင် ဆယ်အိမ်မှူး ဦးအောင်သန်း၊ ဦးမောင်သိန်းလှ၊ ဒုချီးရားတန်းကျေးရွာအုပ်စု စာရေး ဦးသန်းထွန်းဦး သုံးဦးတို့ကို ခေါ်ဆောင်၍ လှည့်ကင်းဆက်လက်ထွက်ခွာခဲ့ကြောင်း၊ ကင်းချောင်းရွာမှ ဒုချီးရားတန်း(အရှေ့)ရွာ (ခ)တပ်ဦးချောင်းရွာသို့ ရောက်ရှိခဲ့ပြီး ရွာလယ်လမ်းအတိုင်းဖြတ်လာခဲ့စဉ် ဒုချီးရားတန်း (အလယ်)ရွာ စာသင်ကျောင်းနှင့် ကင်းတဲအလွန် ဈေးဆိုင်များရှေ့သို့ ည ၉နာရီခွဲခန့်အရောက် ဘင်္ဂါလီ ၂၀ ခန့်သည် စုဝေးပြီး မီးလုံးနေသည်ကို တွေ့ရှိရကြောင်း၊ လှည့်ကင်းအဖွဲ့မှ လက်နှိပ်ဓာတ်မီးထိုး၍လာစဉ် မီးလုံးနေသူများက လက်နှိပ်ဓာတ်မီးဖြင့် ပြန်ထိုးပြီး စတင်မေးမြန်းခဲ့ကြောင်း၊လှည့်ကင်းအဖွဲ့က "ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များဖြစ်ကြောင်း" ပြန်ဖြေသော်လည်း ၎င်းတို့က အနီးဝန်းကျင်သို့ ဆက်သွားပြီး ခဲများဖြင့် စတင်ပစ်ပေါက်ကာ တုတ်၊ ဓားများ ကိုင်ဆောင်လျက် လူစုဝေးရန် အော်ဟစ်ခဲ့ကြောင်း၊ ထိုအချိန်တွင် လူ ၁၀၀ ခန့် ဝိုင်းဝန်းလာခဲ့သဖြင့် လှည့်ကင်းအဖွဲ့က "ငါတို့လှည့်ကင်းလာတာဖြစ်ကြောင်း၊ မင်းတို့ကို ရန်ရှာဖို့မဟုတ်ကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့တွေလည်းပါကြောင်း" ရှင်းပြရာ ၎င်းတို့က "ရဲတွေကိုလည်း သတ်မည်၊ အုပ်ချုပ်ရေးအဖွဲ့တွေကိုလည်း သတ်မည်"ဟုပြောပြီး ဝိုင်းလိုက်ခဲ့ကြောင်း၊ ညအချိန်ဖြစ်သည့်အပြင် တစ်ရွာလုံးနီးပါးထွက်လာပြီး ခန့်မှန်းမရလောက်အောင် အင်အားများလာခဲ့သောကြောင့် လှည့်ကင်းအဖွဲ့သည် လူအုပ်စုနှင့် ထိပ်တိုက်ရင်ဆိုင်မှုမပြုတော့ဘဲ ရဲတပ်သားမင်းရန်နိုင်၊ ဦးမောင်ဘထွန်း၊ ဦးအောင်သန်း၊ ဦးသန်းထွန်း၊ ဦးမောင်သိန်းလှတို့က ဒုချီးရားတန်း(အလယ်)ရွာ အရှေ့ဘက်မှ ကွန်ကရစ်လမ်းဘက်သို့ လည်းကောင်း၊ ရဲတပ်သား မင်းမင်းခိုင်နှင့် ရဲတပ်သားမင်းဇော်တို့က ရွာ၏ အရှေ့မြောက်ဘက်မှတစ်ဆင့် ခရေမြိုင်ရွာဘက်သို့ လည်းကောင်း လူစုခွဲရှောင်ပေးခဲ့ရကြောင်း၊ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းမှာ ၎င်းကိုင်ဆောင်သော လက်နက်နှင့်အတူလူစုကွဲ၍ ယင်းလူအုပ်စုအကြား၌ ကျန်ခဲ့ပြီး ရွာအတွင်းဘက်မှ သေနတ်သံ နှစ်ချက်ခန့် ကြားခဲ့ကြောင်း၊ လွတ်မြောက်လာသော တပ်ဖွဲ့ဝင်များသည် ခရေမြိုင်ရဲကင်းသို့ ည ၁၀ နာရီခန့် ပြန်လည်ရောက်ရှိ၍ မောင်တောမြို့မရဲစခန်းသို့ တယ်လီဖုန်းဖြင့် အခြေအနေအား ချက်ချင်း သတင်းပို့ခဲ့ပါကြောင်း၊ သတင်းရလျှင်ရချင်း တာဝန်ရှိသူ ရဲတပ်ဖွဲ့ဝင်များသည် နယ်မြေခံတပ်နှင့်ပူးပေါင်းပြီး ချီတက်ခဲ့ရာ ဒုချီးရားတန်းရွာသို့ ည ၁၂ နာရီခန့်တွင် ရောက်ရှိခဲ့ပြီး အဖွဲ့များခွဲ၍ ပိတ်ဆို့ရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ရှာဖွေရေးအဖွဲ့များ ဒုချီးရားတန်း (အလယ်)ရွာ အနောက်ဘက်သို့ အရောက်တွင် လူ ၅၀၀ ခန့်မှတုတ်/ ဓားကိုယ်စီဖြင့် ဆူပူအော်ဟစ်ဆဲဆိုကြိမ်းမောင်း၍ ရှေ့သို့တဖြည်းဖြည်းတက်လာသဖြင့် ကိုက် ၅၀ ခန့်အကွာအရောက်တွင် အန္တရာယ်ဖြစ်ပေါ်နိုင်၍လက်နက်ငယ်ဖြင့် ရှစ်ချက် သတိပေးပစ်ခတ်ခဲ့ရာ ၎င်းအဖွဲ့ ရွာတောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြကြောင်း သိရသည်။

ဇန်နဝါရီ ၁၄ ရက်တွင် ပိတ်ဆို့ရှာဖွေရေးအဖွဲ့များသည် ခရိုင်ဥပဒေအရာရှိ၊ မောင်တောမြို့ မြို့မ(တောင်) ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့မိ/ မြို့ဖတို့နှင့်ပူးပေါင်းပြီး ဆက်လက်ရှာဖွေရှင်းလင်းခဲ့ရာ ပျောက်ဆုံးနေသော ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း၏ သွေးစွန်းနေသော ယူနီဖောင်းအပိုင်းအစများ၊ ခါးပတ်၊ ခရာ၊ ချပ်ဝတ်တန်ဆာအပိုင်းအပြတ်များ၊ လည်တိုတောစီးဖိနပ် တစ်ရန်တို့ကို ဒုချီးရားတန်းကျေးရွာ ကင်းတဲအနီး၌လည်းကောင်း အစ္စမိုင်ဗလီအနောက်ရှိ အမှိုက်ကန်အတွင်းမှလည်းကောင်း၊ အာရ်ဗီကျောင်းရှိ ဗီရိုအတွင်းမှလည်းကောင်း တွေ့ရှိသိမ်းဆည်းရရှိခဲ့ကြောင်း၊ ဆက်လက်၍ ရှာဖွေရှင်းလင်းခဲ့ရာ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း ကိုင်ဆောင်သော သေနတ်၏ ကျည်အိမ်အလွတ်တစ်ခုအား ရွာ၏အနောက်ဘက်လယ်ကွင်း တစ်ဝိုက်မှ ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ မသင်္ကာသူများအား စိစစ်ဖော်ထုတ်ခဲ့ရာ ဇန်နဝါရီ ၁၅ ရက်တွင် ကိုးဦး၊ ဇန်နဝါရီ ၁၇ ရက်တွင် ခြောက်ဦး၊ ဇန်နဝါရီ ၁၈ရက်တွင်တစ်ဦး စုစုပေါင်း ၁၆ဦးတို့အား ခေါ်ယူမေးမြန်းဆဲဖြစ်ကြောင်း သိရသည်။

တာဝန်ရှိသူများအနေဖြင့် ယင်းကဲ့သို့ အုပ်စုဖွဲ့အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်အပေါ် ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရေးအတွက် တရားခံများအား ရှာဖွေဖော်ထုတ် စုံစမ်း စစ်ဆေးလျက်ရှိသကဲ့သို့ တာဝန်ရှိသူများက မောင်တောမြို့နယ် မူလတန်းလွန်ကျောင်းတွင် မောင်တောမြို့ပေါ်နှင့် ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဗလီဆရာများနှင့် ဒေသခံ ၈၀ တို့

ဇန်နဝါရီ ၁၉ ရက်က ဇော်မတက်ကျေးရွာ မူလတန်းလွန်ကျောင်း၌ အမှတ် (၄) ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးဦးစီး၍ မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး၊ အမှတ် (၁၃) ရဲတပ်ရင်းမှူး၊ မောင်တောမြို့မရဲစခန်းမှူး၊ မောင်တောခရိုင်သာသနာရေးကောင်စီမှ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များ၊ မော်လဝီဆရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

အား ဇန်နဝါရီ ၁၉ ရက်တွင် တစ်ကြိမ်နှင့် မောင်တောမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့မိ/မြို့ဖများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဗလီဆရာများ၊ ရပ်မိရပ်ဖ စုစုပေါင်း ၁၆၀ တို့အား ဇန်နဝါရီ ၂၀ ရက်တွင် တစ်ကြိမ် တွေ့ဆုံပြီး ယင်းကဲ့သို့ အကွက်ကျကျ ဖန်တီးကာ ကြိုတင်စီစဉ်လုပ်ဆောင်ခဲ့သည့် ယင်းလူအုပ်စုဖွဲ့ အကြမ်းဖက်လုပ်ရပ်အပေါ် အထောက်အထားများဖြင့် ရှင်းလင်းပြသခဲ့ကြောင်း၊ ထိုသို့ရှင်းလင်းပြောကြားမှုအပေါ် မောင်တောမြို့ မြို့မ(တောင်) ရပ်ကွက်နေ မော်လဝီဆရာကြီးတစ်ဦးကလည်း တက်ရောက်လာကြသော ရပ်မိရပ်ဖများနှင့် မော်လဝီများအား ဖြစ်စဉ်တွင်ပျောက်ဆုံးနေသော ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းနှင့် လက်နက်ပြန်လည်ရရှိရေး ပူးပေါင်း ဆောင်ရွက်ပေးကြရန် စည်းရုံးပြောဆိုခဲ့ကြောင်း။

အထက်ပါဖြစ်စဉ်သည် ရပ်ရွာအေးချမ်းသာယာရေးနှင့်နယ်မြေလုံခြုံရေးအတွက် ရပ်ရွာအုပ်ချုပ်ရေးမှ တာဝန်ရှိသည့် အရပ်သားများနှင့်အတူ လှည့်ကင်းတာဝန်ထမ်းဆောင်ခဲ့ကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များအား တာဝန်ထမ်းဆောင်နေမှန်းသိပါလျက် အကြောင်းမဲ့ လူအုပ်စုဖွဲ့ကာ တိုက်ခိုက်ခဲ့ကြသည့် ပြစ်မှုထိုက်သော အကြမ်းဖက်တိုက်ခိုက်မှုသာ ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် တပ်ဖွဲ့ဝင်တစ်ဦးသည် လက်နက်ခဲယမ်းအချို့နှင့်အတူ ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း၊ တာဝန်သိပြည်သူများ၏ သတင်းပေးပူးပေါင်းဖော်ထုတ်ချက်အရ အခင်းဖြစ်စဉ်တွင် ဒုချီးရားတန်း(အလယ်)ရွာမှ ပါဝင်ကျူးလွန်သူ ၁၉ ဦး ရှိကြောင်း၊ အဓိကဦးဆောင်ရန်ပြုသူများတွင်ပါဝင်သူ ကေဖိုက်ဒူလာ ၂၃ နှစ်သည် တစ်ဖက်နိုင်ငံ RSO အဖွဲ့တွင် သင်တန်းတက်ခဲ့သူဖြစ်ပြီး အခင်းမဖြစ်မီ ၁၀ ရက်ခန့်က ရောက်ရှိခဲ့၍ ၎င်း၏သူငယ်ချင်းဖြစ်သူ လေး၊ ငါးဦးခန့်အား သေနတ်ပုံစံတုတုတ်များပြုလုပ်ကာ သေနတ်များကိုင်တွယ် ပစ်ခတ်တတ်အောင် သင်ကြားပေးခဲ့ကြောင်း၊ အဒူမူနာ (ဘီဒီပြေး)နှင့် မောင်တောရဲစခန်းမှ ပြစ်မှုကျူးလွန်သဖြင့် ထောင်နှစ်နှစ်ကျဖူးသူ ဂျောဘူလာတို့ ဦးဆောင်ပါဝင်ခဲ့ကြပြီး ပြန်လည်ခိုးဝင် ရောက်ရှိနေသော ဘီဒီပြေးများနှင့် ပြစ်မှုကျူးလွန်ထားသူအချို့မှ မကြာခဏ တိမ်းရှောင် ပုန်းအောင်းနေရသောကြောင့် နယ်မြေစိုးမိုးရေးလှည့်ကင်းအဖွဲ့ဝင်များ ဝင်ရောက်ကင်းလှည့်ခြင်းမပြုနိုင်စေရန် နှောင့်ယှက်အန္တရာယ်ပြုနိုင်ရေး တိုင်ပင်ခဲ့ကြောင်း၊ အတည်ပြုဆဲသတင်းများအရ အဆိုပါ ၁၉ ဦးမှ ၁၁ ဦးသည် တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေပြီး ဒုချီးရားတန်းဖြစ်စဉ်နှင့် ပတ်သက်၍ ဆုရရှိရေး RSO အဖွဲ့များထံမှ တောင်းခံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ယခုဖြစ်ရပ်သည် ပြစ်မှုထိုက်သော အကြမ်းဖက်မှုကို ကျူးလွန်ခဲ့ကြခြင်းဖြစ်၍ တရားခံများ ဖမ်းဆီးရမိရေးနှင့် တာဝန်ထမ်းဆောင်ရင်း ပျောက်ဆုံးနေသော တပ်ဖွဲ့ဝင်တစ်ဦးနှင့် နိုင်ငံပိုင်လက်နက်ခဲယမ်းများ ပြန်လည်ရရှိရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ မပျက်ပြားစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိနေသကဲ့ ပြည်သူလူထုကလည်း မိမိတို့စွမ်းဆောင်နိုင်သမျှ ဘောင်အတွင်းမှနေ၍ ရဲတပ်ဖွဲ့သို့ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က မေတ္တာရပ်ခံထားကြောင်းနှင့် အချို့သောသတင်းဌာနများနှင့် သံတမန်အချို့၏ ပြောဆိုဝေဖန်နေမှုများမှာ မဟုတ်မမှန်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

Grand Guardian Insurance Public Co.,Ltd. ၏ ဂရင်းဂါးဒီးယန်းအာမခံ(မန္တလေးရုံးခွဲ)ဖွင့်လှစ်

မန္တလေး ဇန်နဝါရီ ၂၂

Grand Guardian Insurance Public Co.,Ltd. ၏ ဂရင်းဂါးဒီးယန်းအာမခံ(မန္တလေးရုံးခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ် ၅၈၁ လမ်း ၃၀ နှင့် ၈၁ လမ်းထောင့်ရှိ အဆိုပါရုံးရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးရဲမြင့် တက်ရောက်၍ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာမြင့်ကြူ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ Grand Guardian အာမခံကုမ္ပဏီမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Grand Guardian Insurance Public Co.,Ltd. ၏ ဂရင်းဂါးဒီးယန်းအာမခံ (မန္တလေးရုံးခွဲ) အား ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာမြင့်ကြူနှင့် ဂရင်းဂါးဒီးယန်းအာမခံကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ ဦးရုံးမူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂရင်းဂါးဒီးယန်းအာမခံ (မန္တလေးရုံးခွဲ)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးနောက် ရုံးအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

Grand Guardian Insurance Public Co.,Ltd. သည် မတည်ရင်းနှီးငွေ ၄၆ ဘီလီယံထည့်ဝင်၍ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုအဖြစ် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပြီး ဆောင်ရွက်ပေးနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများမှာ အသက်အာမခံ၊ မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ သမာဓိအာမခံ၊ ငွေသားလုံခြုံမှုအာမခံနှင့် ငွေသားသယ်ပို့အာမခံတို့ ဖြစ်ကြသည်။

Grand Guardian အာမခံကုမ္ပဏီ၏ ရုံးချုပ်ကို အမှတ်(၁၉၊၂၀) ဂျန်းရှင်းစကွဲ ပြည်လမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့တွင် ၂၀၁၃ ခုနှစ် ဇွန် ၁၂ ရက်က အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ မန္တလေးရုံးခွဲအနေဖြင့် ဝန်ထမ်းအင်အား ၅၀ ဖြင့် အာမခံလုပ်ငန်းများကို တွင်ကျယ်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ဂျုံနှင့် ကုလားပဲသီးနှံများ နည်းပညာပေးဆွေးနွေးပွဲကျင်းပ

ချောင်းဦး ဇန်နဝါရီ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ခုနှစ် စိုက်ပျိုးရာသီ ဂျုံနှင့်ကုလားပဲသီးနှံများ စိုက်ပျိုးထားရှိမှု၊ သုတေသနနှင့်မျိုးစေ့၊ မျိုးသန့်ပွားများထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီက ချောင်းဦးမြို့နယ် ပေါက်အင်းစိုက်ကွင်း၌ ကျင်းပသည်။

စက်မှုသီးနှံဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းရှိန်က ပေါက်အင်းစိုက်ကွင်းဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဓိကတာဝန်ကြီးသုံးရပ်နှင့်အညီ ဂျုံ ကုလားပဲသီးနှံများ စိုက်ပျိုးထားရှိမှုနှင့် တောင်သူများ မျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် ဖြန့်ဖြူးပေးနိုင်ရေး အထူးအလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ချောင်းဦးမြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဦးလှသိန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ တောင်သူလယ်သမားများဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးမြင့်မားပြီး ဈေးကွက်ဝင်သည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး သိပ္ပံနည်းကျစိုက်နည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များရရှိရေး အထူးအလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ပေါက်အင်းစိုက်ကွင်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်က ပေါက်အင်းစိုက်ကွင်း၏ ဂျုံ ကုလားပဲသီးနှံများ စိုက်ပျိုးထားရှိမှု၊ စိုက်ကွင်းမှ နိုင်ငံတော်အတွက် နှစ်စဉ်အကျိုးအမြတ်များရရှိအောင်ဆောင်ရွက်မှုနှင့် ယခုနှစ်တွင် ဂျုံမျိုးသန့် ၄၈ ဧက၊ ကုလားပဲမျိုးသန့်ဧက ၃၀ စိုက်ပျိုးထားပြီး မျိုးသန့်များ ပွားများထုတ်လုပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဂျုံ ကုလားပဲသီးနှံများ၏ သုတေသနနှင့်မျိုးသန့်စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများ၊ (GAP) စိုက်ပျိုးနည်းစနစ်များ၊ အပင်ပိုးမွှားရောဂါများကာကွယ်နှိမ်နင်းခြင်း နည်းလမ်းများကို စိုက်ကွင်းမှ စိုက်ပျိုးရေး တာဝန်ခံနှစ်ဦးက တောင်သူများသို့ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဂျုံမျိုးသန့်ခြောက်မျိုး မျိုးယှဉ်ပြိုင်စမ်းသပ်မှု၊ ကုလားပဲမျိုးသန့်လေးမျိုး မျိုးယှဉ်ပြိုင်စမ်းသပ်ထားရှိသည့် အကွက်များကို တောင်သူများသို့ လိုက်လံပြသသည်။ တောင်သူများက သိလိုသည်များ မေးမြန်းမှုနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားကြပြီး စိုက်ပျိုးနည်းစနစ်များသိရှိစေရန်အတွက် တောင်သူနည်းပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကုန်စည်ကိုဝယ်ယူရောင်းချသည့် လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ချက်

- မိမိလုပ်ငန်းသည် တစ်နှစ်ရောင်းရငွေ သိန်း ၁၀၀ အထက်ရှိပါက ကုန်သွယ်လုပ်ငန်းခွင် အခွန်ထမ်းအဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးတွင် လျှောက်ထား၍လုပ်ငန်းမှတ်ပုံတင်လက်မှတ် ထုတ်ယူကြရပါမည်။
- ကုန်စည်ဝယ်ယူသူက ပေးချေရမည့် ကုန်စည်၏ကျသင့်တန်ဖိုးနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို ပြေစာဖြင့် တစ်ပါတည်း ကောက်ခံပေးရပါမည်။
- ကောက်ခံထားသည့် ကုန်သွယ်လုပ်ငန်းခွန်သည် နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေဖြစ်ပါသဖြင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ကြိုတင်ရယူထားသည့် လစဉ်ငွေသွင်းချလန်ပုံစံဖြင့် သက်ဆိုင်ရာလကုန်ဆုံးပြီး ၁၀ ရက်အတွင်း သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရပါမည်။
- ရောင်းချသည့်ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ကိုယ်တိုင် ပြည်ပမှ တင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ပေးသွင်းနိုင်ပါသည်။
- လစဉ် အခွန်ပေးသွင်းပြီးကြောင်း ချလန်အမှတ်နှင့် ပေးသွင်းရက်စွဲတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ကြိုတင်ရယူထားသည့် သုံးလတစ်ကြိမ်ကြေညာလွှာတွင် ရေးသွင်းဖော်ပြ၍ သုံးလပတ်ကုန်ဆုံးပြီး တစ်လအတွင်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရပါမည်။
- နှစ်ချုပ်ကြေညာလွှာပုံစံကို မြို့နယ်အခွန်ဦးစီးဌာနမှူးမှရယူ၍ နှစ်အတွင်း အမှန်ရောင်းရငွေ၊ ပေးဆောင်ထားပြီး အခွန်တို့ကို ဖော်ပြလျက် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သုံးလအတွင်း တင်သွင်းရပါမည်။



အမည်ပြောင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၊ အမက(၁၈၄)၊ တတိယတန်းတွင် ပညာသင်ကြားနေသော ဦးကြည်မင်း-ဒေါ်လှိုင်လှိုင်ဌေးတို့၏ သားမောင်ရဲမျိုးသူအား မောင်ဝေယံအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝေယံအောင်**

အမည်မှန်

တောင်ကြီးမြို့၊ ပညာရေးလေ့ကျင့်ရေးကျောင်း၊ အဌမတန်းအောင်မှ မောင်ထွန်းနိုင်လင်း၏ အမည်မှန်မှာ စိုင်းထွန်းနိုင်လင်း ဖြစ်ပါကြောင်း။

စိုင်းထွန်းနိုင်လင်း

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ ခြောက်လွှာ၊ အမှတ် ၇၈၉နေ ဒေါ်အိသူဇာဝင်းမောင် ၁၂/ဥကတ(နိုင်)၁၂၈၁၄၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိသူဇာဝင်းမောင်အား အဘိုးနှင့်အဘွားတော်စပ်သူ ဦးကျော်ငြိမ်း၊ ဒေါ်တင်အေးတို့ဇနီးမောင်နှံမှ ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ၁၈-၃-၂၀၁၀ ရက်က အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ် မွေးစားစာချုပ် ချုပ်ဆို၍ တရားဝင်အမွေစားအမွေခံသမီးအဖြစ် မွေးစားခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိသူဇာဝင်းမောင်သည် ဦးကျော်ငြိမ်း၊ ဒေါ်တင်အေးတို့၏ တရားဝင်အမွေစားအမွေခံသမီးသားသမီးရင်းဖြစ်၍ မိဘများအား ပြုစုစောင့်ရှောက်လာသည့်အတွက် မိခင်ကြီးဒေါ်တင်အေးသည် ၎င်းပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ သံသုမာလမ်း၊ မြေကွက်အမှတ် ၈၅၈-က ရှိ အလျားပေ၆၀× အနံ၂၁ပေ၊ ဧရိယာ ၁၂၆၀စတုရန်းပေ၊ ဝဒသမ ၀၂၉ဧကရှိ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၂၈-၁၀-၂၀၁၀ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မိခင်ဒေါ်တင်အေးမှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆို၍ တရားဝင်ပေးကမ်းခဲ့ပြီးဖြစ်ပါသည်။ ထိုစဉ်အချိန်က မည်သူတစ်ဦးတစ်ယောက်ကမျှ ကန့်ကွက်ခဲ့ခြင်းအလျဉ်းမရှိခဲ့ပါ။ ထို့ကြောင့် ယခုအခါ အထက်ဖော်ပြပါ မြေကွက်သည် ဒေါ်အိသူဇာဝင်းမောင် အမည်ဖြင့် နှစ် ၆၀ဂရန်တွင် အမည်ပေါက်ပိုင်ဆိုင်လျက် ရှိနေပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေမှ အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ၍ တစ်ဆင့်လွှဲပြောင်းရောင်းချမှုအပေါ် မည်သူတစ်စုံတစ်ဦးတစ်ယောက်ကမျှ ကန့်ကွက်ခြင်း၊ ဟန့်တားခြင်း တစ်စုံတစ်ရာမပြုလုပ်ကြရန် အသိပေးအကြောင်းကြားအပ်ပါသည်။ အထက်ပါကြေညာချက်များအား ပြုလုပ်ခဲ့ပါက ကျွန်ုပ်မိတ်ဆွေ၏ကိုယ်၊ စိတ်၊ ဂုဏ်သရေကို ထိခိုက် နစ်နာအောင်ပြုလုပ်မှုအပေါ် တည်ဆဲဥပဒေများအရလည်းကောင်း၊ တရားမကြောင်း အရလည်းကောင်း တရားစွဲဆိုခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သူဇာဝင်းမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်စိုး (စဉ်-၁၆၇၃၇)
B.A(Hist:), M.A(Q)II, H.G.P, D.B.L, D.M.L, D.A Psy, B.D.S 4/2001
စီးပွားရေးနှင့်ဥပဒေရေးရာအကြံပေးဥပဒေအကျိုးဆောင်
အိမ်အမှတ် ၈၄၄-ခ၊ စာဂ ၁၆ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၃၂၀၈၅၁၃၊ ၀၉-၈၆၁၈၀၄၅၊ ၀၉-၇၃၁၇၁၉၂၅
ရုံးအမှတ် ၉၉၉၊ သစ္စာလမ်း(ဥပဒေရုံးအနီး)၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မျက်စိအထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်များ အခမဲ့ကွင်းဆင်းကုသ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ညွှန်ကြားမှုဖြင့် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်လမ်းရှိ မျက်စိအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးငွေဆန်း ဦးဆောင်ကာ မျက်စိဆရာဝန် သုံးဦး၊ မျက်စိကျွမ်းကျင် နှစ်ဦး၊ သူနာပြုအုပ် အပါအဝင် သုံးဦးတို့ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ဒေသန္တရကျန်းမာရေးဆေးခန်း၌ ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂နာရီ လူနာကုန်သည်အထိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးသည်။ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၀ မှ မျက်စိဝေဒနာ လာရောက်ပြသသူများအား မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်ဥမ္မာမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် လူမှုရေးအဖွဲ့အစည်းများက လိုအပ်သော ပံ့ပိုးကူညီမှုများကို စနစ်တကျဝိုင်းဝန်းဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

မျက်စိဝေဒနာရှင်များ အခမဲ့စမ်းသပ်ကုသပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး၊ အတွင်းရေးမှူး ဦးမင်းနိုင်တို့ လာရောက်ကြည့်ရှုအားပေးသည်။ အဆိုပါနေ့က မျက်စိဝေဒနာရှင် ၂၆၄ ဦး လာရောက်စစ်ဆေးကုသမှုခံယူပြီး ခွဲစိတ်ကုသခံရမည့် မျက်စိဝေဒနာရှင် ၂၃ ဦးတို့အား မျက်စိအထူးကုဆေးရုံကြီးသို့ ရက်ချိန်းပေး ချိန်းဆိုပြီး ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

သန်းခေါင်စာရင်းဆိုင်ရာဟောပြောပွဲ နိုင်ငံသားစိစစ်ရေးကတ်နေ့ချင်းပြီးပြုလုပ်ပေး

နေပြည်တော် ဇန်နဝါရီ ၂၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဦးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက ပျဉ်းမနားမြို့နယ်အရှေ့ခြမ်း တောင်ပေါ်ဒေသရှိ ဘန့်ဘားကျေးရွာအုပ်စု အောင်ဘိတ်သိပ်ကျေးရွာ၊ သံဖရဲကျေးရွာ၊ လက်ဖက်တောင်ကျေးရွာ၊ ဆိပ်ဖူးတောင်ကျေးရွာတို့မှ ကရင်တိုင်းရင်းသားများအား ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာများကို ရှင်းလင်းဟောပြောခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်အတူ ရုံးဝန်ထမ်းများက ကရင်တိုင်းရင်းသား ၉၂ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်လင်းနှင့် ရပ်မိရပ်ဖ ဦးစောပီတာနှင့်အတူ ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များ၊ တောင်ပေါ်ကရင်တိုင်းရင်းသား ၂၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

ကိုကြီးကျော်(ပျဉ်းမနား)

ချင်းကပေးသော ကျန်းမာရေး

၁။ ချင်းမှာ မမျိုးဥအိမ်ကင်ဆာ(သားအိမ်ခေါင်းကင်ဆာ)ကို ကုသပေးနိုင်တဲ့အစွမ်းသတ္တိရှိပါတယ်။
၂။ အူမကြီးကင်ဆာဖြစ်ပွားမှုကိုလည်း ကာကွယ်တားဆီးပေးနိုင်ပါတယ်။
၃။ နံနက်ပိုင်းတွင်ဖြစ်တတ်သော အော့အန်၍ မအီမသာဖြစ်ခြင်းကို သက်သာပျောက်ကင်းစေပါတယ်။
၄။ လှုပ်ရှားမှုကြောင့်ဖြစ်တတ်သော ခေါင်းမူးခြင်း (ဥပမာ-ကားမူး၊ လှိုင်းမူးခြင်း)ကို ပျောက်ကင်းစေနိုင်ပါတယ်။
၅။ ရောင်ရမ်းနာကျင်တဲ့ဝေဒနာတွေမှ လျော့ပါးသက်သာစေပါတယ်။
၆။ ဆီးချိုရောဂါကြောင့်ဖြစ်တဲ့ ကျောက်ကပ်ရောဂါကို ကာကွယ်ပေးပါတယ်။
၇။ ခေါင်းကြီးကိုက်ရောဂါခေါ် ပျို့အန်ခြင်း၊ အမြင်အာရုံထိခိုက်ခြင်းတို့ပါဝင်ပြီး မကြာခဏခေါင်းကိုက်တတ်တဲ့ရောဂါကို သက်သာလျော့ပါးစေပါတယ်။
၈။ ဓမ္မတာလာချိန်ဖြစ်ပွားတတ်တဲ့ နာကျင်ကိုက်ခဲမှုဝေဒနာတွေကို သက်သာအောင် ပြုလုပ်ပေးပါတယ်။
၉။ အအေးမိတုပ်ကွေးရောဂါတွေမကူးစက်အောင် ကာကွယ်ပေးပါတယ်။
၁၀။ အစာမကြေခြင်းကြောင့် ဖြစ်ပွားတတ်တဲ့ ရင်ပူခြင်းဝေဒနာကို သက်သာပျောက်ကင်းစေပါတယ်။

သရက်သီး၏ အကျိုးကျေးဇူးများ

၁။ ကင်ဆာရောဂါတွေကို ကာကွယ်တားဆီးပေးနိုင်စွမ်းရှိပါတယ်။
၂။ အမြင်အာရုံကို တိုးတက်ကောင်းမွန်စေပါတယ်။
၃။ ကော့ပါးဓာတ်ကို မြင့်မားစေပါတယ်။
၄။ အိမ်ထောင်ရေးသုခကို ပေးစွမ်းနိုင်ပါတယ်။
၅။ အစာချေဖျက်နိုင်စွမ်းကိုလည်း တိုးမြှင့်ပေးပါတယ်။
၆။ ကိုလက်စထရောပမာဏကို လျှော့ချပေးပါတယ်။
၇။ မှတ်ဉာဏ်စွမ်းရည်ကို တိုးမြှင့်ပေးပါတယ်။
၈။ အာရုံစူးစိုက်မှု ပိုမိုအားကောင်းလာအောင်လည်း ကူညီပေးပါတယ်။

ဘာသာပြန်-ဇင်ဇင်မင်းလွင်

စာပေမြင့်မှ လူမျိုးတင့်မည်

ပညာသင်စရိတ်ထောက်ပံ့ပေးအပ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

မော်လူး ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအခြေခံပညာ အထက်တန်းကျောင်း သရဖီခန်းမဆောင်၌ ဇန်နဝါရီ ၁၉ ရက် မွန်းတည့် ၁၂ နာရီက ပညာထူးချွန်ထက်မြက်သူများကို ပညာသင်စရိတ်ထောက်ပံ့ပေးအပ်နိုင်ရေးအတွက် မြတ်ပါရမီ ပညာရေးဖောင်ဒေးရှင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပသည်။

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းစိန်က အမှာစကားပြောကြားရာတွင် အဆိုပါအသင်းမှာ မော်လူးဒေသတစ်ခုလုံးရှိ ကျေးရွာ ၄၃ ရွာမှ ထူးချွန်ထက်မြက်ပြီး ပညာဆက်လက်သင်ကြားမှု အခက်အခဲရှိသော အခြေခံပညာအထက်တန်းအောင် ကျောင်းသား ကျောင်းသူများကို ရည်ရွယ်ပါကြောင်း၊ အသင်းဥက္ကဋ္ဌ အထက်တန်းပြ(ငြိမ်း) ဦးသောင်းဖေက အသင်းစတင်ပေါ်ပေါက်လာပုံနှင့် ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ပညာထူးချွန်ထက်မြက်သော အခြေခံပညာ အထက်တန်းအောင်မြင်သော ဆေးပညာ၊ သွားဘက်ဆိုင်ရာ၊ စက်မှုစသည့်ဘာသာများကိုသာ ရည်ရွယ်ပါကြောင်း၊ အဆိုပါ ထောက်ပံ့မှုကို ရေရှည်တည်တံ့နိုင်ရန်၊ အသင်းသားများ တိုးတက်များပြားလာရန်နှင့် ရန်ပုံငွေ မတည်မှုခိုင်မာလာရန် လိုအပ်ပါကြောင်း၊ ရပ်မိရပ်ဖ ဦးတင်ရွှေက အသင်းရေရှည်တည်တံ့နိုင်ရန် ရန်ပုံငွေရှာဖွေရေးအတွက် စနစ်တကျဆောင်ရွက်ရန်နှင့် စေတနာရှင်မိဘများက ဝိုင်းဝန်းကူညီပံ့ပိုးလှူဒါန်းရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပြီး တက်ရောက်လာကြသော အသင်းသူအသင်းသားများက စုစုပေါင်း အလှူငွေကျပ်တစ်သိန်း ထည့်ဝင်လှူဒါန်းကြသည်။

နီတိုး

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

ညောင်လေးပင် ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး အမှတ်(၃) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲမှူးရုံး ညောင်လေးပင်မြို့ ယာဉ်ထိန်းတပ်ဖွဲ့တာဝန်ခံ ဒုရဲအုပ်စန်းယုနှင့် နယ်မြေခံတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီခွဲက ညောင်လေးပင်မြို့ မြို့မ(၃) ရပ်ကွက် ဈေးအနောက်ဘက်လမ်း၌ ဆိုင်ကယ်စီးနင်းသူများနှင့် ဆိုင်ကယ်ကယ်ရီယာဉ်မောင်းသူများ၊ အနေးယာဉ်မောင်းသူများအား ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်၊ ဆိုင်ကယ်စီးလျှင် နှစ်ဦးထက်ပိုမစီးကြရန်နှင့် ဆိုင်ကယ်နံပါတ်ပြား၊ နောက်ကြည့်မှန်များ တပ်ဆင်ကြရန်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာကြရန်၊ ဈေးအတွင်း ယာဉ်မောင်းလျှင် သတ်မှတ်ထားသော အညွှန်းအတိုင်း အဝင်လမ်း၊ အထွက်လမ်းအတိုင်းသတိပြု၍ မောင်းနှင်ကြရန်တို့ကို ကွင်းဆင်းကာ ရှင်းလင်းဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

တိပိဋကပုလဲရတုအကြိုနှင့် မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ် (၅၅)နှစ်ပြည့် ပူဇော်ပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ်၊ ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၏ တိပိဋကဘွဲ့ရပုလဲရတုအကြိုနှင့် ကျောင်းတိုက်တည်(၅၅)နှစ်ပြည့် အထိမ်းအမှတ် ဓမ္မအောင်ပွဲအဖြစ် တစ်နှစ်တာ စာအောင်သံဃာတော်များ ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ဓမ္မသဘင်ပွဲများကို ကျင်းပမည်ဖြစ်ရာ ၂၅-၁-၂၀၁၄ရက်နှင့် ၂၇-၁-၂၀၁၄ ရက်မှ ၃၀-၁-၂၀၁၄ရက်အထိ ငါးရက်တိုင်တိုင် တိပိဋကယောဆရာတော်က နံနက် ၉ နာရီတွင် တစ်ရက်လျှင် ပင့်သံဃာ ၂၀၀၊ သီလရှင် ၅၀ စုစုပေါင်း သံဃာ+သီလရှင် ၂၅၀တို့အား ဆွမ်း၊ ဆွမ်းဟင်းလောင်းလှူ၍ သင်္ကန်းစသောလှူဖွယ်များကို လှူဒါန်းပါမည်။ ၂၆-၁-၂၀၁၄ရက် နံနက် ၉နာရီတွင် အထူးပင့်သံဃာအပါး ၅၀တို့အား လှူဖွယ်များလှူဒါန်း၍ စာအောင်သံဃာပူဇော်ပွဲ ကျင်းပပါမည်။ တရားပွဲများကိုလည်း အောက်ပါဆရာတော်များက ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားအပ်ပါသည်။

၂၆-၁-၂၀၁၄ ရက်	တနင်္ဂနွေနေ့	အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)
၂၇-၁-၂၀၁၄ရက်	တနင်္လာနေ့	ရွှေပါရမီ အရှင်ဆန္ဒာဓိက
၂၈-၁-၂၀၁၄ရက်	အင်္ဂါနေ့	ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ
၂၉-၁-၂၀၁၄ရက်	ဗုဒ္ဓဟူးနေ့	ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ
၃၀-၁-၂၀၁၄ရက်	ကြာသပတေးနေ့	သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ

ညောင်ဦးမြို့နယ် ပုဂံမြို့၊ ဂန့်ဂါရပ်ကွက်၊ ဟိုတယ်ဇုန် (၄)တွင် မြေကွက်ရရှိထားသူများသိရှိစေရန် ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ ပုဂံမြို့ ဂန့်ဂါရပ်ကွက်၊ ဟိုတယ်ဇုန် (၄)တွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် စည်းကမ်းချက်များသတ်မှတ်၍ မြေကွက်တည်နေရာများကို ချထားခွင့်ပြုခဲ့ရာ ယနေ့အထိ မြေကွက်လပ်နေရာများအဖြစ် တည်ရှိနေကြောင်း တွေ့ရှိရသဖြင့် ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ဆုံးထား၍ ခြံစည်းရိုးကာရံခြင်း၊ အဆောက်အအုံများ ဆက်လက်ဆောက်လုပ်ခြင်းများ ပြုလုပ်သွားရန်နှင့် ဆောက်လုပ်ခြင်းမရှိသော မြေကွက်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညောင်ဦးခရိုင်

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန e-Government လုပ်ငန်းအတွက် လိုအပ်သောစက်ပစ္စည်းများ ဝယ်ယူရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအတွက် လိုအပ်သော e-Government လုပ်ငန်းသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က)	Desktop Computer i7	၉	လုံး
(ခ)	Desktop Computer i5	၆	လုံး
(ဂ)	Laptop Computer i3	၈	လုံး
(ဃ)	External H.D.D 1 TB	၁၀	လုံး
(င)	Colour Printer (Inkjet)	၃	လုံး
(စ)	Laser Printer (ဖြူ/မဲ)	၅	လုံး
(ဆ)	Scanner A4	၆	လုံး
(ဇ)	Digital Camera (still)	၄	လုံး
(ဈ)	Projector & Screen	2	Set
(ည)	Rack Type Server NEC	1	Set
(ဋ)	Network Accessories	1	Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၂၇-၁-၂၀၁၄ ရက်မှ ၃၁-၁-၂၀၁၄ရက်အထိ နေ့စဉ် ၉း၀၀ နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၄-၂-၂၀၁၄ရက် ၁၁း၀၀နာရီမှ ၁၂း၀၀နာရီအတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် ၃၅၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၉-၄၃၀၁၉၁၆၈ နှင့် ၀၆၇-၄၀၈၄၁၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	**တင်ဒါပုံစံများတင်သွင်းရန်လိပ်စာ**
ယဉ်ကျေးမှုဝန်ကြီးဌာန	**ယဉ်ကျေးမှုဝန်ကြီးဌာန**
ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန	**ရုံးအမှတ် ၃၅၊ နေပြည်တော်၊**
ရုံးအမှတ် ၃၅၊ နေပြည်တော်၊	**ဖုန်း-၀၉-၄၃၀၁၉၁၆၈၊ ၀၆၇-၄၀၈၄၁၈**
ဖုန်း-၀၉-၄၃၀၁၉၁၆၈၊ ၀၆၇-၄၀၈၄၁၈	

ရန်ကုန်ပညာရေးတက္ကသိုလ် B.Ed(1966-1971)

နှစ်ပတ်လည်မိတ်ဆုံပွဲနှင့် မြတ်ဆရာပူဇော်ပွဲကျင်းပပါမည်။ ဆက်ဆက် လာရောက်တွေ့ဆုံကြပါရန် ဖိတ်ကြားပါသည်။

နေ့ရက် - ၂၅-၁-၂၀၁၄ ရက်(စနေနေ့)
နေရာ - (၁)တက္ကသိုလ်များဓမ္မာရုံ(နံနက် ၉ နာရီ)
(၂)KKS စားသောက်ဆိုင်(မွန်းတည့် ၁၂ နာရီ)
အင်းလျားလမ်း၊ ရတနာဆောင်မျက်နှာချင်းဆိုင်

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး

ယာဉ်အမှတ် ၅င/၉၉၂၀၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မသီတာအေး ဖုန်း-၀၉-၄၂၀၀၂၉၁၈၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄င/၉၇၃၅ Nissan ADV 412, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးသက် ၁၂/သကတ(နိုင်)၁၉၉၆၃၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တရုတ်နှစ်သစ်ကူးနီးလာသဖြင့် မူဆယ်ပို့ကုန်ကားခများဈေးတက်

ရန်ကုန် ဇန်နဝါရီ ၂၂

တရုတ်နှစ်သစ်ကူးပွဲတော်ရက်နီးလာသဖြင့် ရန်ကုန်-မူဆယ်ဆန်ပို့ကားခ ဈေးနှုန်းများ ဈေးတက်လာရာ ဇန်နဝါရီလ တတိယပတ်အတွင်း တစ်တန်လျှင် ငွေကျပ် ၉၅၀၀၀ နှုန်းဖြစ်လာကြောင်း၊ ခရမ်းဒေသမှ ဖရဲသီး တစ်တန်လျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်း၊ ပဲခူးဘိုင်းဒါး(ပြွန်တန်ဆာ)ဒေသမှ ငွေကျပ် ၁၀၅၀၀၀ နှုန်းရှိကြောင်း သိရသည်။

ဇန်နဝါရီလဆန်းပိုင်းတွင် ရန်ကုန်မှ မူဆယ်သို့ ဆန်တစ်တန်ကားခ ငွေကျပ် ၈၇၀၀၀ နှုန်းသာရှိကြောင်း၊ နှစ်သစ်ကူးပွဲတော်ရက်ကြောင့် သွင်းကုန်များနည်းလာပြီး အပြန်ကုန်ရရှိမှု နည်းနိုင်သဖြင့် မူဆယ်သို့သွားမည့်ကားနည်းလာခြင်း၊ ပွဲတော်ရက်အသုံးများသည့် ဖရဲသီး အပို့များလာခြင်းတို့ကြောင့် ဆန်တင်ပို့မှုကားခဈေးမြင့်လာရကြောင်း၊ နယ်စပ်တွင်သိုလှောင်ရန် ဆန်တင်ပို့မှုများ ရှိနေဆဲဖြစ်ကြောင်း ရန်ကုန်-မန္တလေးကားဂိတ်များမှ သိရသည်။

ဘိုင်းဒါး(ပဲခူး)ဒေသမှ ဖရဲသီးအထွက် လှိုင်လာမည်ဖြစ်၍ ကားခဈေး ဖရဲသီးတစ်တန်လျှင် ငွေကျပ် ၁၁၀၀၀၀ သို့ မြင့်တက်လာနိုင်ကြောင်း၊ ရန်ကုန်-မူဆယ်ကားခ ဈေးမြင့်လာသော်လည်း ပို့ကုန်မများသော ရန်ကုန်-မန္တလေးတွင် အောက်ခံကုန် တစ်ပိဿာ ကားခငွေကျပ် ၇၀ ဖြင့် ဈေးငြိမ်နေသည်မှာ လချီနေကြောင်း မန္တလေးကုန် ကားဂိတ်ပိုင်ရှင်တစ်ဦးထံမှ ဆိုသည်။

ရန်ကုန်ဆန်ဈေးနှုန်းမြင့်တက်မှုကြောင့် ပုသိမ်-ရန်ကုန်ဆန် တစ်အိတ်ကားခမှာ ယခင်ငွေကျပ် ၅၅၀ မှ ယခုရက်ပိုင်းတွင် ၆၀၀ ကျပ်နှုန်းသို့ မြင့်တက်လာကြောင်း၊ ပုသိမ်မှ ဆန်တင်ဆောင်ခြင်းထက် ငါးခြောက်၊ ကြက်၊ ဝါ၊ သစ်၊ မီးသွေးတင်ဆောင်ခြင်းသည် ခြောက်ဘီးကားတစ်စီးလျှင် ကားခငွေကျပ် တစ်သိန်းကျော် ဝင်ငွေပိုရခြင်း၊ ပုသိမ်မြို့တွင်းသို့ ညအချိန်ဝင်ရောက် ကုန်ချမှုကို ခြောက်ဘီးကားအချို့ ပြုလုပ်နေ၍ ခေါက်တိုသယ်စရိတ် ကျပ်ငါးသောင်း သက်သာခြင်းတို့ကြောင့် ရန်ကုန်မှ ပုသိမ်သို့ ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ကားခငွေကျပ် ၂၀၀ ဝန်းကျင် လျှော့ချမှုများရှိလာရာ ကြက်သွန်နီတစ်အိတ်လျှင် ကားခကျပ် ၁၁၀၀၊ ၁၄၀၀ ဟူ၍ ကားခနှုန်း နှစ်မျိုးဖြစ်ပေါ်နေကြောင်း ကုန်သည်များက ဆိုသည်။ ပုသိမ်ထက်ခရီးမိုင် ၁၇ မိုင်နည်းသော ရန်ကုန်-ဟင်္သာတ ခရီးစဉ်တွင် ကြက်သွန်နီတစ်အိတ် ကားခ ငွေကျပ် ၅၀၀၊ ၆၀၀ သာရှိသည်ဟု ဟင်္သာတ ကုန်ကားပိုင်ရှင် တစ်ဦးက ဆိုသည်။ **ခင်ဆိုင်**

ပဲစင်းငုံ အထွက်နှုန်းကျဆင်း

မြင်းမူ ဇန်နဝါရီ ၂၂

မြင်းမူမြို့နယ်အတွင်း ယခုနှစ် ပဲစင်းငုံပေါ်ချိန်တွင် ရာသီဥတု အခြေအနေကြောင့် အထွက်နှုန်း ကျဆင်းမှုနှင့် ကြုံရကြောင်း တောင်သူအချို့က ပြောကြားသည်။

“ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ် ဇွန်လကတည်းက ပဲစင်းငုံစိုက်ရန် ထယ်ရေး တစ်ခါထိုးခဲ့တယ်။ ဇူလိုင်လကုန်ခါနီး ပဲစင်းငုံမျိုးစေ့ ရှစ်ပြည်ချခဲ့ပါတယ်။ တင်း ၂၀ ခန့် ထွက်ရှိမယ်လို့ ခန့်မှန်းပါတယ်။ နှစ်နှစ် သုံးနှစ်ရှိပြီ၊ ရာသီဥတုဖောက်ပြန်လို့ နှစ်တင်း၊ သုံးတင်းပဲရတယ်။ ရာသီဥတု ညီညွတ်ပါက တင်း ၄၀၊ ၅၀ ခန့်ထွက်ရှိပါတယ်။ ယခုမြင်းမူပွဲရုံတွေက ပဲစင်းငုံတစ်တင်းကို ၁၈၀၀၀ ဈေးဖြင့် ဝယ်ယူနေတယ်လို့ သိရတယ်။ ဒီနှစ် မြင်းမူမြို့နယ်တွင် ပဲစင်းငုံအထွက်နည်းတယ်လို့ သိရတယ်။ ပြီးခဲ့တဲ့ တန်ဆောင်မုန်းလထဲ မြန်မာနိုင်ငံမြောက်ဖျားမှလာတဲ့ လေအေးနှင့် နှင်းများကျဆင်းခြင်းကြောင့် ပဲစင်းငုံအပွင့်ဝင်ချိန် အစိုဓာတ်များသောကြောင့် မှိုရောဂါစွဲကပ်ကာ အထွက်နှုန်းလျော့နည်းခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့အခင်းက စော၍ ခုတ်နေရပြီ၊ တောင်သူတော်တော်များများကမခုတ်ရသေးဘူး၊ ကျွန်တော်တို့အခင်း သုံးရက်ခုတ်ရမယ် တစ်ရက်ကို လူ ၁၀ ဦးနှုန်းဖြင့် လုပ်အားခ ၉၀၀၀ အခင်းကနေ နွားလှည်းဖြင့် တပ်ယူ အိမ်တလင်းမှာပုံပြီး နေပူလှန်း ခြောက်လျှင် ရိုက်ချွေရတယ်။ အတောင့်ကို စက်ထဲထည့်ခြွေရတယ်။ ခြွေခတစ်တင်းကို ၅၀၀ ပေးရပါတယ်။ ပြီးလျှင် ရောင်းလို့ရပြီ၊ ပဲစင်းငုံအရိုးများကို မုန့်တီဖိုများက ထင်းအဖြစ်သုံးကြတယ်။ ယမန်နှစ်က မိုးခေါင်၍ မိုးဦးနှမ်းမျိုး ဆုံးရှုံးသွားရသည့်အတွက် ယခုနှစ် မိုးနှမ်းစိုက်ပျိုးရန် တောင်သူများ အခက်တွေ့မှာကို စိုးရိမ်နေကြသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းမျိုးစေ့အပါအဝင် အခြားမျိုးစေ့များ မြေဆီ၊ ပိုးသတ်ဆေးရည်များ ရောင်း ချပေးနိုင်ရန် တောင်သူများက လိုလား တောင့်တလျက်ရှိကြောင်း သိရသည်။ **(ဝ၇၉)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၉၀၀၀-၆၂၀၂၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၉၅၀၀-၆၂၀၃၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၂-၉၉၃	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၃၉	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၂-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၂၈-၃၀. ၇	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၇၂-၁၅. ၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅-၁၆၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၂-၃၃၇	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၄၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၈၀၀-၆၃၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၈၀၀-၈၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၄၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၃၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၀၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၅၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၆၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၉၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၅၀-၇၅၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၅၀-၁၀၈၀
၉။ အာလူး(ဟဲဟိုး)	တစ်ပိဿာ	၇၀၀-၈၀၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၇၀၀-၂၇၅၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၅၀၀-၅၀၀၀
၁၂။ သကြား	တစ်ပိဿာ	၈၈၀-၉၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အခြေခံမီးသတ်သင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၂

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက်က ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက ရှင်းလင်းတင်ပြခဲ့သည်။ သင်တန်းကို သင်တန်းသား ၁၀၀ ဖြင့် ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုရှုပ**



ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် လေးထောင့်ကန်၊ မြေကွက်အမှတ် ၅၆၄၊ မြေကွက်တည်နေရာအမှတ် ၉၅၊ ရိပ်သာလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးမောင်ငယ် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်ငယ်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးမြကြိုင် ၁၂/သဃက(နိုင်)၀၉၁၅၁၀၊ ဒေါ်ကြင်ငွေ ၁၂/သဃက(နိုင်)၀၉၃၂၃၃ တို့က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ဒေါ်ရွှယ်ဂျား ၁/မကန(နိုင်)၁၂၃၁၇၅ ၏ နိုင်ငံကူးလက်မှတ် M-462677 ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၂၄၀၁၃၂၄

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်နေမျိုးလင်း ၁၂/ဥကတ(နိုင်)၁၅၇၇၅၇ သည် မိဘကို စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးနိုင်စံထွန်း-ဒေါ်ခင်စောမြင့်

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အမျိုးသမီးတစ်ဦး ဒဏ်ရာများဖြင့် သေဆုံး လူသတ်မှုကျူးလွန်သူကို ရက်ပိုင်းအတွင်း ဖမ်းဆီးရမိ

ညောင်လေးပင် ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၅)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၁၀၃/၃ နှင့် ၁၀၃/၄ လေပင်ဆိပ်တံတားအနီး ဇန်နဝါရီ ၁၉ ရက် ည ၉ နာရီခွဲက အမျိုးသမီးတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ခဲ့ရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကြိုးကြာကွင်းကျေးရွာအုပ်စု ၄က်ပျောတောကျေးရွာနေ ဦးကျော်အေးသည် ဇန်နဝါရီ ၁၉ ရက်က နေအိမ်၌ရှိနေစဉ် သမီးဖြစ်သူ မပုံပုံ(ခ) မသဇင်မျိုးမျိုးထွေး (၃၀နှစ်)သည် ခရီးသွားရာမှ ပြန်လည်ရောက်ရှိလာခဲ့ပြီး ည ၉ နာရီခွဲခန့်တွင် နေအိမ်မှအပြင်သို့ ပြန်လည်ထွက်သွားခဲ့သည်။ ည ၁၀ နာရီခွဲတွင် သမီးဖြစ်သူ မပုံပုံ(ခ) မသဇင်မျိုးမျိုးထွေးသည် ညောင်လေးပင်မြို့၊ မြို့မ (၅)ရပ်ကွက် လေပင်ဆိပ်တံတားအနီး ကားလမ်းမပေါ်တွင် ဝမ်းဗိုက်အလယ် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာဘက်ဝမ်းဗိုက် ထိုးသွင်းဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးနေသည်ကိုတွေ့ရသဖြင့် ဖခင်ဦးကျော်အေးက လူသတ်မှုကျူးလွန်သူအား အရေးယူပေးပါရန် ညောင်လေးပင်ရဲစခန်းသို့ တိုင်ကြားခဲ့သည်။

ဆောင်ရွက်

သို့ပါ၍ ညောင်လေးပင်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး သက်လွင်နှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ အလောင်းကို ရဲဆေးစာဖြင့် ဆေးရုံသို့ပို့ဆောင်ပြီး ရဲလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့သည်။ အမှုကို ညောင်လေးပင်မြို့မ ရဲစခန်းက အမှုဖွင့်ကာ ထွက်ပြေးတိမ်းရှောင်သွားသော လူသတ်မှုကျူးလွန်သူအား အမြန်ဆုံး ပေါ်ပေါက်ရေးအတွက် သတင်းရယူ၍ လိုက်လံရှာဖွေစုံစမ်းရာ ဇန်နဝါရီ ၂၀ ရက်တွင် လူသတ်မှုကျူးလွန်သူ မြင့်လွင်(၅၁ နှစ်) ယာဉ်မောင်း(၁)ရပ်ကွက် မင်းရဲကျော်စွာလမ်း ရေတာရှည်မြို့နေသူအား သာဂရမြို့တွင် ဖမ်းဆီးရမိသဖြင့် တရားစွဲဆိုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

လူသတ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ဓားကို တွေ့ရစဉ်။

လူသတ်မှုကျူးလွန်သူ မြင့်လွင်

ပဲခူးမြို့တွင် မီးလောင်မှုဖြစ်ပွား

ပဲခူး ဇန်နဝါရီ ၂၂

ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၈) ဘုရားသုံးဆူနယ်မြေ(၂) အထက်စည်တီးအနောက်ရွာလမ်း လယ်ကွင်းအစပ်တွင် ဆောက်လုပ်ထားသော အိမ်ရှင်ဒေါ်အမာဆွေ နေအိမ်တွင်မရှိခိုက် မီးဖိုချောင် မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းရာ မီးလောင်ရာသို့ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ရဲသူရိန်လှမြင့်၊ မီးသတ်ခရိုင်မှူး ဦးအေးမြင့်၊ ပဲခူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်၊ ပဲခူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းမီးငြိမ်းသတ်ကြသဖြင့် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

သန့်စင်

လူဦးရေနှင့် အိမ်အကြောင်းအရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

ပဲခူး ဇန်နဝါရီ ၂၂

ဇန်နဝါရီ ၁၈ ရက် နံနက် ၈ နာရီက ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ ပဲခူးခရိုင် သန်းခေါင်စာရင်းကော်မတီနှင့် ညောင်လေးပင်မြို့နယ် မြို့နယ် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ဦးသီဟံစိုးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၀ မှ သန်းခေါင်စာရင်းကော်မတီဝင်များ ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အခမ်းနားတွင် ပဲခူးခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက ရပ်ကွက်၊ ကျေးရွာသန်းခေါင်စာရင်းကော်မတီများ၏ တာဝန်များနှင့် သန်းခေါင်စာရင်းဆိုင်ရာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ ရပ်ကွက်၊ ကျေးရွာ သန်းခေါင်စာရင်းကော်မတီဝင်များ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများ၏ လုပ်ငန်းသုံး ပုံစံများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၁၂၁)**

သူငွေးကုန်းရွာ၌ ဆေးခြောက်ဖမ်းဆီးရမိ

ကျောက်တံခါး ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် တောင်ဘက်သုံးမိုင်ခန့်အကွာ ဟာရီးကျေးရွာအုပ်စု သူငွေးကုန်းကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းနှင့် သူငွေးကုန်း-မြို့ချောင်းကားလမ်းဆုံ၌ ကျောက်တံခါးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်လှမြင့်ဦးနှင့်တပ်ဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး(မူးယစ်အထူး)အဖွဲ့မှ ရဲတပ်ကြပ်ကြီးဇော်မင်းနှင့် အဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သတင်းအရစောင့်ဆိုင်းနေစဉ် ဇန်နဝါရီ ၂၀ ရက် ည ၁၀ နာရီခွဲက စက်ဘီးဖြင့်စီးနင်းလာသူ ဂျိုက်ကူးမား (၅၀နှစ်) ကျပန်းလုပ် စီပူရွာ ဟာရီးကျေးရွာအုပ်စု ကျောက်တံခါးမြို့နယ် နေထိုင်သူကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ၄င်းဝတ်ဆင်ထားသော ရှပ်အင်္ကျီလက်ရှည်အတွင်း ဘယ်ဘက်ချိုင်းကြားတွင်ညှပ်လျက် ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသော ဆေးခြောက် ၃ ကျပ်သား ခန့် ၄၈ ဒသမ ၉၉ ဂရမ်ကို ရှာဖွေတွေ့ရှိသဖြင့် ဂျိုက်ကူးမားအား ကျောက်တံခါးမြို့မရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ခင်ပွန်းသည်မရှိခိုက် သားမယားအဖြစ်ပြုကျင့်သူ ဖမ်းဆီးအရေးယူ

ကျောက်တံခါး ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် အနောက်ဘက်ရှစ်မိုင်ခန့်အကွာ အင်းပတ်လည်ကျေးရွာအုပ်စုအတွင်း ဇန်နဝါရီ ၁၇ ရက် ည ၁၀ နာရီက အမျိုးသမီးတစ်ဦး လယ်တဲတွင် လင်ယောကျ်ားမရှိခိုက် ကလေးငယ်နှစ်ဦးဖြင့် အိပ်နေစဉ် တစ်ရွာတည်းနေ ခဲအိုတော်သူ ကိုမင်း(ခ)အောင်ကိုမင်း (၂၆နှစ်)က လာနိုး၍ ၎င်းတဲနှင့် လယ်တစ်ကွက်ခန့်အကွာရှိ ယောက္ခမတဲတွင် လူစောင့်မရှိဘဲ စပါးများရှိပြီး လူနှစ်ယောက်တွေ့မိသဖြင့် သွားကြည့်ရန် ခေါ်၍ လိုက်သွားရာ စပါးတလင်းထဲသို့ရောက်သောအခါ အောင်ကိုမင်းက နောက်မှနေ၍ လက်နှစ်ဖက်ဖြင့် ပါးစပ်ကိုပိတ်ပြီး ဦးခေါင်းကိုလိမ်၍ဆွဲလှဲရာ ဦးခေါင်းနှင့်မြေကြီး ဆောင့်မိပြီး မူးဝေနေစဉ် အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ခဲ့ပြီး မည်သူ့မျှမပြောရန် ပြောလျှင်သတ်မည်ဟု ခြိမ်းခြောက်ပြောဆို၍ ထွက်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကာယကံရှင်မိဘများနှင့် ရွာလူကြီးများကို တိုင်ကြားပြီး ကျောက်တံခါးမြို့မရဲစခန်းတွင် ဇန်နဝါရီ ၂၀ ရက်၌ အမှုဖွင့်တိုင်ကြားခဲ့ရာ ကျောက်တံခါးမြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းထိုက်က စစ်ဆေးဆောင်ရွက်၍ ပြစ်မှုကျူးလွန်သူ အောင်ကိုမင်း(ခ)ကိုမင်း (၂၆ နှစ်)အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

အထူးကျေးဇူးတင်ရှိခြင်း

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ထိုင်းလျက် အမျိုးသား ဘော်လီဘောပြိုင်ပွဲ၌ မြန်မာနိုင်ငံ၏ဂုဏ်၊ ဘော်လီဘောအားကစားနည်းဂုဏ်ကိုဆောင်၍ ရွှေတံဆိပ်ဆုရရှိအောင် စွမ်းဆောင်ပေးခဲ့ကြပါသော မြန်မာအသင်းအဖွဲ့ခေါင်းဆောင် ဦးဝင်းမြင့်၊ အုပ်ချုပ်သူ ဦးမင်းနိုင်ဦး၊ နည်းပြချုပ် ဦးကြည်စိုး၊ အာရှနည်းစနစ်လက်ထောက်ဒါရိုက်တာ ဦးမြင့်ငွေးနှင့်တကွ ဘော်လီဘောအသင်းသားများအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ဘော်လီဘောမိသားစုလူမှုရေးအသင်း

ဂုဏ်ယူဝမ်းမြောက်ခြင်း

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ (ASEAN PARA GAMES)ထိုင်းလျက် အမျိုးသားဘော်လီဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲတွင် ပြိုင်ဘက်ထိုင်းနိုင်ငံအသင်းအား အိမ်ရှင်မြန်မာအသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲပြီး ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ဖြင့် ပွဲစဉ်တစ်လျှောက် ရှုံးပွဲမရှိ အောင်မြင်ခဲ့ပါသောကြောင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဘော်လီဘောမိသားစုလူမှုရေးအသင်း

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

တစ်ချက်တည်းကျင်းဝင်

တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)တွင် ဗိုလ်မှူးကြီး ဆန်းထွန်း(ငြိမ်း)သည် ဂေါက်သီးရိုက်ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီးကျင်မောင်(ငြိမ်း)၊ ဗိုလ်မှူးကြီး သိန်းငွေး(ငြိမ်း)၊ ဗိုလ်မှူးကြီးထွန်းတင်အေး(ငြိမ်း)နှင့် ဗိုလ်မှူးချုပ်အုန်းသွင်(ငြိမ်း) တို့နှင့်အတူ ၂၂-၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ဂေါက်သီးရိုက်ကစားကြရာ ဘောလုံးအမျိုးအစား (Titleist Prov-1) (No-1) အား သံတုတ်နံပါတ် (Iron P-Wedge) ဖြင့် ၁၃၂ ကိုက်ကွာဝေးသော ကျင်းနံပါတ်(၇)သို့ ရိုက်လိုက်ရာ "တစ်ချက်တည်း"ကျင်းဝင်သွားခဲ့ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၂၄၀၊ မြေကွက်တည်နေရာ အမှတ် ၂၄၀၊ သဇင်လမ်းသွယ်၊ ရွှေပြည်သာ ဦးထွန်းထွန်း အမည်ပေါက် ပါမစ်မြေအားအမည်ပေါက် ဦးထွန်းထွန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နော်မေရီစိုး ၁၂/ရပသ(နိုင်)၀၄၅၇၈၂ က ပါမစ်ပျောက်ဆုံးကြောင်းရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ဝန်ခံချက် ကတိသစ္စာပြုလွှာတို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၁-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာစာမျက်နှာ(၇)တွင် ပါရှိသော အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း ကြော်ငြာတွင် ၁၀-၂-၂၀၀၂ ရက်စွဲဖြင့် အစား၁၀-၄-၂၀၀၂ရက်စွဲဖြင့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **ဒေါ်မိမိသန်း ၁၂/စခန(နိုင်)၀၂၆၄၅၁**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၅၇၉)အကျယ်အဝန်း ပေ (၄၀×၆၀)ရှိ ဒေါ်ခင်ညွန့် ၁၂/တမန(နိုင်)၀၄၅၃၀၅အမည်ပေါက် ပါမစ်မြေအား စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိသည်ဟုဆိုသူ ဒေါ်မင်းမင်းထွန်း ၇/ပခတ(နိုင်)၀၀၄၉၆၂ထံမှကျွန်ုပ် မမေသွယ်အောင်က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားပါမည်။

မမေသွယ်အောင်
ဖုန်း-၀၉-၇၃၁၀၂၃၆၇

ကြော်ငြာ

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၃၇) ဘဏ်မြောက်

ဒိုက်ဦးဘဏ်ခွဲ ကို

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့ တွင်

၂၃.၁.၂၀၁၄ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

ဒိုက်ဦးဘဏ်ခွဲ

အမှတ်(၄၁၁/ခ)၊ မြို့ဝင်လမ်း၊ အမှတ်(၅)သံတံတားရပ်ကွက်၊

ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး။

ဖုန်း – (၀၅၂) ၄၀၅၅၅/၅၆/၅၇/၅၈/၅၉

ဖက်စ် – (၀၅၂) ၄၀၅၆၀/၆၁/၆၂

www.kbzbank.com

သမိုင်းဘာသာသိကောင်းစရာ

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမဲ့ ကျောင်းသားကျောင်းသူများအတွက် သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်း သင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကိုကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့် မကျန်ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။

ကိုလိုနီခေတ်ဦးလက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသားစိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့အပိုင်းကိုလေ့လာတဲ့အခါ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆မှ၁၉၂၀ကာလအတွင်း အမျိုးသားစိတ်ဓာတ် နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်သက္ကရာဇ်တိုင်း သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာ ကျင်းပတဲ့ ဝိုင်အမ်ဘီအေညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာနိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာတွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မည့်အသင်းကြီးတစ်သင်း ထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀မှ၁၉၃၀ကာလအတွင်း မြန်မာနိုင်ငံအမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာ့အသင်းချုပ်ကြီး ဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀မှာအစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားတယ်။ အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများ၏ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အားပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေအစိတ်အစိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီးတစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့အသင်းဟာ တို့ဗမာအစည်းအရုံး ဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ၃၀မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ "တို့ဗမာအစည်းအရုံး"ရဲ့ အခန်းကဏ္ဍမှာ လည်းအရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ကာလအပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁အထိ ဖြစ်တယ်ဆိုတာလည်း သိထားသင့်တယ်။

၁၃၀၀ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကိုလက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမားအရေးတော်ပုံမှာ အရေးတော်ပုံမတိုင်မီလယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်လာရခြင်းတို့ကိုသီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံး ကာလအတွင်းမှာပဲ ခွဲရေးတွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေးတွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့သွေးခွဲရေးစီမံချက်တစ်ခု ဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ပြည့် ခရစ်နှစ် ၁၉၃၈ဟာထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ပြည့် အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ပြည့်အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈-၁၉၃၉ကာလ ဖြစ်တယ် ဆိုတာကိုလည်းသိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်- ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန်ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာသိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀-၁၉၄၅အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြားလေ့လာလို့ရတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့ အခြေအနေများ၊ အခြေခံသဘောထားနှင့်အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့ လိုပါတယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကို လေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင် ကောင်စီတွင်မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေးအရယူခြင်းခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်းအက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ် ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်၊ တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကို လေ့လာရာမှာ ကိုလိုနီခေတ် အုပ်ချုပ်ရေး၊ စီးပွားရေး၊လူမှုရေး၊ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲလေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ဌာနအုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃မှ ၁၉၃၇အတွင်း အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ် ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ဌာန အုပ်ချုပ်ရေး ပေါ်လာတယ်။ ဒီ ၉၁ ဌာန အုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်း အုပ်ချုပ်ခဲ့တယ်။ ၉၁ဌာနအုပ်ချုပ်ရေးအတွင်းမှာပဲ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့၊ အမျိုးသားယာယီအစိုးရဆိုပြီး တွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာ ဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလ အစိုးရအုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံသောင်းကျန်းသူများ ပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်းဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကူမင်တန်ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရ ပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အောင်မြင်မှု ဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများ လက်ထက်ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂-၁၉၇၄ အထိ ကာလကို တော်လှန်ရေးကောင်စီအစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄-၁၉၈၈အထိ ကာလဟာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊အုပ်ချုပ်ရေး၊ စီးပွားရေး၊လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊စီးပွားရေး၊လူမှုရေး၊ယဉ်ကျေးမှု အခြေအနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကိုလေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စုအပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက် လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ်ချုပ်ဆိုထားတဲ့စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီအင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်များကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေး၊ ထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှနိုင်ငံပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှနိုင်ငံနဲ့ ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှနိုင်ငံအခြေအနေ၊ ၁၉၀၅ တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာ တော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒါ့အပြင် ဖေဖော်ဝါရီ တော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေး ဖြစ်တယ်ဆိုတာ၊ အောက်တိုဘာ တော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေး ဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်တယ်။

အိန္ဒိယမှာလည်းစစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်၏ ဆွာရဂျ်ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းမှာလည်း ဂန္ဒီနဲ့ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၁နောက်ပိုင်းဂန္ဒီ၏ ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီးလေ့လာနိုင်တယ်။

အရှေ့တောင်အာရှအမျိုးသားလှုပ်ရှားမှုမှာလည်း နိုင်ငံအလိုက်သီးခြားခွဲပြီးလေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေ့ရဲ့ အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့ အခြေအနေကို တွေ့ရတယ်။ ဒါကြောင့် နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကို အခြေခံတဲ့ အရင်းရှင်စနစ်ရဲ့ အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ဖက်စစ်အာဏာရှင်စနစ်ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာအီတလီမှာရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို လေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလောအကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။

စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံအကြောင်းရင်းများမှာ

- အရင်းရှင်နိုင်ငံအချင်းချင်းပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီးအားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများအပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေး ပျက်ပြားလာခြင်း

တို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန်ပြည်တွင်းစစ်၊ သြစတြီးယားကို သိမ်းပိုက်ခြင်းနဲ့ချက်ကို စလိုဗားကီးယားကို သိမ်းပိုက်ခြင်းစသည်တို့ ဖြစ်တယ်။ ဒါတွေကိုတစ်ခုချင်း လေ့လာရမှာဖြစ်တယ်။ အဆိုပါ ကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စုထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့ လိုအပ်တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ် ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး စစ်ပွဲများဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာထူးခြားတဲ့ သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့စစ်အေးဟာလည်း ထူးခြားတဲ့ သမိုင်းဖြစ်စဉ် တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှကင်းလွတ်ပြီး ထိပ်သီးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပအင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေး အကူအညီများပေး၍ ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့ အုပ်စုကို အနောက်အုပ်စု (သို့) အရင်းရှင်အုပ်စု (သို့) လက်ယာအုပ်စု လို့ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရိုမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီစတဲ့ အရှေ့ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့ အုပ်စုကို အရှေ့အုပ်စု (သို့) ကွန်မြူနစ်အုပ်စု (သို့) လက်ဝဲအုပ်စု လို့ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊စီးပွားရေးခံယူချက် တူညီမှုမရှိသကဲ့သို့ အမြင်ချင်းတူညီမှုလည်း မရှိတာကိုတွေ့ရတယ်။

စာမျက်နှာ (၁၆)သို့

ကျောင်းသင်ခန်းစာ

စာမျက်နှာ (၁၅)မှ

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

အမေရိကန်နဲ့ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ -

၁။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂။ အန်ဇတ် (ANZUS)
၃။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄။ ဗဟိုစာချုပ်အဖွဲ့ (CENTO)များဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ် အခြေခံသော စီးပွားရေးစီမံကိန်းများချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝါဆော (Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများ အပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့

၁။ ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂။ ကိုရီးယားစစ်
၃။ စူးအက်အရေးအခင်း
၄။ ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာအရေးအခင်းတွေဘယ်လိုပေါ်ပေါက်လာပြီးကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှနိုင်ငံ အပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်း ခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ ခေါင်းစဉ်များဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။

အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅မှ ၁၉၅၂အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံအနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုများကို လေ့လာသိရှိရမှာဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း) ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲ၊ သမိုင်းဘာသာရပ်ရဲ့မေးခွန်းဟာ အပိုင်း (က)၊ အပိုင်း(ခ)၊ အပိုင်း (ဂ)၊ အပိုင်း (ဃ)ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ၁။ (ဂ) ဆိုပြီးပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က)မေးခွန်းက 'အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင် ရေးပါ'ဟူ၍ ဖြစ်တယ်။ မြန်မာ့သမိုင်းမှ(၅)ပုဒ်၊ကမ္ဘာ့သမိုင်းမှ (၅)ပုဒ်၊ စုစုပေါင်း(၁၀)ပုဒ်ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၁၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း(က) နံပါတ် ၁။ (ခ) မေးခွန်းမှာ 'အောက်ဖော်ပြချက်များကို **'မှား'** သို့မဟုတ် **'မှန်'** ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်ပြီး **'မှား'** သို့မဟုတ် **'မှန်'** ကိုရေးဖြေရန်ဖြစ်တယ်။ နံပါတ် ၁။(ခ) မေးခွန်းမှာ မြန်မာ့သမိုင်းမှ (၃)ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှ (၂)ပုဒ်၊ စုစုပေါင်း (၅) ပုဒ် ပါရှိမှာ ဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်မှာ (၁)မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၅)မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း(က)၏ နံပါတ် ၁။(ဂ)မေးခွန်းမှာ 'အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ နံပါတ် ၁။ (ဂ) မေးခွန်းမှာ မြန်မာ့သမိုင်း (၂)ပုဒ် နဲ့ ကမ္ဘာ့သမိုင်း (၃)ပုဒ်၊ စုစုပေါင်း (၅)ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း(ခ)မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို (၄)ပုဒ်နဲ့ ကမ္ဘာ့သမိုင်း မှတ်စုတို (၄)ပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို (၄) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတိုတစ်ပုဒ် ရမှတ်မှာ (၅)မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၂၀)မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း(ဂ)မှာ မြန်မာ့သမိုင်းမေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅)ပုဒ် ပါရှိမှာဖြစ်တယ်။ ယင်း(၅)ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်မှာ (၁၅)မှတ် ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း(ဃ)မှာ ကမ္ဘာ့သမိုင်းမေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅)ပုဒ် ပါရှိမှာဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။တစ်ပုဒ်ရဲ့ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ်ဖြစ်တယ်။

ကျောင်းသား ကျောင်းသူများကို မှာချင်တာကတော့

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ် ဆက်စပ်မှုကို သတိထားရန်
၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်
၃။ ပြဌာန်းစာအုပ်ကိုအလေးပေးလေ့လာရန်
၄။ မေးခွန်းကိုသေသေချာချာဖတ်ရန်
၅။ မေးသည်ကိုသာဖြေဆိုရန်ဖြစ်ကြောင်း တင်ပြရင်းပို့ချချက်ကိုရပ်နားလိုက်ပါတယ်။

ဒေါက်တာမာဂရက်ဝေါင်း
ပါမောက္ခ၊ (ဌာနမှူး)
သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

ဂန့်ဂေါမြို့တွင် ဓာတ်အားလိုင်းသစ်များသွယ်တန်း ထရန်စဖော်မာနှင့် အိမ်သုံးမီတာများတိုးချဲ့တပ်ဆင်

ဂန့်ဂေါ ဇန်နဝါရီ ၂၂

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့တွင် 66/11 KV, 2MVA ဂန့်ဂေါဓာတ်အားခွဲရုံကို တည်ဆောက်ပြီးနောက် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၄ ရက် ညမှ စတင်၍ မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရာတွင် လတ်တလောအဆင်ပြေစေရေးအတွက် မူလအင်ဂျင် မီးစက်ဓာတ်အားလိုင်းဟောင်းဖြင့် အသုံးပြုဖြန့်ဖြူးနေရာမှ ယခုအခါဓာတ်အားစနစ် ပိုမိုကောင်းမွန်စေရေး၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး၊ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်ရေးတို့အတွက် ဓာတ်အားလိုင်းဟောင်းများကို ဖြုတ်သိမ်းကာ 11 KV နှင့် 400 Vဓာတ်အားလိုင်းအသစ်များသွယ်တန်းခြင်း၊ ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ခြင်း၊ အိမ်သုံးမီတာများ ထပ်မံတိုးချဲ့တပ်ဆင်ပေးခြင်းလုပ်ငန်းကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ဆိုင်ဦးကြီးကြပ်၍ လျှပ်စစ်လုပ်သားများက နားရက်မယူဘဲ နေ့စဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ကနီ ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မြို့နယ်စည်ပင်သာယာဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ကနီမြို့နယ် သန္ဓေမီးသတ်လက်ထောက် မီးသတ်ဦးစီးမှူး ထိန်လင်းထွန်းမှ မီးသတ်ကား နှစ်စီး၊ အမှတ် (၂) ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့မှ မီးသတ်ကားတစ်စီးစုပေါင်း၍ ဈေး၏အရှေ့အနောက်တောင်ဘက်များမှ နေရာယူကာ မီးငြိမ်းသတ်မှုအား သရုပ်ပြဆောင်ရွက်ခဲ့ပြီး မြို့နယ်စည်ပင်မှ ရေသယ်ယူမှုကားဖြင့် အကူအညီရယူ၍ ဇာတ်တိုက်လေ့ကျင့် သရုပ်ပြဆောင်ရွက်ခဲ့သည်။

သရုပ်ပြပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထင်အောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူးရဲမှူးသောင်းညိမ်း၊ အမှတ် (၁)၊ (၂)၊ (၃) ရပ်ကွက်များမှ မီးသတ်ရဲဘော်များနှင့် ပြည်သူများ စုစုပေါင်း ၆၀ ကျော် တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

သန်းငွေအောင်(ကနီ)

နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန် အခွန်ပေး

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ အကွက်အမှတ်(၃) (ညောင်ခြောက်ပင်အကွက်)၊ ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ ၀ဒသမ ၁၁၄ဧကရှိ ဦးဘဇ-ဒေါ်ဘွားရှင်တို့ အမည်ပေါက်မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်ခင်လှလှမှ ၄င်းအမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားရာ အကျိုးသက်ဆိုင်သူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်လှလှ
၉/ကဆန(နိုင်)၀၈၆၀၁၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၆)၊ မြေကွက်အမှတ်(၇၂၀/ခ)၊ မြေအကျယ်အဝန်း (အလျားပေ ၂၀×အနံပေ ၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ ပေါ်ဦး(၃)လမ်းဟုခေါ်တွင်သော မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် ဦးထွန်းဝင်းအမည်ဖြင့် အမည်ပေါက်ထားပြီး ဦးထွန်းဝင်း ၇/တကေ(နိုင်)၀၉၉၁၅၆ထံမှ ကျွန်ုပ်က ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးသိန်း ဖုန်း-၀၉-၃၁၅၆၅၇၆၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ထိန်စွန်းကျေးရွာ၊ ကွင်းအမှတ် ၅၂၁ B၊ ဦးပိုင်အမှတ်(၂၆) အမည်ပေါက် ဦးသိန်း၏မြေကွက်ကို ယခုလက်ဝယ်ပိုင်သူ ဒေါ်ယဉ်မင်းဦး ၁၂/မဘန(နိုင်)၀၇၇၆၉၇မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်မမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဆွေဆွေအေး ၁၂/မရက(နိုင်)၀၅၈၁၈၃
မ/၃၃၈၊ ရတနာလမ်း၊ (၁၁)ရပ်ကွက်၊ တ/ဥက္ကလာ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၄၉၉/က၊ မြေကွက်တည်နေရာအမှတ် ၄၉၉/က၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်လှမေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်လှမေနှင့် ခင်ပွန်း ဦးအောင်သိန်း ကွယ်လွန်သဖြင့် ဦးသက်ဝေ J/RGN-၀၂၂၆၂၀၊ ဒေါ်ဖြူဖြူအောင် ၁၂/ဥကတ(နိုင်)၁၃၇၃၆၁တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇င၊ မြေကွက်အမှတ် ၃၂၄၊ မြေကွက်တည်နေရာအမှတ် ၂၀၊ သုခလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်း ဦးကံရှိန်၊ ဒေါ်စိန်တင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကံရှိန်၊ ဒေါ်စိန်တင်တို့ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းနု ၁၂/စခန(နိုင်)၀၃၂၇၉၇၊ ဒေါ်မူမူနွယ် ၁၂/စခန(နိုင်)၀၄၈၄၅၃၊ ဦးအောင်ဆွေ ၇/ပခန(နိုင်)၀၃၀၉၁၅တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်မာသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက်အမှတ် ၃၃၄၊ မြေကွက်တည်နေရာအမှတ် ၃၃၄၊ ရွှေဖူးမျှော်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးကျော်ရွှေ၊ ဦးတင်လှအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင်လှကွယ်လွန်သဖြင့် ၄င်း၏အစုအား တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်အေးမြင့် ၁၂/ပဇတ(နိုင်)၀၁၉၂၁၁နှင့် ကျန်ပူးတွဲအမည်ပေါက် ဦးကျော်ရွှေ ၁၂/ဒပန(နိုင်)၀၂၄၅၆၂ တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက်အမှတ် ၁၃၈၊မြေကွက်တည်နေရာအမှတ် ၁၃၈၊ ရွှေဖူးမျှော်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးပေါက်ကျော် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးပေါက်ကျော် (ဖခင်)နှင့် ဒေါ်ခင်စိန်(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်လှလှဝင်း ၁၂/ဒပန(နိုင်)၀၂၃၉၁၀၊ ဦးစိုးဝေ ၁၂/ဒပန(နိုင်)၀၂၃၉၁၁၊ ဒေါ်သင်းသင်းရီ ၁၂/ဒပန(နိုင်)၀၂၃၉၁၂၊ ဦးဇော်မိုး ၁၂/ဒပန(နိုင်)၀၀၁၀၅၃၊ ဦးသိန်းဇော် ၁၂/ဒပန(နိုင်)၀၄၄၃၃၇ တို့မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ် ၁၂၀၅၊ မြေကွက်တည်နေရာအမှတ် ၁၂၀၅၊ သုနန္ဒာလမ်းမကြီး၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်လှကြည် ၁၂/ဥကမ(နိုင်)၀၈၀၈၀၂အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်လှကြည်၊ ဖခင် ဦးဝင်းတို့ကွယ်လွန်သဖြင့် ဒေါ်နွယ်နွယ်ဝင်း ၁၂/ခရန(နိုင်)၁၁၅၄၆၅က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ် ၃၄၀ဘီ၊ မြေကွက်တည်နေရာအမှတ် ၃၄၀ဘီ၊ နီလာ ၂ လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးအောင်ဆန်း ၁၂/ဥကမ(နိုင်)၁၈၇၇၈၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးအောင်ဆန်း၊ မိခင် ဒေါ်တင်တင်ဝင်းတို့ကွယ်လွန်သဖြင့် ဦးဇော်ခိုင် ၁၁/တကန(နိုင်)၀၅၇၆၅၆က တစ်ဦးတည်းသော သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ**

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ယမန်နေ့မှအဆက်

၂။ ပျော်ဘွယ်-မိတ္ထီလာလမ်းအတွင်းရှိ သူရဲချောင်းတံတားမှာ ကျဉ်းမြောင်းနေသည့်အတွက် မော်တော်ယာဉ်တစ်စီးသာ သွားလာနိုင်ပြီး ကားနှစ်စီးရှောင်၍မရသဖြင့် တံတားအကျယ်အား ချဲ့ထွင်ပေးပါရန်နှင့် ဖော်ပြပါ သူရဲချောင်းတံတားဖြတ်သန်းခအား တပ်ကုန်းမြို့မှ ရမည်းသင်းမြို့အဝင်ဂိတ်တွင် ကောက်ခံသဖြင့် ရန်ကုန်ဘက်ခြမ်းမှပြန်လာသော ပျော်ဘွယ်မြို့နယ်အတွင်းရှိ မော်တော်ယာဉ်များအနေဖြင့် တံတားအား ဖြတ်သန်းခြင်းမရှိဘဲ တံတားဖြတ်သန်းခကောက်ခံခြင်းခံရသဖြင့် နစ်နာမှုရှိပါသဖြင့် ဆောင်ရွက်ပေးစေလိုခြင်း၊ မြို့နယ်အတွင်း အဆောက်အအုံများဆောက်လုပ်ရာတွင် တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရာ၌ ဆွဲဝယ်ရရှိသည့် ကန်ထရိုက်များအနေဖြင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်ပြည့်ဝဝဖြင့် ဆောက်လုပ်ရေးကြီးကြပ်စစ်ဆေးနိုင်ရန်အတွက် မြို့နယ်ဆောက်လုပ် ကြီးကြပ်မှုကော်မတီအား ဖွဲ့စည်းဆောင်ရွက်ပေးစေလိုပါကြောင်း (ဥပမာ-ဟသ်ာတမြို့၊ ပြည်မြို့ရှိ နည်းပညာတက္ကသိုလ်များ၊ ပခုက္ကူမြို့ရှိ ကွန်ပျူတာတက္ကသိုလ်တို့အား ဆောက်လုပ်ခဲ့ရာတွင် အရည်အသွေးပြည့်မီမှုမရှိသဖြင့် ကျောင်းသား ကျောင်းသူများ အတန်းချိန်ခွဲ၍ ကျောင်းတက်နေရခြင်းအား ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ပျော်ဘွယ်-မိတ္ထီလာလမ်းအတွင်းရှိ သူရဲချောင်းတံတားမှာ လက်ရှိတွင် သံပေါင်ဘေလီ RPT တံတားဖြစ်၍ ထပ်မံတိုးချဲ့၍မရပါ။ အသစ်ပြန်လည်တည်ဆောက်မှသာ ဖြစ်မည့်အတွက် တံတားဦးစီးရုံးချုပ်မှ အဖွဲ့စေလွှတ်၍ ကွင်းဆင်းတိုင်းတာ စစ်ဆေးပုံထုတ် သူရဲချောင်းတံတားအား တိုးချဲ့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ အဆင်ပြေမည်ဆိုလျှင် ကုန်းသာတံတားကိုပါ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတောင်းခံ၍ ကွန်ကရစ်တံတားများအဖြစ် တိုးချဲ့တည်ဆောက်ပေးသွားမည်ဖြစ်ပါသည်။ လမ်း၊ တံတားဖြတ်သန်းခများအား ပေးဆောင်မှုတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ခွန်ထိန်းကျောက်ထုတ်ဦးစီး လမ်းကြေးဖြတ်ပိုင်းပြေစာနှင့် တံတားကြေးဖြတ်ပိုင်းပြေစာနှစ်ခုခွဲခြား၍ ကောက်ခံသွားရန် ဆက်လက်ညွှန်ကြားသွားမည်ဖြစ်ကြောင်း ဖြေကြားသွားပါသည်။ မြို့နယ်ဆောက်လုပ် ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းဆောင်ရွက်ပေးရန်ကိစ္စမှာ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် တင်ဒါစနစ်ဖြင့် ဆောင်ရွက်နေပါသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားစေရန် ညှိနှိုင်းဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း ဖြေကြားသွားပါသည်။

၃။ ရန်ကုန်-မန္တလေး မိုင်တိုင်အမှတ် ၃၀၁/၇ မှ ၃၀၂/၁ အင်ကြင်းကန်ကျေးရွာတွင်းဖြတ်လမ်းပိုင်းသည် S ကွေ့ဖြစ်နေပါသည်။ ၎င်းရွာအပိုင်းတွင် မူလတန်းကျောင်း(၂)ကျောင်းရှိပါသည်။ လမ်းပိုင်းအားနည်းမှုကြောင့် ယာဉ်အန္တရာယ်များ မကြာခဏဖြစ်ပေါ်နေပါသည်။ သို့ပါ၍ ၎င်းနေရာ၌ သင့်တော်သော လမ်းညွှန်အမှတ်အသားများ ပြုလုပ်ပေးပါရန်နှင့် S ကွေ့အားဖြည့်၍ လမ်းသားချဲ့ပေးမှု ပြုလုပ်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ရန်ကုန်-မန္တလေးမိုင်တိုင်အမှတ် ၃၀၁/၇ မှ ၃၀၂/၁ အင်ကြင်းကန်ကျေးရွာတွင်းဖြတ်လမ်းအပိုင်း S ကွေ့ ဖြစ်ပေါ်နေခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ယုဇနကုမ္ပဏီမှ (၄) လမ်းသွားအဖြစ် တိုးချဲ့ဆောင်ရွက်လျှင် S ကွေ့အားဖြည့်၍ လမ်းသားချဲ့ထွင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခုအခါတွင်လည်း ရောင်ပြန်စတစ်ကာများဖြင့် လမ်းညွှန်အမှတ်အသားဆိုင်းဘုတ်များ တပ်ဆင်နေပါကြောင်း ဖြေကြားပါသည်။

၄။ ရမည်းသင်းမြို့နယ် B.O.T စနစ်ဖြင့် ယုဇနကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့်လမ်းပိုင်းအနေအထားတွင် ရမည်းသင်းမြို့တွင်းလမ်းအား (၄)လမ်းသွားအဆင့်တိုးမြှင့်မှသာ ယာဉ်အန္တရာယ်ဖြစ်ပွားမှုလျော့နည်း၍ ခရီးသွားပြည်သူများ၊ မြို့သူမြို့သားများ လုံခြုံချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ရမည်းသင်းမြို့တွင်း၌(၄)လမ်းသွားလမ်းအမြန်ဆုံး အဆင့်မြှင့်တိုးချဲ့ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ လက်ရှိ၌ ရမည်းသင်း-မိတ္ထီလာလမ်းပိုင်းတွင် B.O.T စနစ်ဖြင့် ယုဇနကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေရာ ၂၀၁၃-၂၀၁၄ ခုနှစ်၌ ပျော်ဘွယ်မြို့တွင်းလမ်းအား အဆင့်မြှင့်တိုးချဲ့ပေးလျက်ရှိပြီး ရမည်းသင်းမြို့တွင်းလမ်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၄)လမ်းသွားအဖြစ် တိုးမြှင့်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း ဖြေကြားပါသည်။

၅။ အမှတ်(၁)အာဆီယံလမ်းမကြီးနှင့်ပတ်သက်၍ ဥပဒေထုတ်ပြန်ဆောင်ရွက်မည့်အခြေအနေနှင့် ယာဉ်မတော်တဆမှုဖြစ်ပွားလာပါက ဥပဒေကို ဘယ်လိုထုတ်ပြန်၊ ဘယ်လိုဖြေရှင်းပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍ ရန်ကုန်-မန္တလေးလမ်းမကြီးအား အမှတ်(၁) အာဆီယံလမ်းမကြီးအဖြစ် သတ်မှတ်ထားရှိရာတွင် အာဆီယံလမ်းသတ်မှတ်ချက် စည်းမျဉ်း၊ စည်းကမ်းများအား အများပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

၆။ ပျော်ဘွယ်-နတ်မောက်လမ်းမှာ ၂၅ မိုင် ၄ ဖာလုံနှင့် ပျော်ဘွယ်-ဘုရားငါးဆူလမ်းမှာ ၁၀ မိုင် ရှည်လျားပြီး အကျယ် ၁၈ ပေသာရှိပါသည်။ အဆိုပါလမ်းမှာ တိုးတက်လာသော လူဦးရေနှင့် ယာဉ်အသုံးပြုမှုများပြားလာခြင်းတို့ကြောင့် လုံလောက်မှုမရှိ၍ လမ်းအကျယ် ၁၈ ပေမှ ၂၄ ပေ၊ ၂၄ ပေမှ ၃၆ ပေလမ်းတိုးချဲ့ပေးရန် မြေရှိကြောင်းနှင့် တိုးချဲ့ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ပျော်ဘွယ်ဘုရားငါးဆူလမ်းတွင် အမာခံလမ်းပခုံးများ တောင့်တင်းကြံ့ခိုင်အောင် တောင်ပေါ်ဒေသကုမ္ပဏီမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ လှိုင်ကော်မြို့နယ် ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ကျေးရွာများအရောက် ဆက်သွယ်ရေးတာဝါတိုင်များတပ်ဆင်ပေးပါရန် မေးမြန်းချက်များနှင့်ပတ်သက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ စီစဉ်ဆောင်ရွက်ပေးရန် တင်ဒါခေါ်ယူထားပြီးဖြစ်ကြောင်း ဖြေကြားပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ ဘော်လခဲ-ရွာသစ် စွပ်ပိုင်လမ်းပိုင်းတွင် မိုင်တိုင် ၁၁/၀ မှ ၁၅/၀ အတွင်း မိုင်တိုင် ၁၆/၀ မှ ၁၇/၀ အတွင်းလမ်းများမှာ ပျက်စီးလျက်ရှိသည်ကို ပြင်ဆင်ပေးနိုင်ပါရန်နှင့် မိုင်တိုင် ၁၇/၁ နှင့် ၁၇/၂ တွင်ရှိသော သစ်သားတံတားများအား ကွန်ကရစ်တံတားဆောက်လုပ်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ဘော်လခဲ-ရွာသစ်လမ်းမှာ မိုင်အရှည်အားဖြင့် ၂၂ မိုင်ရှိပြီး ကတ္တရာလမ်းအဆင့်မဖြစ်သေးသော လမ်းပိုင်းများမှ ၃ မိုင် ၄ ဖာလုံအား ယခုဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးပါမည်။ ကျန်ရှိသောလမ်းပိုင်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိရန် တင်ပြတောင်းခံထားပြီးဖြစ်ပါသည်။ သစ်သားတံတားများ တည်ဆောက်ပေးရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေရရှိရန် တင်ပြတောင်းခံထားပြီးဖြစ်ပါသည်။ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

တာချီလိတ်မြို့၌ တယ်လီဖုန်းလိုင်းများတိုးချဲ့တပ်ဆင်

တာချီလိတ် ဇန်နဝါရီ ၂၂

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများ ဆက်သွယ်မှုပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် နှစ်တို နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်းရှိ ပြည်သူများ GSM မိုဘိုင်းဖုန်းများဆက်သွယ်အသုံးပြုရာတွင် ပိုမိုကောင်းမွန်စေရန်အတွက် ၄၂ မီတာအမြင့်ရှိပြီး လိုင်း ၃၀၀၀ အသုံးပြုနိုင်သော GSM တာဝါတိုင်နှစ်ခုကို မိုင်းကိုးကျေးရွာအုပ်စု ယန်းခမ်းကျေးရွာအနီးနှင့် ဆန်ဆိုင်း(ခ)ရပ်ကွက် ရီဂျီးနားဟိုတယ်အနီးတို့တွင် ယခုနှစ် ဇန်နဝါရီလမှ စတင်က လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ရာ မကြာမီကာလအတွင်း တယ်လီဖုန်းလိုင်းများ ပိုမိုအဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

မောင်ယဉ်ကျေး

ထရန်စဖော်မာအသစ် တိုးချဲ့တည်ဆောက်

ရန်ကုန် ဇန်နဝါရီ ၂၂

သာယာလှပ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် လျှပ်စစ်ကဏ္ဍသည်လည်း မရှိမဖြစ်သော ကဏ္ဍတစ်ခုဖြစ်ပေသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျောက်တန်းမြို့နယ်၏ မီးသုံးသူဦးရေသည် ၆၇၀၀ ကျော်ရှိရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၁၀၀၀ ကျော်ခန့် တိုးတက်လာခဲ့ရာ နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ပြီး ပြည်သူများ လျှပ်စစ်မီးလုံလောက်စွာရရှိရေးအတွက် စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိရာတွင် ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ကျောက်တန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများနှင့်အဖွဲ့သည် ပြည်သူများလျှပ်စစ်ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ကျောက်တန်းမြို့နယ် ဆင်ကန်ရပ်ကွက် စိတ္တသုခလမ်းတွင် (11-6.6/0.4) KV,315 KVA ထရန်စဖော်မာအသစ်တစ်လုံးကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ စီမံပေးမှုဖြင့် တိုးချဲ့တည်ဆောက်ဓာတ်အားပို့လွှတ်ပြီးခဲ့၍ ပြည်သူများမှာလည်း ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ပြီဖြစ်သည့်အတွက် ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။

မောင်မောင်မြင့်ငွေ(ကျောက်တန်း)

ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

အဆိုပြုလွှာခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)သို့ တစ်လလျှင် စီဂျီအို ၄၀၀၀၀၀ ဂါလန်ခန့် သယ်ပို့မည့်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသည့် ရေကြောင်းလုပ်ငန်းရှင်၊ ဆီတွဲပိုင်ရှင်များသည် မိမိတို့သယ်ပို့ပေးနိုင်မည့် စီဂျီအိုတစ်ဂါလန်သယ်ပို့ခနှုန်းထားအား အဆိုပြုတင်သွင်းနိုင်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များကို ၂၀-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၄-၂-၂၀၁၄ ရက် ၁၂း၀၀ နာရီတွင် ရေယာဉ်/ဆီတွဲပိုင်ရှင် ကိုယ်တိုင်တင်သွင်းရန်နှင့် ၄-၂-၂၀၁၄ရက် ၁၂း၀၀နာရီမှ ၁၂း၃၀ နာရီအတွင်း တင်ဒါစည်းကမ်းနှင့်ကိုက်ညီသော အဆိုပြုလွှာများအားဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန
ရုံးအမှတ် ၄၄၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၀၅၉၉၊၀၆၇-၄၁၁၀၉၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရစက်မှုလက်မှုသိပ္ပံ-ချောက်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

စဉ်	လုပ်ငန်းအမည်
၁	ဝန်ထမ်းအိမ်ရာ(B1)၊ (C1)၊ (D3) ပြုပြင်ခြင်းလုပ်ငန်း
၂	ကျောင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း
၃	သက်သာဆိုင် မျက်နှာကြက်နှင့် အမိုးပြုပြင်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရစက်မှုလက်မှုသိပ္ပံ(ချောက်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃၁-၁-၂၀၁၄ရက် ၁၆း၀၀ နာရီ နောက်ဆုံးထားပြီး တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ချောက်(G.T.I) ရုံးဖုန်း-၀၆၁-၂၀၀၂၀၃နှင့် ၀၆၁-၂၀၀၂၀၄တို့တွင် စုံစမ်းနိုင်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်)တွင် အသုံးပြုရန်အတွက် အောက်ပါရုံးသုံးပရိဘောဂ (၄)မျိုးကို မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

1. Meeting Table (6' × 2' × 1½') (ကျွန်း) (၂) လုံး
2. Settee Table (4' × 1½' × 1½') (ကျွန်း) (၁) လုံး
3 Armed Chair (ကျွန်း) (၁၁) လုံး
4 Plastic Chair (Armless) (၃၀၀) လုံး

၂။ အဆိုပါ အိတ်ဖွင့်ဈေးနှုန်းလွှာများကို ၃၀-၁-၂၀၁၄ရက် ညနေ ၃း၀၀နာရီ နောက်ဆုံးထား၍ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၂၆) နေပြည်တော်သို့ အရောက်ပေးပို့တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်) စီမံရေးရာဌာန၊ ဖုန်း-၀၆၇-၄၁၀၅၂၉ နှင့် ၀၆၇-၄၁၀၅၃၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
ရုံးအမှတ်(၂၆)၊ နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/သတိုးမင်စော၊ ဦးပိုင်အမှတ် ၃၁၊ အစိုးရမြေမျိုး မြေကွက်အား ဦးသောင်းညွှန့် ၉/တကန(နိုင်)၀၈၃၈၂၉ (ဘ) ဦးဘိုနီက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယ၊ ဦးပိုင်အမှတ် ၈၊ အစိုးရမြေမျိုး မြေကွက်အား ဦးထွန်းအောင် ၉/တကန(နိုင်) ၁၂၅၃၆၉ (ဘ) ဦးဘစိန်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော် မောင်ထွန်းထွန်းနိုင် DBN -၀၁၄၈၀၃ နှင့် ကျွန်မ မလှလှဝင်းတို့သည် သဘောထားချင်းမတိုက်ဆိုင်၍ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးပါကြောင်းနှင့် လုံး၀(လုံး၀) မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

ထွန်းထွန်းနိုင်
DBN -၀၁၄၈၀၃

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လေဖြတ်ခြင်းအန္တရာယ် ကြိုတင်ကာကွယ်

ဒေါက်တာဘိကျော်

ယနေ့ကမ္ဘာပေါ်တွင် လူသန်းပေါင်းများစွာသည် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါတို့ဖြင့် နှစ်စဉ်သေဆုံးနေကြကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (WHO)က ဆိုသည်။ ယခင်က ဤရောဂါသည် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်သာ ထူပြောနေခဲ့ရာမှ ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စားသောက်နေထိုင် လူနေမှုပုံစံများ ပြောင်းလဲကာ အနောက်တိုင်းဆန်လာကြသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ အဖြစ်များလာသည်။ သို့ဖြင့် ကမ္ဘာတစ်ဝန်းလုံးမှ လူသားအားလုံး၏ နံပါတ်(၁)ရန်သူ ဖြစ်လာခဲ့သည်။ ထို့ကြောင့် ၁၉၉၂ ခုနှစ်က လူတို့သတိထားလာကြစေရန်အလို့ငှာ ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ကို (Heart Beat the Rhythm of Health) "နှလုံးကျန်းမာပျော်ရွှင်မှာ ကြိုတင်ကာကွယ်ပါ"ဟူ၍ (WHO)မှ ပြဋ္ဌာန်းခဲ့ပေသည်။

အဆီအဆိမ့် အစားများခြင်း၊ အငန်အစားများခြင်း၊ မီးရထား မော်တော်ကား စသည်တို့ပေါ်လာပြီး စက်မှုဖွံ့ဖြိုးလာမှုကြောင့် လူတို့၏ကိုယ်လက်လှုပ်ရှားမှုများ လျော့ပါးလာခြင်းတို့သည် နှလုံး၊ သွေးတိုး၊ လေဖြတ်ရောဂါများ၏ အခြေခံအကြောင်းရင်းများ ဖြစ်သည်ဆိုသော်လည်း လေဖြတ်ရန်ဖန်လာသော အခြားအခြေအနေများလည်း ရှိပါသေးသည်။

ယခုအခါ အမျိုးသမီးအတော်များများ ပဋိသန္ဓေတားဆေးများ အသုံးများလာကြလေရာ ယင်းတားဆေးများသည်လည်းကောင်း၊ အရက်၊ ဆေးလိပ်သောက်ခြင်းသည် လည်းကောင်း လေဖြတ်ရန်အခွင့်သာစေပါသည်။ အအေးမိဖျားနာ၍ ကိုယ်ခံစွမ်းအား လျော့နည်းနေသည့်အခါများတွင် နှလုံး၊ သွေးတိုးရောဂါများကြောင့် လေဖြတ်ရန်နီးစပ်သည်။ ရှိသင့်သောကိုယ်အလေးချိန်ထက် ပိုနေသူများ (အဝလွန်သူများ)၊ကိုယ်နှင့်စိတ်ပင်ပန်းနွမ်းနယ်မှုဒဏ်ကို အလွန်အမင်းခံရသူများတွင်လည်း ဤနည်းနှင်နှင်ဖြစ်ပေသည်။

လေဖြတ်ခြင်း (Stroke)သည် ဦးနှောက်အတွင်းတစ်နည်းနည်းဖြင့် သွေးမရရှိခြင်းမှ ဖြစ်ပေါ်ပေရာ အကြမ်းအားဖြင့် သုံးမျိုးခွဲခြားနိုင်သည်။ ယင်းတို့မှာ-

(၁) ဦးနှောက်သွေးကြောနံရံထူရာမှ ဖြစ်ပေါ်သောလေဖြတ်ခြင်း

(၂) သွေးခဲများလှည့်ပတ်ခြင်းကြောင့် ဖြစ်ပေါ်သောလေဖြတ်ခြင်းနှင့်

(၃) ဦးနှောက်သွေးကြောပြတ်ခြင်းကြောင့် ဖြစ်ပေါ်သောလေဖြတ်ခြင်း ဟူ၍ဖြစ်ပေသည်။

ဦးနှောက် တစ်သျှူးများသည် ငါးမိနစ်မျှသာ သွေးပြတ်တောင်းပြတ်တောင်းရပါက လက်တစ်ဖက်သို့မဟုတ် ခြေတစ်ဖက်ပါသေမည်။ မှတ်ဉာဏ်ပျက်မည်။ သို့တည်းမဟုတ် စကားမပြောနိုင်၊ ဆွံ့အမည်၊ မျက်စိကွယ်မည် စသည်ဖြင့်အမည်ပေါင်း ၁၀၀ ခန့်အနက်မှ တစ်မည်မည်ဖြစ်သွားနိုင်သည်။ အကယ်၍ ဦးနှောက်သည် မိနစ်အနည်းငယ်မျှသာ သွေးလုံးဝပြတ်သွားပါက မုချသေနိုင်ပေသည်။ (၃)အမျိုးအစားဖြစ်သော ဦးနှောက်သွေးကြောပြတ်ခြင်းသည် အဆိုးရွား အပြင်းထန်ဆုံးဖြစ်ပြီး မုချမသွေသေဆုံးနိုင်သည်။ စင်စစ်လေဖြတ်ခြင်းသည် ဆိုင်းမဆင့်ပုံမဆင့် ရုတ်ခြည်း ရောက်လာခြင်း မဟုတ်၊ နှစ်နှင့်ချီ၍ တဖြည်းဖြည်းစုစည်းလာခြင်းသာဖြစ်သည်။

လေမဖြတ်မီ ကြိုတင်သတိပေး လက္ခဏာများမှာ-

မူးမော်ခြင်း၊ မျက်စိပြာခြင်း၊ ကမ္ဘာကြီးချာရဟတ်ကဲ့သို့လည်သွားခြင်း၊ လက်မောင်းတစ်ဖက်အပ်နှင့်ထိုးသကဲ့သို့ နာကျင်လာပြီးနောက် ထုံသွားခြင်း၊ ကိုယ်လက်များယာယီသေခြင်းစသည်ဖြင့် ဖြစ်သည်။

မည်သို့ဆိုစေ နှလုံး၊ သွေးတိုး၊ လေဖြတ်ရောဂါများမဖြစ်ပွားအောင် ကာကွယ်ရန် နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

သွေးတိုး ရှိ မရှိ စစ်ဆေး၍ ရှိပါကလိုအပ်သောဆေးဝါးကုသမှုကို မှန်မှန်ခံယူပါ။ ဆား၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် လျှော့စားပါ။ ဆေးလိပ်ဖြတ်ပါ။ အရက်ဖြတ်ပါ။ ကိုယ်လက်လှုပ်ရှားအားကစားတစ်ခုကို မှန်မှန်ပြုလုပ်ပါ၊ ဥပမာ လမ်းလျှောက်ခြင်း၊

ကြိုတင်သတိပေး လက္ခဏာတစ်စုံတစ်ရာပြပါက အမြန်ဆုံးဆေးဝါးကုသမှုခံယူပါ။ ကိုယ်ခံစွမ်းအားကောင်းစေရန် အသားငါးနှင့် အာဟာရဖြစ်စေတတ်သော အစားအစာများကို မှီဝဲပါ။ အအေးမိ၊ ဖျားနာ၊ နေမကောင်းဖြစ်ပါက အမြန်ကုသမှုခံယူပါ။ အချို့ဆေးများသည် ကိုယ်ခံစွမ်းအားကို လျော့ကျသွားစေရာ ဆရာဝန် ညွှန်ကြားသည့်အတိုင်းသာ ဆေးဝါးများကို မှီဝဲပါ။

သို့ဖြင့် နှလုံး၊ သွေးတိုး၊ လေဖြတ်ရောဂါများဘေးမှ ကင်းဝေးပြီး ကျန်းမာရေးသုခကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

စာအုပ်ပြပွဲနှင့် ဂုဏ်ပြုပူဇော်ပွဲကျင်းပ

တပ်ကုန်း ဇန်နဝါရီ ၂၂

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အနော်ရထာရပ်ကွက် ရွှေသဓါဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော စာအုပ်ပြပွဲနှင့် ဂုဏ်ပြုပူဇော်ပွဲကို အနော်ရထာရပ်ကွက် အလင်းအိမ်စာကြည့်တိုက်၌ ဇန်နဝါရီ ၁၆ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် စာအုပ်ပြပွဲကိုဖွင့်လှစ်ပြီး စာပေဗိမာန်စာမူဆုရ အရှင်ပဏ္ဍိတာဘိဝံသ(မြတ်ဘုန်းတပ်ကုန်း)နှင့်သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ကျောက်စရစ်ကုန်း ပရဟိတကျောင်းဆရာတော် အရှင်ထေရိန္ဒတို့အား ဂုဏ်ပြုပူဇော်ကြသည်။ ထို့နောက် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသူနှစ်ဦးကို ထပ်ဆင့်ဂုဏ်ပြုဆုများချီးမြှင့်၍ အလှူရှင်များက စာကြည့်တိုက်သို့ ငွေပဒေသာပင်နှင့် စာအုပ်များလှူဒါန်းကြသည်။

ထို့နောက် တက်ရောက်လာကြသော စာပေချစ်မြတ်နိုးသူများသည် စာအုပ်ပြပွဲ၌ ခင်းကျင်းပြသထားသော စာအုပ်များကို ဖတ်ရှုလေ့လာကြသည်။ (အပေါ်ပုံ) တင်ထွန်းတာ(တပ်ကုန်း)

ကြက်ငှက်တုပ်ကွေးရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ရေးအလုပ်ရုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၂

ကြက်ငှက်တုပ်ကွေးရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ရေးလုပ်ငန်းအတွက် သက်ဆိုင်ရာဌာနများနှင့်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးနည်းဗျူဟာရေးဆွဲမှုအလုပ်ရုံဆွေးနွေးပွဲကို ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေးအဆောက်အအုံအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာသန်းဝင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ Medical Officer Dr. Vinod Kumar Bura နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) မှ Country Team Leader တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကူးစက်မြန်ရောဂါများ စောင့်ကြပ်ကြည့်ရှုရေးနှင့် တုံ့ပြန်မှုလုပ်ငန်းများ ရောဂါကူးစက်လာပါက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ရေး၊ ရောဂါကာကွယ်ထိန်းချုပ်ရေး၊ စောင့်ကြပ်ကြည့်ရှုရေး၊ ဌာနပေါင်းစုံပါဝင်သည့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထုအတွင်းရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာများ မြှင့်တင်ပေးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့နယ်အဆင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ အလုပ်ရုံဆွေးနွေးပွဲ ဘီးလင်း၌ ကျင်းပ

ဘီးလင်း ဇန်နဝါရီ ၂၂

UNDP နှင့် သုတေသနအဖွဲ့အစည်း(MSR)တို့ ပူးပေါင်း၍ မြို့နယ်အဆင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ ကိုယ်တိုင်အကဲဖြတ်လေ့လာချက်၊ ခြုံငုံလေ့လာချက် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၈ နာရီက ဘီးလင်းမြို့နယ် အထက ကျောင်းပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် UNDP မှအဖွဲ့ခေါင်းဆောင် မစ္စတာဆိုင်မွန်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ UNDP နှင့် MSR အဖွဲ့တို့ပူးပေါင်း၍ ပြည်သူ့အကဲဖြတ်လုပ်ငန်းများနှင့် ရပ်ရွာလူထုဆွေးနွေးပွဲများ ကျင်းပရာမှ မြို့နယ်အဆင့်ရရှိထားသည့် အစီရင်ခံစာအပေါ် ဘီးလင်းမြို့နယ်ရှိ အစိုးရဝန်ထမ်းများ၊ မြို့နယ်ကော်မတီအဖွဲ့ဝင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းဝင်များဟူ၍ အဖွဲ့သုံးဖွဲ့ခွဲကာ ကိုယ်တိုင်အကဲဖြတ်လေ့လာချက်၊ ခြုံငုံလေ့လာချက်များဖြင့် ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ရပ်ကွက် (၁)၌ One Stop Service စနစ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက ရပ်ကွက်ဓမ္မာရုံ၌ကျင်းပရာ အသက် ၁၀ နှစ်ပြည့် ကျောင်းသူတစ်ဦးကို နေပြည်တော်ကောင်စီနယ်မြေ ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးချိုထွန်း နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ မင်းမင်းလတ်(ရုပ်ဗေဒ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)
သုံးထပ်အဆောက်များ ဆေးသုတ်ခြင်းလုပ်ငန်းအတွက်
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း (လှိုင်)တွင် အောက်ဖော်ပြပါလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

လုပ်ငန်းအမည် - (၁၆၆ ပေ× ၃၈ပေ×ပေ၄၀) သုံးထပ်အဆောင် (၃)ဆောင် အတွင်း၊အပြင် ဆေးသုတ်ခြင်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၇-၁-၂၀၁၄ ရက်မှ ၁၀-၂-၂၀၁၄ ရက်ထိ

တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက် - ၂၄-၂-၂၀၁၄ ရက်

တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၂၆-၂-၂၀၁၄ ရက် နံနက် ၁၀:၀၀ နာရီ

တင်ဒါပုံစံရောင်းချမည့်နေရာ - သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း (လှိုင်)၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁၆၅၂၅၂၉၊ ၀၁-၆၅၂၅၄၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ **တင်ဒါရွေးချယ်ရေးအဖွဲ့**

အမည်ပြောင်း

ဦးဖရန့်စစ္စကိုမိုးလှောင်၏ သမီး ကျိုင်းတုံမြို့၊ ရပ်ကွက်(၅)နေ မအဆွန်းတတင်ပု ၁၃/ဖခန(နိုင်)၀၁၉၁၅၀အား မူအာဆွန်းတာဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မူအာဆွန်းတာ**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဌာန/စက်ရုံအသီးသီးမှ အသုံးပြု၍မရတော့သည့် တာယာအဟောင်း ဆိုဒ်စုံ ၅၉၈လုံးနှင့် ဘက်ထရီအဟောင်း မျိုးစုံ ၃၇၄လုံးတို့ကို ကျိုက်ဝိုင်းဂိုဒေါင်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် ၃ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်တွင် မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၁-၂၀၁၄ ရက်မှ ၁၇-၂-၂၀၁၄ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ် ၄၄၊ နေပြည်တော်
- (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၁၈-၂-၂၀၁၄ ရက် (အင်္ဂါနေ့)
အချိန်နှင့်နေရာ - ၁၂:၃၀နာရီ၊ရုံးအမှတ် ၄၄၊နေပြည်တော်
တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁၈-၂-၂၀၁၄ ရက် ၁၃:၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စတုတ္ထ (၃)လ၊ (၂၀၁၄ခုနှစ် ဇန်နဝါရီလမှ မတ်လ)အတွင်း စီမံကိန်းစခန်း၊ ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၇-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၃၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ D/၂၂၄၁၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဟ/၆၈၁၉ Lifan LF 200 ZH 2A ယာဉ်လက်ဝယ်ရှိသူ Triple Five Trading Company Limited. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

အင်္ဂလိပ်စာ/စကား (၅နှစ်မှ ၃၀)

၁။ Letter, Essay, Grammar
၂။ Idiom, Slang, Phrasal Verb
၃။ လက်ရေးလှစေရန်၊ အသံထွက်မှန်ရန်၊ စနစ်တကျစာဖတ်တတ်ရန် လေ့ကျင့်ပေးမည်။
၄။ ဝိုင်းသီးသန့်ရှိသည်။
ဖုန်း-၃၈၈၃၀၇၊ ၀၉-၄၀၁၅၄၈၄၆၀

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဘားအံမြို့၊ ၁/ရပ်ကွက်၊ ဆေးရုံလမ်း၊ က၁/၂၀နေ ဒေါ်နန်းယဉ်မေဝင်း ၃/ဘအန(နိုင်)၁၅၃၄၅၇ ၏သား မောင်စောတင်မိုး ၃/ဘအန(နိုင်)၀၀၅၆၃၃ သည် မိဘအားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသဖြင့် ၂၀-၁-၂၀၁၄ရက်မှစ၍ အမွေပြတ်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
မိခင် ဒေါ်နန်းယဉ်မေဝင်း

နယ်သတင်းနှင့်ကြော်ငြာ

လဲဘူးကျေးရွာ အထကကျောင်းခွဲ ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်ပေးအပ်ပွဲ နတ်မောက်မြို့နယ်၌ ကျင်းပ

မကွေး ဇန်နဝါရီ ၂၂

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လဲဘူးကျေးရွာ အထက်တန်းကျောင်းခွဲ ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းဆောင်သစ်မုခ်ဦးရှေ့၌ကျင်းပရာ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ မကွေးတိုင်း ပညာရေးညွှန်ကြားရေးမှူး ဦးလှသိန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၊ မကွေးခရိုင်ပညာရေးမှူး ဦးကျော်ကျော်ဦး၊ နတ်မောက်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ နတ်မောက်မြို့နယ် အထောက်အကူပြုအဖွဲ့များ၊ ကျေးရွာရှိ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာရှိ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ မကွေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးလှသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။

(အောက်ပုံ) လှဝင်း (နတ်မောက်)

မိတ္ထီလာမြို့ ဝမ်းတော်ပြည့်ပရိယတ္တိပဋိပတ္တိသာသနာပြုကျောင်းတိုက်တွင် (၅၈) ကြိမ်မြောက် ဓာတုပူဇနီယဓာတ်တော်ပူဇော်ပွဲ ကျင်းပမည်

မိတ္ထီလာ ဇန်နဝါရီ ၂၂

မိတ္ထီလာမြို့ ဝမ်းတော်ပြည့်ပရိယတ္တိပဋိပတ္တိသာသနာပြု ကျောင်းတိုက်တွင် (၅၈)ကြိမ်မြောက် ဓာတုပူဇနီယ ဓာတ်တော်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက် (တပို့တွဲလဆန်း ၆ ရက်မှ ၈ ရက်) အထိ အစဉ်အလာမပျက် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

ဗုဒ္ဓမြတ်စွာဘုရားနှင့် ရဟန္တာ အရိယာသာဝကများ၏ သာရီရိက ဓာတ်တော်မွေတော်၊ ဆံတော်၊ အံတော်၊ စွယ်တော်ပွားနှင့် မဟာဒုတ်ဘုရား ဗုဒ္ဓရုပ်ပွားတော်အဆူဆူအား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ဆီမီးနှင့် ဆွမ်းတော်ကြီး ကပ်လှူပြီး ဗုဒ္ဓါဘိသေကအနေကဇာတင် ဓာတုပူဇာသဘင် ဖွင့်ပွဲ မင်္ဂလာကျင်းပခြင်း၊ ဓမ္မစကြာ တရားတော်များအား ဝတ်အသင်းများမှ ရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်များအား မဟာဒုက်မဲဖောက်၍ ဘုရားဒါယကာ ဒါယိကာမများ ရွေးချယ်ချီးမြှင့်ခြင်းစသည်တို့ကို စည်ကားသိုက်မြိုက်စွာ လှူဒါန်းကျင်းပမည်ဖြစ်ကာ မန္တလေးမြို့ ဓမ္မကထိက ဦးလှသိန်း၏ တပည့်ပုပ္ပါးမင်္ဂလာကြည်၏ ဘိသိက်မင်္ဂလာတင်မြောက်ပွဲ ကျင်းပပြုလုပ်ပြီးနောက် မိတ္ထီလာ အာသောကာရုံရေလယ်ကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘာဝတနှင့် ဝမ်းတော်ပြည့်ကျောင်းတိုက်ဦးစီးပဓာနနာယက ဘဒ္ဒန္တဝဏ်ဳသ (မဟာကမ္မဋ္ဌာနာစရိယ)တို့က သီလပေး ရေစက်ချတရားတော်များ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

စာအုပ်စာပေ လှူမှတ်ဆွေ

လယ်ဝေးမြို့ တွင် နိုင်ငံသားစိစစ်ရေးကတ်များ နေ့ ချင်းပြီးဆောင်ရွက်ပေး

လယ်ဝေး ဇန်နဝါရီ ၂၂

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ပတ္တာကျေးရွာ၌ သန်းခေါင်စာရင်းကောက်ယူရေး၊ အသိပညာပေးဟောပြောပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးသည့်လုပ်ငန်းကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ **(ဝဲပုံ)**

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဒက္ခိဏခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအေးလှိုင်က သန်းခေါင်စာရင်းကောက်ယူရခြင်း၏ ရည်ရွယ်ချက်များနှင့် ပြည်သူများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ရမည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် လဝကဦးစီးအရာရှိ ဦးမိုးဆက်နှင့် ဝန်ထမ်းများက ရှားချောင်း၊ ပတ္တာ၊ စည်တိုးအောင်ကျေးရွာများရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များကို နေ့ချင်းပြီး ONE STOP SERVICE စနစ်ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုကိုရှပ (နေပြည်တော်)**

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ကျိုက်ထို ဇန်နဝါရီ ၂၂

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးကျင်းပသော စာကြည့်တိုက်ဆင့်ပွားသင်တန်း ၁/၂၀၁၄ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက သိမ်ဇရပ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ပြောကြား

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

သင်တန်းတွင် စာကြည့်တိုက်မိတ်ဆက် စာကြည့်တိုက်စီမံခန့်ခွဲရေး မျိုးတူစုခွဲခြားခြင်း၊ မှတ်ပုံတင်စာရင်းရေးသွင်းခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းတို့ကိုသင်ကြားပို့ချပြီး သိမ်ဇရပ်ကျေးရွာ ဗညားဓလစာကြည့်တိုက်တွင် လက်တွေ့ဆောင်ရွက်ကြသည်။ **သန်းသန်းမော် (iprd)**

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း

ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂အရ)
ပျဉ်းမနားမြို့နယ် တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၀ နှင့်ဆက်နွယ်သည့်
၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၁

ဒေါ်တင်မာဖြူ **နှင့်** ဦးဝင်းမောင်
ဒီကရီအနိုင်ရသူ **တရားရှုံး**

ပျဉ်းမနားမြို့၊ ပေါင်းလောင်း (၃)ရပ်ကွက်၊ ပေါင်းလောင်း (၁၉)လမ်း၊ အမှတ် ၁၂၈၂နေ ဦးဝင်းမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၁၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်တင်မာဖြူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီအတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ-

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စိုးသန့်)
မြို့နယ်တရားသူကြီး၊ ပျဉ်းမနားမြို့နယ်တရားရုံး

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း

ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂အရ)
ပျဉ်းမနားမြို့နယ် တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၁ နှင့်ဆက်နွယ်သည့်
၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၂

ဒေါ်တင်မာဖြူ **နှင့်** ဦးခင်မောင်အေး
ဒီကရီအနိုင်ရသူ **တရားရှုံး**

ပျဉ်းမနားမြို့၊ ရန်အောင် (၁)ရပ်ကွက်နေ တရားပြိုင် ဦးခင်မောင်အေး (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်တင်မာဖြူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီအတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စိုးသန့်)
မြို့နယ်တရားသူကြီး၊ ပျဉ်းမနားမြို့နယ်တရားရုံး

ဒီပဲယင်းမြို့နယ်အသင်းအစည်းအဝေး

ရန်ကုန်မြို့နေ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်သူမြို့နယ်သားများ ကြွရောက်ပါရန် မြို့နယ်အသင်းက ဖိတ်ကြားပါသည်။

နေရာ - မင်္ဂလာဒုံမြို့နယ်၊ ကျိုက္ကလဲ့ရွှေကျင်ကျောင်း
ဖုန်း-၆၃၆၁၂၅၊ ၀၉-၄၃၀၄၀၄၀၃
နေ့ရက် - ၂၆-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၈ နာရီ

ဒီပဲယင်းမြို့နယ်အသင်း၊ ရန်ကုန်

ကြေး/မြေ မိသားစု၊ လူမှုရေးအသင်း နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ကြေး/မြေမိသားစု လူမှုရေးအသင်း၏ နှစ်ပတ်လည်အစည်းအဝေး တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် နံနက် ၁၀း၀၀ နာရီတွင် ကန်တော်ကြီး ကရဝိက်နန်းတော်၊ ရန်ကုန်မြို့၌ ကျင်းပပါမည်။ သက်ကြီးပူဇော်ပွဲအတွက် (၇၅)နှစ်နှင့်အထက် အသင်းဝင်များ၊ ပညာရည်ချွန်ဆုအတွက် အသင်းဝင်များနှင့်ဝန်ထမ်းများ၏ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ကြသည့် သားသမီးများ၊ နိုင်ငံတော်အဆင့် စာပေ၊ ဂီတ၊ သဘင်၊ အားကစားတို့တွင် ဆုရရှိသူအသင်းဝင်များအား ဆုချီးမြှင့်နိုင်ရန် အမည်စာရင်းများကို ၂၆-၁-၂၀၁၄ရက် နောက်ဆုံးထား ဆက်သွယ်ပေးပို့ကြပါရန် အသိပေးအပ်ပါသည်။

ဆက်သွယ်ရန် - **ဦးဝင်းထွန်းနီ** ဖုန်း-၀၉-၅၁၄၄၄၅၁
ဦးကျင်ထွန်း ဖုန်း-၀၉-၅၁၂၂၇၈၀
ဦးသန်း ဖုန်း-၀၉-၄၃၂၀၀၉၀၄
ဦးမြမောင် ဖုန်း-၀၉-၅၁၂၁၅၂၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၁၁၀၆၄ ဂျာလင်းဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၅/ခဥတ(နိုင်)၀၂၃၉၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၂၈၈ ဟွန်ဒါ C90ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးရန်အောင် ၅/မရန(နိုင်)၀၁၄၅၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)

ဌာနဆိုင်ရာနှင့်လူမှုရေး၊ စီးပွားရေးကြော်ငြာ

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်၏ (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အစမ်းလေ့ကျင့်ခြင်း - ၄-၃-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၉း၀၀ နာရီ

ဘွဲ့နှင်းသဘင် - ၅-၃-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၀၀ နာရီ

၂။ (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်၏ အောက်ပါစာမေးပွဲများကို အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။

(က) သွားဘက်ဆိုင်ရာဆေးလက်တွေ့ ပါရဂူ(၁၂/၂၀၁၁)သင်တန်းနှင့် သွားဘက်ဆိုင်ရာဆေး လက်တွေ့ပါရဂူ(၁၂/၂၀၁၀)သင်တန်း စာမေးပွဲအောင်မြင်သူများ။

(ခ) သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံ(၅/၂၀၁၁) သင်တန်းစာမေးပွဲ အောင်မြင်သူများ

(ဂ) အထွေထွေသွားရောဂါကုဒီပလိုမာ (၁၂/၂၀၁၁)သင်တန်းနှင့် အထွေထွေ သွားရောဂါကုဒီပလိုမာ (၁၂/၂၀၁၂)သင်တန်း စာမေးပွဲအောင်မြင်သူများ။

(ဃ) နောက်ဆုံးနှစ်ဘီဒီအက်စ်(၁/၂၀၁၂)သင်တန်း ပုံမှန်စာမေးပွဲနှင့် နောက်ဆုံးနှစ်ဘီဒီအက်စ် (၁/၂၀၁၂)သင်တန်း နောက်ဆက်တွဲစာမေးပွဲ၊ နောက်ဆုံးနှစ် ဘီဒီအက်စ်(၁/၂၀၁၁)ထပ်ကျော့ စာမေးပွဲအောင်မြင်သူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

တက်ရောက် - ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာ)

အဝေးရောက် - ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဘွဲ့လွန်ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော (၁½"×၂")အရွယ် ကာလာဓာတ်ပုံသုံးပုံ ပူးတွဲလျက် ၃-၂-၂၀၁၄ ရက်မှ ၁၄-၂-၂၀၁၄ရက်အထိ တင်သွင်းကြရမည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ်မော်ကွန်းထိန်း၊ ဘွဲ့နှင်းသဘင်နှင့် ဘွဲ့လွန်ဌာနစိတ် ဖုန်း-၅၇၁၂၇၁၊ ၅၇၁၂၇၃၊ ၅၆၄၆၃၀ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

(နွယ်နွယ်ဝင်း)
မော်ကွန်းထိန်း
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးနှိုးဆော်ချက်

ပြည်နယ်/တိုင်းဒေသကြီး အသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ ၂၀၁၃ခုနှစ် ဒီဇင်ဘာသုံးစွဲကာလအတွက် တယ်လီဖုန်းခေါ်ဆိုခများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထား ပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှု ယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေး နှိုးဆော်အပ်ပါသည်။

စဉ် ပြည်နယ်/တိုင်းဒေသကြီး	တယ်လီဖုန်း အမျိုးအစား	နောက်ဆုံး အခွန်ငွေ ပေးသွင်းရမည့်ရက်
၁။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ကချင်၊ ကရင်၊ ကယား၊ ဧရာဝတီ၊ မွန်၊ ပဲခူး(အရှေ့/အနောက်)	Auto နှင့် Mobile ဖုန်းများ E-mail, ADSL MPT Satellite	(၂၄-၁-၂၀၁၄)
၂။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်(တောင်ပိုင်း) ချင်း၊ ရခိုင်၊ တနင်္သာရီ	Auto နှင့် Mobile ဖုန်းများ E-mail, ADSL MPT Satellite	(၃၁-၁-၂၀၁၄)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

နှစ်(၃၀)ပြည့်ပုလဲရတုမင်္ဂလာဆုတောင်း

ယနေ့တွင်ကျရောက်သော ဖေဖေ ဦးတင်ဝ(ဒုကျောင်းအုပ်ကြီး၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်)နှင့် မေမေ ဒေါက်တာနုနုခင် (တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ တောင်ကြီးတက္ကသိုလ်)တို့၏ နှစ် ၃၀ ပြည့် ပုလဲရတုမှ သည် နောင်ရတုပေါင်းများစွာ ချစ်သောသားသမီးမြေးမြစ်များနှင့်အတူ စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာစွာဖြင့် ဖြတ်သန်းနိုင်ပါစေလို့ ချစ်သား ချစ်သမီးတို့က ဖေဖေနှင့် မေမေ တို့အတွက် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ကိုလင်းဇော်ဝင်း-မဝင့်ရည်ထွန်း
ဒေါက်တာအောင်ဘုန်းမြင့်
ကိုဟန်ဘုန်းတင့်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ တိုက်အမှတ် ၇၁/ဘီ၊ ပထမထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂½ပေ× ပေ ၅၀)ရှိ ကိုယ်ပိုင်မီတာ၊ မော်တာအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ထိုတိုက်ခန်းလက်ရှိပိုင်ဆိုင်ထားရှိသူ ဦးထွန်းထွန်းလတ် ၁၂/ဥကတ(နိုင်)၀၀၁၄၅၉ ထံမှ ဦးနေလင်းအောင် ၁၂/သခန(နိုင်)၀၉၅၇၆၂နှင့် ဒေါ်သင်းသင်းစိုး ၁၂/ပဘတ(နိုင်)၀၂၈၉၄၁ တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသပေးအပ်ပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထက်ဝင်း LL.B(1st Year-YUFL) အထက်တန်းရှေ့နေ(၃၉၅၄၇)
အမှတ် ၁၀၃၊ ၂၈ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့



ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဟားခါးမြို့နယ်တရားမရုံးတော်၌
၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၄

မန်နေဂျာ	**နှင့်**	၁။ ဦးခဲင်သွေး
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်လာလ်ဗျက်ဆုန်
ဟားခါးဘဏ်ခွဲ။		ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့။
ဒီကရီရသူ		**တရားရှုံးများ**

ဖလမ်းခရိုင်တရားရုံး၊ ၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၃၂အမှုတွင် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၁ရက်စွဲပါ ဒီကရီကို အတည်ပြုရာတွင် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၄င်းစာရင်းတွင် ဖော်ပြပါရှိသည့် အတိုင်း ပစ္စည်းကို ရောင်းချလိမ့်မည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျအခွင့် အရေးလွှဲအပ်သည့်ကိုယ်စားလှယ်သော်လည်းကောင်း၊ လေလံဆွဲဝယ်စေရန် ကြေညာလိုက်သည်။ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ ဖော်ပြထားသည်။

ပစ္စည်းစာရင်း

၁။ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်၊ မြေကွက်အမှတ် ၁၂၈၊ ဦးပိုင်အမှတ် ၃၇၊ အတိုင်းအတာ ပေ(၄၀×၅၀×၄၀×၅၀)ပတ်လည်၊ ဧရိယာ ၀ဒသမ၀၄၆ဧကရှိမြေကွက်။

၂။ ယင်းမြေကွက်ပေါ်ရှိ (၂၄×၁၈)ပေ ပတ်လည်အိမ်မကြီးနှင့် (၁၂×၁၂)ပေ ပတ်လည်ရှိ မီးဖို၊ သွပ်မိုး၊ ပျဉ်ခင်း၊ အိမ် (၁)လုံး။

ကြမ်းခင်းဈေး ကျပ် ၁၉၅သိန်း

ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၆။ လေလံဆွဲဝယ်သည့်ငွေအားလုံးကို လေလံဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကို ဖယ်ထုတ်ပြီးနောက် ၁၅ရက်မြောက်နေ့တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်နေ့သော်လည်းကောင်းဖြစ်လျှင် ၄င်း ၁၅ ရက်မြောက်နေ့ နောက်ရုံးပထမဖွင့်သည့်နေ့တွင် ပေးဆောင်ရမည်။

၇။ အထက်ခွင့်ပြုသည့် အချိန်ကာလအတွင်း လေလံဆွဲဝယ်ရာ ကျန်ငွေကို မပေးဆောင်ပျက် ကွက်ခဲ့လျှင် ရောင်းချရန် ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ပစ္စည်းကိုတစ်ဖန် ပြန်၍ ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်ကို ပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင် နိုင်ငံတော်သို့ ဆုံးရှုံးခံစေပြီး ငွေမပေး ဆောင်ပျက်ကွက်သူမှာ ၄င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန် ရောင်းချရာ ရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းထွဋ်အောင်)
မြို့နယ်တရားသူကြီး
ဟားခါးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ ပေါင်းလောင်း(၁)၊ ၄ လမ်း၊ အမှတ် ၈၈၉၊ မြေတိုင်း ရပ်ကွက် ၃၀/ပေါင်းလောင်း(၁)၊ မြေကွက်အမှတ် ၈၈၉၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ အလျားပေ ၆၀၊ အနံ ပေ ၄၀ ရှိ မြေနှင့် အဆိုပါမြေပေါ်ရှိ အဆောက်အအုံနှင့် မရွှေ့မပြောင်းနိုင် သည့် ပစ္စည်းအရပ်ရပ်သီးပင်စားပင်များနှင့် အိမ်သုံးလျှပ်စစ်မီတာသုံးစွဲခွင့်အပါအဝင်တို့ကို အမည် ပေါက်ပိုင်ရှင် ဦးစံရှိန် ၉/ပမန(နိုင်)၀၄၀၈၇၄ နှင့်ဇနီး ဒေါ်မိုးမိုးစံ ၉/ပမန(နိုင်)၀၀၈၇၉၁ တို့ထံမှ ကျွန်ုပ်မိတ်ဆွေတို့ကဝယ်ယူရန် စီစဉ်ဆောင်ရွက်နေပါသည်။ အဆိုပါရောင်းချသည့် မြေအဆောက် အအုံတို့နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍သော်လည်းကောင်း၊ ရောင်းချခြင်းနှင့် ပတ်သက်၍ သော်လည်းကောင်း ပြောဆိုကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသောအထောက်အထား တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံး၏စီရင်ချက် ဒီကရီများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဟန်(စဉ်-၃၅၀၈/၈၅)
တရားလွှတ်တော်ရှေ့နေ
ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ရှေ့နေ
အမှတ် ၁၄/၈၅၊ စိုက်ပျိုးသိပ္ပံကျောင်းလမ်း၊
မစိုးရိမ်အရှေ့ရပ်ကွက်၊ နေပြည်တော်၊ ပျဉ်းမနားမြို့
ဒေါ်အိနွယ်ကျော် (စဉ်-၈၅၈၃/၁၂)
တရားလွှတ်တော်ရှေ့နေ

၁။ ဦးဝင်းခိုင်	(စဉ်-၂၈၅၃၉)	၅။ ဒေါ်မေသူမြင့်ဆွေ	(စဉ်-၄၀၆၂၁)
၂။ ဒေါ်ခိုင်လင်းမူ	(စဉ်-၃၂၆၅၅)	၆။ ဒေါ်ရူပါထွန်း	(စဉ်-၄၂၈၇၂)
၃။ ဦးဇင်ဝင်း	(စဉ်-၃၅၅၂၈)	၇။ ဒေါ်ယဉ်မင်းမြင့်ဆွေ	(စဉ်-၂၅၉၅၈)
၄။ ဒေါ်ဝေဝေနှင်း	(စဉ်-၃၈၇၁၃)	၈။ ဒေါ်အေးမို့မို့ဝင်း	(စဉ်-၄၃၁၁၀)

အထက်တန်းရှေ့နေများ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သပိတ်ကျင်းမြို့နယ်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၇

မဝါဝါဝင်းလှိုင်	**နှင့်**	၁။ ကိုစိုးထက်ဦး
		၂။ ဒေါ်ခင်ပြုံး
တရားလို		**တရားပြိုင်များ**

သပိတ်ကျင်းမြို့နယ်၊ ကျောက်ဖျာကျေးရွာနေ တရားပြိုင် ကိုစိုးထက်ဦး (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မဝါဝါဝင်းလှိုင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု နှင့် ပစ္စည်းခွဲဝေပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအမိန့်ခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှု နှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၈ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့ သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာ ရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်သီတာစန်း)
တွဲဖက်မြို့နယ်တရားသူကြီး
သပိတ်ကျင်းမြို့နယ်တရားရုံး

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဟားခါးမြို့နယ်တရားမရုံးတော်၌
၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၇

မန်နေဂျာ	**နှင့်**	၁။ ဦးကဲမ်ကွေး
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်ရွှေကျင်း
ဟားခါးဘဏ်ခွဲ။		ဈေးဟောင်းရပ်ကွက်၊ ဟားခါးမြို့။
ဒီကရီရသူ		**တရားရှုံးများ**

ဖလမ်းခရိုင်တရားရုံး၊ ၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၃အမှုတွင် ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၇ရက်စွဲပါ ဒီကရီကို အတည်ပြုရာတွင် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၆ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၄င်းစာရင်းတွင် ဖော်ပြပါ ရှိသည့်အတိုင်း ပစ္စည်းကို ရောင်းချလိမ့်မည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျအခွင့် အရေးလွှဲအပ်သည့်ကိုယ်စားလှယ်သော်လည်းကောင်း၊ လေလံဆွဲဝယ်စေရန် ကြေညာလိုက်သည်။ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ဖော်ပြထားသည်။

ပစ္စည်းစာရင်း

၁။ ဟားခါးမြို့၊ ဈေးဟောင်းရပ်ကွက်၊ ဒါအိုချမ်းလမ်း၊ မြေကွက်အမှတ် ၁၈၊ ဦးပိုင်အမှတ် ၁၁၂၊ အတိုင်းအတာ ပေ(၆၀×၈၀×၆၀×၈၀)ပတ်လည်၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိမြေကွက်။

၂။ ယင်းမြေကွက်ပေါ်ရှိ အိမ်မကြီး (၂၄×၂၈)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ အုတ်ညှပ်၊ နှစ်ထပ်နှင့် မီးဖိုချောင် (ပေ၂၀×၁၄ပေ)၊ သွပ်မိုး၊ ပျဉ်ခင်း၊ အုတ်ညှပ်၊ တစ်ထပ်တိုက် (၁)လုံး။

ကြမ်းခင်းဈေး ကျပ် ၁၁၉ သိန်း

ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရသိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါ က တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရ မည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၆။ လေလံဆွဲဝယ်သည့်ငွေအားလုံးကို လေလံဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကို ဖယ်ထုတ်ပြီးနောက် ၁၅ရက်မြောက်နေ့တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ရက် မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်သော်လည်းကောင်း ဖြစ်လျှင် ၄င်း ၁၅ရက်မြောက်နေ့ နောက်ရုံးပထမဖွင့်သည့်နေ့တွင် ပေးဆောင်ရမည်။

၇။ အထက်ခွင့်ပြုသည့် အချိန်ကာလအတွင်း လေလံဆွဲဝယ်ရာ ကျန်ငွေကို မပေးဆောင် ပျက်ကွက်ခဲ့လျှင် ရောင်းချရန် ကြော်ငြာစာအသစ်ထုတ်လုပ်ပြီးနောက် ပစ္စည်းကိုတစ်ဖန် ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်ကို ပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင် နိုင်ငံတော်သို့ ဆုံးရှုံးခံစေပြီး ငွေမပေး ဆောင်ပျက်ကွက်သူမှာ ၄င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန် ရောင်းချရာ ရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းထွဋ်အောင်)
မြို့နယ်တရားသူကြီး
ဟားခါးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ် (၉၅၁/ခ) ဒေါ်ညွှန့်ရီ အမည်ပေါက် ပေ(၂၀×၆၀)မြေကွက်နှင့်အိမ်အား ဦးတင်ဝင်း ၁၂/ ဒဂတ(နိုင်)၀၇၂၈၈၈ ထံမှ ဝယ်ယူမည်ဖြစ်ရာ ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

ဦးသက်ထွန်း
၁၁၂၇၊ ပြည်သာယာ ၄လမ်း၊ (၃၂)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၁၁၁၀၉

လူမှုရေးနှင့် စီးပွားရေးကြော်ငြာ

စိန်ရတု ဝိဇာတမွေးနေ့မင်္ဂလာ ပင့်လျှောက်လွှာ

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ [ဥက္ကဋ္ဌ၊ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)] ဆရာတော်အရှင်သူမြတ်ကြီး၏ သက်တော် (၇၅)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရွာမန္ဒယ်ဖွား ရပ်နီးရပ်ဝေးတပည့်သံဃာတော်များနှင့် သီလရှင်ဆရာကြီး ဆရာလေးများ၊ တပည့်ဒါယကာ၊ ဒါယိကာမများအား လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့

ကျင်းပမည့်ရက်

- ၁၃၇၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ရက်၊ ၂၈-၂-၂၀၁၄ရက် (သောကြာနေ့)
  ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တပည့်သံဃာများနှင့်ကျောင်းတိုက်ရှိသံဃာများ
- ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁ရက်၊ ၁-၃-၂၀၁၄ရက် (စနေနေ့)
  နယ်ဝေးဒေသရှိတပည့်သံဃာများနှင့် ကျောင်းတိုက်ရှိသံဃာများ
- ၁၃၇၅ခုနှစ် တပေါင်းလဆန်း ၂ရက်၊၂-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)
  အထူးပင့်သံဃာများနှင့် ကျောင်းတိုက်ရှိသံဃာများ၊ သီလရှင်များ၊ ဒါယကာ၊ ဒါယိကာမများ

ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များ

ဦးဇာနေယျ	ဖုန်း-၀၉-၅၀၇၃၃၃၆	ဦးဇနိတာလင်္ကာရ	ဖုန်း-၀၉-၄၃၀၂၅၄၄၃
ဦးကဋ္ဌန	ဖုန်း-၀၉-၅၀၈၂၉၄၄	ဦးဝိမလ	ဖုန်း-၀၉-၅၀၉၃၂၀၃
ဦးနန္ဒမာလာ	ဖုန်း-၀၉-၇၃၀၅၉၃၃၂		

၁၂-၁-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာ(ခ)ပါ (၁) ဦးကျော်မင်းလွင်၊ (၂)ဦးစိုးဝင်း၊ (၃)ဦးမျိုးမြင့်၊ (၄) ဒေါ်အမာစိန်၊ (၅)ဦးမြင့်သိန်း၊ (၆) ဒေါ်အုန်းမြ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ တရားရုံးချုပ်ရှေ့နေ ဦးအောင်မိုး (ကော့မှူး) အထက်တန်းရှေ့နေများဖြစ်သော ဦးဇေယျကျော်နိုင်၊ ဦးဖြိုးသက်ဝင်းတို့၏ အများသိစေရန်ကြေညာခြင်းအပေါ်

ပြန်လည်ကန့်ကွက်ကြေညာခြင်း

ကန်ထရိုက်တာ ဦးအုန်းခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

အထက်အကြောင်းအရာပါ ဦးကျော်မင်းလွင်+၅တို့၏ ကြော်ငြာပါအကြောင်းအရာ၊ အချက်အလက်များမှာ လုံးဝမှန်ကန်မှုမရှိပါ။ ကျွန်ုပ်မိတ်ဆွေနှင့်ချုပ်ခဲ့သော (၂၇-၁၂-၂၀၁၁)ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ်အပိုဒ်(၃)တွင် ခွင့်ပြုမိန့်ပုံစံကျသည့်ရက်မှ (၈)လအတွင်း အပြီးတည်ဆောက်ရန်ဟု ထင်ရှားစွာဖော်ပြထားပါသည်။ ထိုသို့ခွင့်ပြုမိန့်ကျရန် ကန့်ကွက်ရှိ/မရှိ မြို့တော်စည်ပင်မှ ကြေးမုံသတင်းစာ (၂၄-၁၂-၂၀၁၂)ရက်စွဲတွင် ပါရှိလာပြီးဖြစ်ပါသည်။ ထိုသို့သတင်းစာတွင် ပါပြီးနောက် ဆောက်လုပ်ခွင့်တင်သွင်းသောအချိန်တွင် အဆိုပါမြေကွက်သည် စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပိုင်ဆိုင်သည့်မြေကွက်ဖြစ်သည့်အတွက် ဆောက်လုပ်ခွင့် ခွင့်ပြု၍မရကြောင်း သက်ဆိုင်ရာဌာနမှ အကြောင်းပြန်လာကြောင်း အဆိုပါပိုင်ဆိုင်မှုကိစ္စကို ဖြေရှင်းပေးရန် ကျွန်ုပ်၏မိတ်ဆွေက မြေရှင်များအား ပြောကြားထားပြီးဖြစ်ပါသည်။ အဆိုပါမြေပိုင်ဆိုင်မှုကို (၂၇-၁၂-၂၀၁၁) သဘောတူစာချုပ်အပိုဒ် (၈)တွင် မြေရှင်မှ မြေနှင့်ပတ်သက်၍ အရှုပ်အရှင်းမှန်သမျှကို တာဝန်ယူ၍ ဖြေရှင်းပေးရမည်ဟု ပါရှိသည့်အတိုင်း မြေပိုင်ဆိုင်မှုကို ဖြေရှင်းပေးရန်တာဝန်သည် မြေရှင်များ၏ တာဝန်ဖြစ်ပါသည်။ မြေရှင်များ၏ တာဝန်ပျက်ကွက်မှုကြောင့် ယခုကဲ့သို့ ကျွန်ုပ်၏မိတ်ဆွေမှ အဆောက်အအုံ မဆောက်လုပ်နိုင်ခြင်းဖြစ်ပါသည်။ အိမ်ရှင်များသည် ဆောက်လုပ်ရန် မြေကွက်မှအိမ်များကို ဖျက်သိမ်းခြင်းလည်းမရှိသေးပါ။ အိမ်ရှင်များသည် အခြားနေရာများသို့ ပြောင်းရွှေ့နေထိုင်ခြင်းလည်းမရှိသေးပါ။ သို့အတွက် အိမ်ရှင်များတွင် လုံးဝနစ်နာမှုမရှိပါ။ အမှန်တကယ် နစ်နာမှုရှိသည်မှာ မြေရှင်များမဟုတ်ဘဲ ကန်ထရိုက်တာသာဖြစ်ပါသည်။

လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို တစ်ဖက်သတ် ရုပ်သိမ်းပယ်ဖျက်ပိုင်ခွင့်လုံးဝမရှိပါ။ နှစ်ဦးသဘောတူချုပ်ဆိုထားသောစာချုပ်ကိုလည်း တစ်ဖက်သတ် ဖျက်သိမ်းခွင့်လုံးဝမရှိပါ။ ကျွန်ုပ်၏မိတ်ဆွေသည် ယနေ့အထိ မဆောက်ရသေးသော၊ ယခုအချင်းဖြစ်တိုက်ခန်းများကို ကြိုတင်ရောင်းချထားခြင်းမရှိပါ။

လူကြီးမင်းတို့၏ကြေညာစာသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ မိမိ၏တာဝန်ရှိမှု၊ အဖြစ်မှန်ကို ဖုံးကွယ်ပြီး အများပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် ကျွန်ုပ်မိတ်ဆွေ၏ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ ထည့်သွင်းခြင်းသာဖြစ်ပါသည်။ လူကြီးမင်းတို့၏ တစ်ဖက်သတ်ဆောင်ရွက်မှုကို ကျွန်ုပ်၏မိတ်ဆွေဘက်က အသိအမှတ်ပြု လိုက်နာဆောင်ရွက်ပေးလိမ့်မည်မဟုတ်ကြောင်း အများပြည်သူများ အမှန်သိစေရန် ကန့်ကွက်ကြေညာအပ်ပါသည်။ လူကြီးမင်းတို့၏ ကြေညာချက်အား ယနေ့မှစ၍ ၁၀ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဝင်း: B.Sc, HGP, RL
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၁၂)
အမှတ် ၂၁၊ စတုတ္ထထပ်၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ဖုန်း-၀၉-၄၂၈၂၁၅၁၃၃၊ ၀၉-၃၁၃၉၅၆၆၃

ကန့်ကွက်နိုင်ပါသည်

စာမျက်နှာ ၅ ကော်လံ ၁ ✻

တိမ်အသင့်အတင့်

၂၃-၁-၂၀၁၄

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အချပ်ပိုများပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဥပဒေကြမ်း နှစ်မျက်နှာနှင့် ကြော်ငြာအချပ်ပို ခြောက်မျက်နှာ ပါရှိပါသည်။

ခေတ်ဟောင်းကားအိုများဖြင့် ကမ္ဘာလှည့်နိုင်ငံခြားသားခရီးသွားများ တောင်ငူမြို့သို့ ဝင်ရောက်လည်ပတ်

သတင်းနှင့်ဓာတ်ပုံ ➤ သုရ(တောင်ငူ)

တောင်ငူ ဇန်နဝါရီ ၂၂

တောင်ငူမြို့ရှိ တော်ဝင်ကေတုမတီဟိုတယ်သို့ ဇန်နဝါရီ ၂၁ ရက် ညနေ ၄ နာရီခွဲက နိုင်ငံခြားသားခရီးသွားဧည့်သည် ၅၆ ဦးသည် ခေတ်ဟောင်းကားအို ၂၃ စီးဖြင့် ဝင်ရောက်အနားယူခဲ့သည်။ ယင်းနိုင်ငံခြားသားခရီးသွားဧည့်သည်များသည် ရန်ကုန်မြို့သို့ ဇန်နဝါရီ ၁၇ ရက်တွင် စတင်ရောက်ရှိပြီး ယင်းမှတစ်ဆင့် စတင်ထွက်ခွာလာရာ ပဲခူးမြို့ကမ္ဘောဇသာဒီနန်းတော်ရာနှင့် ပဲခူးမြို့ပေါ်ရှိ ဘုရားအစုံကိုလှည့်လည်ဖူးမြော်ခဲ့ပြီး မြို့ပေါင်း ၁၃ မြို့ကို ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ ထိုပြည်တွင်းခရီးစဉ်များကို Imspiration Myanmar ကုမ္ပဏီမှ စီစဉ်ဆောင်ရွက်ပေးခဲ့ကာ ခရီးစဉ်ရက်ပေါင်း ၂၀ ကြာမြင့်မည်ဖြစ်ပြီး ထိုခရီးစဉ်များကို The Road to Mandalay 2014 ဟု အမည်ပေးထားပြီးခေတ်ဟောင်းကားအို ၂၃ စီး၊ ထောက်ပံ့ကူညီပြင်ဆင်ရေးယာဉ် စာမျက်နှာ ၃ ကော်လံ ၁ ◆

ဥပဒေကြမ်း

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ (က) မည်သည့်စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေဖြင့် အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည်-
(၁) ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊
(၂) ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ၊
(၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း။
(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ခြင်း ပြုသည့်အခါ အဆိုပါ စည်းကြပ်နှစ်နှင့် သက်ဆိုင်သော ဝင်ငွေနှစ်အတွင်း စည်းကြပ်ထိုက်သည့် စုစုပေါင်း ဝင်ငွေရရှိသူ အားလုံးအား ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် သတ်မှတ်သည့် နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်စေရမည်။"

၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ တွင်-
(က) ပုဒ်မခွဲ (က) တွင်ပါရှိသော "ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍" ဆိုသည့် စကားရပ်ကို "မည်သည့်စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေဖြင့်" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မ ၆ ၏ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ကျိုးကြောင်းရှင်းလင်းတင်ပြချက်

စဉ်	ဥပဒေ/ နည်းဥပဒေနှင့် စည်းမျဉ်း	တည်ဆဲဥပဒေအရမူလစကားရပ်	ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းသင့်သည့် စကားရပ်	ကျိုးကြောင်း ဖော်ပြချက်
၁။	ဥပဒေပုဒ်မ ၄ ဝင်ငွေခွန် ကျသင့်စေခြင်း	**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-** (က) အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည်- (၁) ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊ (၂) ဝင်ငွေ အမျိုးအစားတစ်ခုစီ အတွက် ဝင်ငွေခွန်နှုန်းများ၊ (၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း	မည်သည့်စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေဖြင့်- (က) အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ပြုနိုင်သည်- (၁) ဝင်ငွေခွန် စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊ (၂) ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ၊ (၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း	၂၀၁၁ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် အခွန်နှုန်းများနှင့် အခွန် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ/ရငွေ ပမာဏကို ပြင်ဆင်ရန် ဆောင်ရွက်ခဲ့ခြင်းအား ယခု ပြည်ထောင်စုလွှတ်တော်မှသာ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန် အတွက် ပြင်ဆင်ခြင်း ဖြစ်ပါသည်။
		(ခ) ပုဒ်မခွဲ (က) အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင်- (၁) စတင် အကျိုးသက်ရောက်စေရမည့် နေ့ရက်သို့မဟုတ် စည်းကြပ်နှစ်ကို သတ်မှတ်ပေးရမည်။ (၂) အဆိုပါ စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက်သို့မဟုတ် စည်းကြပ်နှစ်နှင့် သက်ဆိုင်သည့် ဝင်ငွေနှစ်အတွင်းရရှိသော စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိသူအားလုံးအား ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် သတ်မှတ်သည့် နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်စေရမည်။	(ခ) ပုဒ်မခွဲ(က)အရ သတ်မှတ်ခြင်း ပြုသည့်အခါ အဆိုပါ စည်းကြပ်နှစ်နှင့် သက်ဆိုင်သော ဝင်ငွေနှစ်အတွင်း စည်းကြပ်ထိုက်သည့်စုစုပေါင်း ဝင်ငွေရရှိသူအားလုံးအား ရရှိသည့် ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် သတ်မှတ်သည့်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်စေရမည်။	။
၂။	ဥပဒေပုဒ်မ ၆ သက်သာခွင့်များ	(က) **ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍** အောက်ပါခွင့်ပြုငွေတို့ကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ပြုနိုင်သည်- (၁) ပုဂ္ဂိုလ်စုအတွက် အခြေခံခွင့်ပြုငွေ၊ (၂) တစ်ဦးချင်းပုဂ္ဂိုလ်အတွက် အခြေခံခွင့်ပြုငွေနှင့် အခွန်ထမ်း၏အိမ်ထောင်ဖက်နှင့် သားသမီးများအတွက် ခွင့်ပြုငွေ။	ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ တွင်- (က) ပုဒ်မခွဲ (က) တွင်ပါရှိသော "ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍" ဆိုသည့် စကားရပ်ကို "မည်သည့် စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေဖြင့်" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။	သက်သာခွင့်များကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းမည့် အခွန်အကောက်ဆိုင်ရာ ဥပဒေဖြင့် သတ်မှတ် ပြဋ္ဌာန်းနိုင်ရန်အတွက် ပြင်ဆင်ရခြင်းဖြစ်ပါသည်။
		(ခ) ပုဒ်မခွဲ (က)အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်ကို သတ်မှတ်ပေးရမည်။	(ခ) ပုဒ်မ ၆ ၏ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။	။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ"ဟု ခေါ်တွင်စေရမည်။

၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ မည်သည့်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေဖြင့်-
(က) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကိုဖြစ်စေ၊ ရှိရင်းဇယားများကိုဖြစ်စေ၊ အခွန်နှုန်းများကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ ပြုနိုင်သည်၊
(ခ) အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ပမာဏကို သတ်မှတ်နိုင်သည်။"

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၈ မှ ပုဒ်မခွဲ (ခ)ကို ပယ်ဖျက်ရမည်။

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၇။ မည်သည့်နှစ်အတွက်မဆို ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတွင် နိုင်ငံခြားငွေပါဝင်ပါက ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေဖြင့် အခွန်ကျသင့်စေရန် သတ်မှတ်နိုင်သည်။"

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ကျိုးကြောင်းရှင်းလင်းတင်ပြချက်

မူကြမ်း ပုဒ်မ	တည်ဆဲဥပဒေပြဋ္ဌာန်းချက်			ပြင်ဆင်ပြဋ္ဌာန်းချက်	ကျိုးကြောင်းရှင်းလင်း တင်ပြချက်
	ပုဒ်မ	ပုဒ်မခွဲ	တည်ဆဲပြဋ္ဌာန်းချက်		
၃	၆		ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်- (က) အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကို ဖြစ်စေ၊ အခွန်နှုန်းများကိုဖြစ်စေ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းကို ပြုနိုင်သည်၊ (ခ) ပုဒ်မခွဲ(က)အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက်ကိုဖြစ်စေ၊ ဘဏ္ဍာရေးနှစ်ကိုဖြစ်စေ၊ စည်းကြပ်နှစ်ကိုဖြစ်စေ သတ်မှတ်ပေးရမည်။	မည်သည့်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေဖြင့်- (က) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကိုဖြစ်စေ၊ ရှိရင်း ဇယားများကို ဖြစ်စေ၊ အခွန်နှုန်းများ ကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းကို ပြုနိုင်သည်၊ (ခ) အခွန် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏကို သတ်မှတ်နိုင်သည်။	၂၀၁၁ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် အခွန်နှုန်းများနှင့် အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ/ရငွေ ပမာဏကို ပြင်ဆင်ရန် ဆောင်ရွက်ခဲ့ခြင်းအား ယခု ပြည်ထောင်စုလွှတ်တော်မှသာ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်အတွက် ပြင်ဆင်ခြင်းဖြစ်ပါသည်။
၄	၈		ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍- (ခ) အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ပမာဏကိုသတ်မှတ်နိုင်သည်၊	ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၈ မှ ပုဒ်မခွဲ (ခ) ကိုပယ်ဖျက်ရမည်။	အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ/ ရငွေပမာဏ သတ်မှတ်ခြင်းအား ပုဒ်မ ၆ တွင် ဖြည့်စွက်လိုက်သဖြင့် ပုဒ်မ ၈ တွင် ပယ်ဖျက်ခြင်းဖြစ်ပါသည်။
၅	၂၇		ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍- (က) ကုန်စည်တစ်မျိုးမျိုးကို ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ် ဆောင်ရွက်ခြင်းအတွက် နိုင်ငံခြားငွေ ရရှိလျှင် ယင်းနိုင်ငံခြားငွေအပေါ် ကျသင့်စေရမည့် အခွန်နှုန်းကို သတ်မှတ်နိုင်သည်။ (ခ) နယ်စပ်ကုန်သွယ်မှုတွင် ပြည်ပမှ တင်သွင်းသည့် ကုန်စည်များကုန်းပေါ်ရောက်တန်ဖိုးအပေါ် သွင်းကုန်တင်သွင်းစဉ်က ကျပ်ငွေဖြင့် ပေးချေခဲ့လျှင် ကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် ပေးချေခဲ့လျှင် ယင်းနိုင်ငံခြားငွေဖြင့် လည်းကောင်း ကျသင့်စေရမည့် အခွန်နှုန်းကို သတ်မှတ်နိုင်သည်။ (ဂ) ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက်ကိုဖြစ်စေ၊ ဘဏ္ဍာရေးနှစ်ကိုဖြစ်စေ၊ စည်းကြပ်နှစ်ကိုဖြစ်စေ သတ်မှတ်ပေးရမည်။	"၂၇။ မည်သည့်စည်းကြပ်နှစ်အတွက်မဆို ကုန်စည် တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတွင် နိုင်ငံခြားငွေပါဝင်ပါက ပြည်ထောင်စု၏အခွန်အကောက်ဆိုင်ရာ ဥပဒေဖြင့် အခွန်ကျသင့်စေရန် သတ်မှတ်နိုင်သည်။"	နိုင်ငံခြားငွေဖြင့် အခွန်ကျသင့်စေခြင်းနှင့် ပတ်သက်၍ မူသဘောအရ ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးအတည်ပြုပေးနိုင်ရန်နှင့် အခွန်နှုန်းများကိုလည်း သတ်မှတ်ပေးနိုင်ရန် ပြင်ဆင်ခြင်းဖြစ်ပါသည်။

ဥပဒေကြမ်း

မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ် လ ရက်
(ခုနှစ် လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေတွင် ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

တံဆိပ်ခေါင်းအက်ဥပဒေတွင် ပြင်ဆင်သင့်သော ပုဒ်မများတင်ပြခြင်း

စဉ်	ဥပဒေ/ နည်းဥပဒေနှင့် စည်းမျဉ်း	တည်ဆဲဥပဒေအရ မူလစကားရပ်	ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်း သင့်သည့် စကားရပ်	ကျိုးကြောင်းဖော်ပြချက်
	မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေ ပုဒ်မ ၉	"9. (b) amend or enhance all or any of the amounts or values, description of instruments and proper stamp duties mentioned in this Act including Schedule 1 annexed thereto."	ပယ်ဖျက်ရန်	၂၀၁၁ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် တံဆိပ်ခေါင်းခွန် နှုန်းထားများကို ပြင်ဆင်ခြင်း၊ တိုးမြှင့်ခြင်းတို့ ဆောင်ရွက်ရန် ပြဋ္ဌာန်းခဲ့ခြင်းကို ပြည်ထောင်စုလွှတ်တော်အနေဖြင့်သာ ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ပြင်ဆင်ခြင်း ဖြစ်ပါသည်။

ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ် လ ရက်
(ခုနှစ် လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရုံးခွန်အက်ဥပဒေတွင် ပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"35. The Union Government may, from time to time, by notification in the Gazette, reduce or remit all or any of the fees mentioned in the first and Second Schedules to this act annexed, and may like manner cancel or vary such order."

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ရုံးခွန်အက်ဥပဒေတွင် ပြင်ဆင်သင့်သော ပုဒ်မများတင်ပြခြင်း

စဉ်	ဥပဒေ/ နည်းဥပဒေနှင့် စည်းမျဉ်း	တည်ဆဲဥပဒေအရ မူလစကားရပ်	ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်း သင့်သည့် စကားရပ်	ကျိုးကြောင်းဖော်ပြချက်
	မြန်မာနိုင်ငံ ရုံးခွန် အက်ဥပဒေ ပုဒ်မ ၃၅	"35. Ministry of Finance and Revenue of the Union Government may, with the approval of the Union Government, by notification: (a) Reduce or remit all or any of the fees mentioned in the First and Second Schedules of this Act. (b) Amend or enhance all or any of the amounts or value, numbers or proper fees mentioned in this Act including those in Schedules annexed there to."	"35. The Union Government may, from time to time, by notification in the Gazette, reduce or remit all or any of the fees mentioned in the First and Second Schedules to this Act annexed, and may like manner cancle or vary such order."	၁။ ယခင်ပြည်ထောင်စု အစိုးရ၏ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရုံးခွန်အက်ဥပဒေ ဇယား ၁ နှင့် ၂ ပါ ထိုက်သင့်သည့် ရုံးခွန်အားလုံးကိုဖြစ်စေ၊ ရုံးခွန်တစ်ရပ်ရပ်ကိုဖြစ်စေ လျှော့ပေါ့ခွင့် (သို့)ကင်းလွတ်ခွင့်ပေးခြင်း(သို့) ပြင်ဆင်ခြင်း (သို့)ဖြည့်စွက်ခြင်းများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂။ ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ အရ နောက်ဆက်တွဲဇယား ၁၊ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် တံဆိပ်ခေါင်း အက်ဥပဒေပါဝင်ခြင်းကြောင့် ရုံးခွန်အက်ဥပဒေအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းလုပ်ပိုင်ခွင့်များကို ပြည်ထောင်စုလွှတ်တော်မှ ပြုလုပ်ဆောင်ရွက်နိုင်ရေးအတွက်ဖြစ်ပါသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီအတွက် ကြိုတင်နှမ်းစာစုဆောင်းသိုလှောင်

မိတ္ထီလာ ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီအတွက် ကြိုတင်နွားစာစုဆောင်းသိုလှောင်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

"ယခင်တစ်နှစ်က မိုးရွာတာနည်းလွန်းတော့ နွားစာတွေအလွန်ရှားပါတယ်။ တောထဲမှာ အစိမ်းရောင်ရှိတဲ့အပင်က အကိုင်းအခက်မှန်သမျှ ဘောစကိုင်း၊ ကုက္ကို၊ မဲဇလီ မရွေးဘူး ခုတ်ကျွေးရတယ်။ ကိုယ့်အရပ်ဒေသမှာ နွားစာရှားတော့ အခြားအရပ်ဒေသကို ခရီးဝေးသွားပြီး နွားစာသွားဝယ်၍ ကျွေးရတယ်။ တချို့တောင်သူဆို နွားစာရှားပါးလွန်း၍ မကျွေးနိုင်လို့ နွားရောင်းပစ်တာမျိုးတောင်ရှိတယ်။ ဒီနှစ်တော့ မိုးနည်းနည်းကောင်းခဲ့တော့ နွားစာအတွက် ပြောင်းကိုအဓိကအားထားပြီး စိုက်ပျိုးထားတယ်။ အခုဆို တောင်သူတော်တော်များများ ရိတ်သိမ်းပြီးလာမယ့်နွေရာသီအတွက် နွားစာသိုလှောင် သိမ်းဆည်းတာမျိုးတွေ ပြုလုပ်နေပြီ။ ဦးလေးတို့လည်း ကိုယ့်နွားကျွေးနိုင်ဖို့အတွက် ပြောင်းစိုက်ပြီး ရိတ်သိမ်းသိုလှောင်ထားဖို့ လုပ်နေတာ။ လူစာကမရှိရင်ရှာစားလို့ရတယ်။ နွားစာကမရှိရင်ရှာကျွေးဖို့ခက်တယ်"ဟု ရွာသာအေးကျေးရွာ အနီး နွားစာအတွက် ပြောင်းရိတ်သိမ်းနေသည့် ဒေသခံတောင်သူတစ်ဦးက ပြောသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ရွာသာအေး၊ ကဖြူ၊ ညောင်ကားယား၊ သပြေပင်၊ ရှမ်းတဲ၊ ညောင်ကန်၊ မင်းရွာ၊ လျှော်ဖြူကန်၊ ကန်တိုင်ပေါက်၊ မကျီးချောက်၊ ကံကောင်း၊ ရေချို၊ ရေဝေ၊ မုန်တိုင်၊ ကန်တောင်၊ ကန်သာအေး စသည့်ကျေးရွာများတွင် နွားစာ ကြိုတင်စုဆောင်းခြင်းကို ပြုလုပ်လျက်ရှိပြီး တချို့တောင်သူများသည် နွားစာကျွေးမွေးနိုင်ရန်အတွက် သာမက စိုက်ပျိုးနိုင်သူများအား ပြန်လည်ရောင်းချနိုင်ရန်အတွက်ပင် နွားစာပြောင်းကို စိုက်ပျိုးကြကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

မီးဘေးရှောင် မလောင်ခင်တား ညီနောင်သွေးချင်းများ

ဒိုက်ဦးမြို့နယ် ဖောင်တော်သီဈေး၌ မီးဘေးကာကွယ်ရေးသရုပ်ပြလေ့ကျင့်

ဒိုက်ဦး ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဖောင်တော်သီဈေးတွင် ဈေးမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ခြင်းနှင့်စစ်ဆေးခြင်းတို့ကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပသည်။

သရုပ်ပြလေ့ကျင့်ရာတွင် ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဖောင်တော်သီဈေးမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဈေးအတွင်းရှိ ရေစင်၊ ရေတုတ်၊ ရေကန်များမှနေ၍ အပေါ်စား၊ ရေစုပ်စက်တစ်လုံးဖြင့် ရေပက်ဖျန်းနိုင်မှု၊ ရေဖြန့်ဝေနိုင်မှုနှင့် မြို့နယ် မီးသတ်ဦးစီးဌာနမှ ရေ၀ါလန် ၆၅၀ ဆံ့ မီးသတ်ကားတစ်စီး၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေ၀ါလန် ၆၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖောင်တော်သီမြို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများစုပေါင်းကာ ဈေးအတွင်း၌ စုပေါင်းသရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်၊ အမှုဆောင်အရာရှိ ဦးထွန်းဖော်မိုးနှင့် စည်ပင်သာယာဝန်ထမ်းများ၊ ရပ်ကွက်ဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ဖောင်တော်သီဈေးအကျိုးဆောင်အဖွဲ့နှင့် ဈေးသူဈေးသားများစုပေါင်း၍ ဈေးအတွင်း စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း အခမဲ့နယ်လှည့်ကွင်းဆင်းကုသပေး

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ပြည်သူဟိုပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်အဖြစ် နယ်လှည့်ကွင်းဆင်းအခမဲ့ ဆေးကုသခြင်းကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ မလွကုန်း မီးရထားရပ်ကွက် မဖွရက္ခိတမြွာ၌ ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်း၏စီစဉ်ပေးမှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဥမ္မာမြင့်၊ အရှေ့ပိုင်းခရိုင် တီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာ စောနွဲ့နွဲ့မြင့်၊ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာ ဟေမာဇော်၊ အထွေထွေ ရောဂါကုဆရာဝန်နှစ်ဦး၊ သူနာပြုခုနစ်ဦး၊ မြို့နယ်ကျန်းမာရေးမှူးနှင့် ဝန်ထမ်း ၂၀ ပါဝင်သောအဖွဲ့က ရပ်ကွက်အတွင်း ကွင်းဆင်းကာ ဝေဒနာရှင် ၂၁၉ ဦးတို့အား အခမဲ့ ဆေးကုသပေးခြင်း ဖြစ်သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် လူမှုရေးအဖွဲ့ဝင်များကလည်းကူညီပေးသည်။ တီဘီရောဂါ ဝေဒနာရှင်များ ရှာဖွေဖော်ထုတ်သည့် အနေနှင့် တိုင်းတီဘီရောဂါ တိုက်ဖျက်ရေးမှ ပံ့ပိုးကူညီသော ဓာတ်မီဒစ်ဂျစ်တယ်ကွန်ပျူတာ ဓာတ်မှန်စက်ဖြင့် တီဘီရောဂါသံသယရှိသူများအား ဓာတ်မှန်ရိုက်ကာ ချက်ချင်းအဖြေထုတ်၊ သလိပ်စစ်ဆေးပေး၍ ယခင်ကကဲ့သို့ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရန်မလိုတော့သဖြင့် ဝေဒနာရှင်များ ကျေနပ်နေသည်ကို တွေ့မြင်ရသည်။ ယင်းနေ့တွင် ECG ရိုက်စစ်ဆေးပေးသူ ၁၇ဦး၊ ဆီးချို သွေးချိုစစ်ဆေးပေးသူ ၂၉ ဦး၊ တီဘီ သံသယရှိသူ ဓာတ်မှန်ရိုက် ၇၇ ဦး၊ သလိပ်စစ်ဆေးပေးရသူ ၁၆ဦး၊ တီဘီအတွက် ချက်ချင်းကုသပေးရသူ လေးဦး၊ ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းပေးရသူလေးဦးနှင့် အထွေထွေရောဂါအပါအဝင် ဝေဒနာရှင် ၂၁၉ ဦးတို့ကိုလိုအပ်သော ထိုးဆေး၊ စားဆေးများဖြင့် အခမဲ့ကွင်းဆင်းကုသပေးခဲ့သည်။ သိမ်ဖြူရထားရပ်ကွက်နှင့် ကူးတို့ဆိပ်ရပ်ကွက်တို့တွင်လည်း ယခုကဲ့သို့ ကွင်းဆင်းဆေးကုသခဲ့ပြီးဖြစ်သည်။ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၀တွင် အလှည့်ကျနယ်လှည့်ကွင်းဆင်းအခမဲ့ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

လျှပ်စစ်ဓာတ်ကြိုးအဟောင်းများ အစားထိုးလဲလှယ်

သုံးခွ ဇန်နဝါရီ ၂၂

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သုံးခွမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးထားသော အနော်ရထာလမ်းပိုင်းတွင် ဓာတ်အားပြတ်တောက်မှုနှင့်ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရန် ဟောင်းနွမ်းနေသော လျှပ်စစ်ဓာတ်ကြိုးအဟောင်းများအစား ကြိုးသစ်များလဲလှယ်တပ်ဆင်ပေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်း၌ သုံးခွမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ဒုလက်ထောက်အင်ဂျင်နီယာ ဦးသက်မောင်ထွေးနှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာဘုံ)** (၀၂၈)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပေါက်တောမြို့နယ် ကယ်ဆယ်ရေးစခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး

စစ်တွေ ဇန်နဝါရီ ၂၂

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ လိုက်ပါလျက် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက ပေါက်တောမြို့နယ် ဆင်တက်မော်ကျေးရွာသို့ ရောက်ရှိလှည့်လည်ကြည့်ရှုပြီးနောက် ဆင်တက်မော်ကျေးရွာ ကယ်ဆယ်ရေးစခန်း မီးလောင်ပြင်နေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မီးဘေးသင့်ဒုက္ခသည်များအား ရွက်ဖျင်တဲများဖြင့် နေရာချထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးသင့်ဒုက္ခသည်များအား တွေ့ဆုံ အားပေးစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတို့အား မီးဘေးသင့်ဒုက္ခသည်များ၏ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေးတို့ကို ကူညီဆောင်ရွက်ပေးကြရန် မှာကြားသည်။ ယင်းနောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက ကယ်ဆယ်ရေးစခန်း တန်းလျားများ ပြန်လည်ဆောက်လုပ်ရန်လျာထားသွားမည့် အခြေအနေကိုလည်းကောင်း၊ ပြည်နယ်မီးသတ်တပ်ဖွဲ့မှူးက ပွင့်လင်းရာသီရောက်ရှိလာသည့်အတွက် မီးကို စနစ်တကျသုံးစွဲရေး၊ မီးသတ်ချိတ်၊ မီးသတ်ရေပုံး၊ သဲအိတ်များ စနစ်တကျထားရှိသုံးစွဲရေး၊အရန်မီးသတ်တပ်ဖွဲ့ဝင်များအား သင်တန်းများပို့ချပေးသွားမည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပေါက်တောမြို့နယ် ငှက်ချောင်းကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး စခန်းအနီး ရေငန်တားတမံများ ဆည်ဖို့နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ငှက်ချောင်းကျေးရွာ ကယ်ဆယ်ရေးစခန်းမှ ဒုက္ခသည်များ၊ စခန်းတာဝန်ခံများနှင့်တွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေးကိစ္စများကို ကူညီဆောင်ရွက်ပေးကြရန် တာဝန်ရှိသူတို့အား မှာကြားပြီးနောက် ပြည်နယ်မီးသတ်တပ်ဖွဲ့မှူးက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် အရန်မီးသတ်တပ်ဖွဲ့များ၊ ဖွဲ့စည်းရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

နေ့လယ်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပေါက်တောမြို့ ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းတင်ပြကြသည်။ ပြည်နယ်ဝန်ကြီးချုပ်က ဆိပ်ခံတံတားကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းကိုက်ညီရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ရန်နှင့် မြို့နယ်အထောက်အကူပြုကော်မတီများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(ပြည်နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

ရေဆေးချစ်သူပန်းချီပြပွဲဖွင့်ပွဲ မန္တလေးမြို့ ဓမ္မသာလခန်းမ၌ကျင်းပ

မန္တလေး ဇန်နဝါရီ ၂၂

ပန်းချီဆရာ ဒေါက်တာဇော်ထွန်းလင်းနှင့် ပန်းချီစိုးအောင်တို့ ပူးတွဲပြသသည့် "ရေဆေးချစ်သူ " အမည်ရ ပန်းချီပြပွဲဖွင့်ပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းနှင့် ၃၁ လမ်းထောင့်ရှိ ဓမ္မသာလခန်းမတွင် ဖွင့်ပွဲကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဆရာကြီး ဦးဇော်ဝင်း၊ ဆရာဦးခင်မောင်စန်း၊ စာရေးဆရာ ဇော်ခိုင်ဦးနှင့် အထက်မြန်မာပြည်ပန်းချီအသင်းဉက္ကဋ္ဌ ဦးခင်မောင်သန်းတို့က ပန်းချီပြပွဲနှင့်ပတ်သက်၍ မှဒိတာစကားပြောကြားသည်။ ဆက်လက်၍ ပန်းချီဆရာ ဒေါက်တာဇော်ထွန်းလင်းနှင့် ပန်းချီစိုးအောင်တို့က ပန်းချီပြပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ပန်းချီပြပွဲတွင် ဆရာဒေါက်တာဇော်ထွန်းလင်းက ရေဆေးပန်းချီကား ၃၀ နှင့် ပန်းချီစိုးအောင်က ပန်းချီကား ၃၀ ပြသထားသည်။ ပန်းချီပြခန်းဖွင့်ပွဲသို့ ပန်းချီဆရာများ၊ ဝါသနာရှင်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ချီးမြှင့်ခဲ့သည်။

ပန်းချီပြပွဲကို ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မန္တလေး ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းနှင့် ၃၁ လမ်းထောင့်ရှိ ဓမ္မသာလခန်းမတွင် ပြသထားမည်ဖြစ်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

သွေးကင်ဆာဝေဒနာရှင်များကို ကူညီပေးမည်

တွေ့ဆုံမေးမြန်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကင်ဆာရောဂါသည် ကမ္ဘာ့လူသားများ၏ အသက်ဘေးအန္တရာယ်ကို အဓိကခြိမ်းခြောက်လျက်ရှိသော ရောဂါဖြစ်သည်။ ကင်ဆာဖြစ်ပြီဆိုလျှင် လူတိုင်းကြောက်တတ်ကြသည်။ အများစုမှာ ကင်ဆာရောဂါဖြစ်လျှင် သေနိုင်သည်ဟုသာ သိကြသည်။ ယနေ့ တိုးတက်နေသည့်ခေတ်ကြီးတွင် ကုသပျောက်ကင်းနိုင်သော ကင်ဆာအမျိုးအစားများရှိလာပြီဖြစ်သည်။ ကုသပျောက်ဆုံးနိုင်သော ကင်ဆာများတွင် သွေးကင်ဆာသည်လည်း အပါအဝင်ဖြစ်သည်။ သွေးကင်ဆာဖြစ်ပွားနေသော ဝေဒနာရှင်များအား လိုအပ်သည်များ၊ ကူညီဆောင်ရွက်ပေးနေသော သွေးကင်ဆာရောဂါရှင်များ ကူညီစောင့်ရှောက်မှုအသင်းမှ ကုသရေးဆရာဝန်လည်းဖြစ် ရောဂါဝေဒနာရှင်လည်းဖြစ်သည့် ဒေါက်တာဒေါ်အေးယုစိုးနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ဒေါက်တာ ဒေါ်အေးယုစိုး

မေး။ ။ သွေးကင်ဆာရောဂါရှင်များ ကူညီစောင့်ရှောက်မှုအသင်းအနေနဲ့ ရောဂါရှင်များကို ကူညီဆောင်ရွက်ပေးနေတဲ့ အဖွဲ့အစည်းတစ်ခုလို့ သိရပါတယ်။ အသင်းစတင်ဖြစ်ပေါ်လာပုံလေး သိပါရစေ။

ဖြေ။ ။ ကျွန်မကိုယ်တိုင် ဒီရောဂါရဲ့ ဝေဒနာရှင်တစ်ဦးဖြစ်ပါတယ်။ ဒီအသင်းအဖွဲ့ကိုတော့ ၂၀၁၃ ခုနှစ် မေလကစပြီး ဒီရောဂါကို အဓိကတာဝန်ယူကုသပေးနေတဲ့ ဆရာဝန်ကြီးတွေရဲ့ တိုက်တွန်းမှု၊ ပံ့ပိုးပေးမှုတွေနဲ့ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။

မေး။ ။ အသင်းရဲ့ ရည်ရွယ်ချက်နဲ့ လက်ရှိဆောင်ရွက်နေတဲ့ အနေအထားကိုလည်း သိပါရစေ။

ဖြေ။ ။ ဒီအသင်းအနေနဲ့ သွေးကင်ဆာရောဂါဝေဒနာရှင်များကို ကုသရာမှာ လူမျိုးမရွေး ဘာသာမရွေး ကူညီသွားဖို့ဖြစ်ပါတယ်။ လူနာအတွက်လိုအပ်တဲ့ အကူအညီတွေ ပေးသွားမှာဖြစ်ပါတယ်။ လူနာအတွက် လိုအပ်လာပြီဆိုရင် ကျွန်မတို့ရုံးချုပ်ရှိတဲ့ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ၁၀ မိုင် စော်ဘွားကြီးကုန်းရပ်ကွက်က တာဝန်ရှိသူရဲ့ ဖုန်း-၀၉-၃၁၅၈၈၁၅၃ သို့ ဆက်သွယ်အကူအညီတောင်းခံလို့ရပါတယ်။ ဒီရောဂါက နာတာရှည်ရောဂါဖြစ်လို့ လိုအပ်လို့အများဆုံး ဖုန်းဆက်အကူအညီတောင်းတာကတော့ ငွေကြေးပဲဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ငွေကြေးကို လူနာတစ်ဦးချင်းကူညီတာထက် သွေးကင်ဆာကုသရေးဌာနတွေမှတစ်ဆင့် လိုအပ်တဲ့ဆေးဝါးတွေအတွက် ကျွန်မတို့စေတနာရှင် ပြည်သူတွေလျှုဒါန်းထားတဲ့ ရန်ပုံငွေက လစဉ်ပုံမှန်လှူဒါန်းပေးပါတယ်။ မြန်မာနိုင်ငံမှာ သွေးကင်ဆာကုဌာနဆေးရုံ လေးခုရှိပါတယ်။ အဲဒီကတစ်ဆင့် ကျွန်မတို့ရန်ပုံငွေမှ လစဉ်အနည်းဆုံး ငွေကျပ် တစ်သိန်းစီ လှူဒါန်းပေးလျက်ရှိပါတယ်။

မေး။ ။ မြန်မာနိုင်ငံမှာ သွေးကင်ဆာကုသနိုင်တဲ့ ဆေးရုံလေးခုရှိတယ်လို့ သိရပါတယ်။ အဲဒီဆေးရုံတွေက ဘယ်မှာရှိပါသလဲခင်ဗျား။

ဖြေ။ ။ မြန်မာနိုင်ငံမှာ သွေးကင်ဆာဝေဒနာရှင်များကို အဓိကတာဝန်ယူ ကုသပေးနေတဲ့ ဆေးရုံလေးခုရှိပါတယ်။ အဲဒါတွေကတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဖြစ်ပါတယ်။ အဲဒီမှာ ဒေါက်တာဦးထွန်းလွင်ငြိမ်းက တာဝန်ယူကုသပေးပါတယ်။ မြောက်ဥက္ကလာပ ဆေးရုံကြီးဖြစ်ပါတယ်။ အဲဒီမှာ ပါမောက္ခဒေါ်အေးကြီးက တာဝန်ခံပါ။ ကလေးဆေးရုံကြီးမှာတော့ ဒေါက်တာ ဒေါ်အေးအေးခိုင်ဖြစ်ပါတယ်။ မန္တလေးဆေးရုံကြီးမှာတော့ ဒေါက်တာမိုးဟိန်းနဲ့ ဒေါက်တာရီရီကျော်တို့က တာဝန်ယူကုသပေးပါတယ်။

မေး။ ။ သွေးကင်ဆာက ဘယ်နှမျိုးရှိပြီး ကုသပျောက်ကင်းနိုင်ပါသလဲခင်ဗျား။

ဖြေ။ ။ လူကေးမီးယား (Leukaemia) နဲ့ လင့်ဖိုးမား (Lyphoma)ဆိုပြီး နှစ်မျိုးရှိပါတယ်။ ဒီရောဂါတွေက အသက်အရွယ်မရွေး ဖြစ်နိုင်တဲ့ရောဂါဖြစ်ပါတယ်။ သွေးကင်ဆာက ကုသပျောက်ကင်းနိုင်တဲ့ ရောဂါဖြစ်ပါတယ်၊ သွေးကင်ဆာရောဂါရှင်များ ကူညီစောင့်ရှောက်မှုအသင်းမှာ ပါဝင်ဆောင်ရွက်နေသူအများစုဟာ သွေးကင်ဆာဖြစ်ပြီး ပျောက်ကင်းနေကြသူများဖြစ်ပါတယ်။ ဒီအသင်းဟာ ရောဂါရှင်များ၊ ၎င်းတို့ရဲ့ ဆွေမျိုးမိတ်သင်္ဂဟများဖြင့်သာ ဖွဲ့စည်းထားတဲ့ အချင်းချင်းကူညီစောင့်ရှောက်ပေးရမည်ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။

မေး။ ။ သွေးကင်ဆာခံစားနေရတဲ့ ဝေဒနာရှင်တစ်ယောက်အနေနဲ့ ဘယ်လိုနေထိုင်စားသောက်သင့်တယ်ဆိုတာနဲ့ ပတ်သက်ပြီးလည်း ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ သွေးကင်ဆာဖြစ်ပွားနေသူ တစ်ယောက်အနေနဲ့ စိတ်ဓာတ်မကျဖို့ အရေးကြီးပါတယ်။ ဒီရောဂါဟာ ငွေကြေးတတ်နိုင်ရုံလောက်နဲ့လည်း အဆင်မပြေနိုင်ပါဘူး။ စိတ်ဓာတ်ဟာအရေးကြီးပါတယ်။ သန့်သန့်ရှင်းရှင်း နေထိုင်စားသောက်ဖို့လိုပါတယ်။ သွေးကို ဒုက္ခဖြစ်စေနိုင်တဲ့အစားအသောက်မျိုးတွေ ရှောင်ကြဉ်နိုင်ဖို့ လူနာကိုယ်တိုင်လည်း သိထားရမှာဖြစ်သလို လူနာကို ပြုစုစောင့်ရှောက်နေတဲ့ မိသားစုဝင်တွေလည်း သွေးကင်ဆာနဲ့ပတ်သက်လို့ ရှောင်ရန်ဆောင်ရန်တွေ နားလည်ထားဖို့လိုပါတယ်။

မေး။ ။ သွေးကင်ဆာက ဘယ်လောက်ကြာကြာကုသရပါသလဲခင်ဗျား။

ဖြေ။ ။ ဒီရောဂါက ရောဂါအနုအရင့်ပေါ်မှာ မူတည်ပါတယ်။ ရောဂါနုရင် မြန်မြန်ပျောက်မယ်။ ရင့်ရင်တော့ အနည်းဆုံးနှစ်နှစ်လောက် ဆေးထိုး ဆေးသောက်လုပ်ရပါတယ်။

သွေးကင်ဆာဖြစ်ပွားနေသူများကို ကူညီစောင့်ရှောက်ပေးရန် အသင်းအဖွဲ့လည်း ပေါ်ပေါက်လာပြီဖြစ်၍ သွေးကင်ဆာဝေဒနာရှင်များအတွက် တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

နိုင်ငံ့တာဝန်
ကျေပွန်အောင်
ကျသင့်အခွန်
မှန်မှန်ဆောင်

ပေါင်းလောင်းမြစ်ကူးတံတားတစ်စင်း ကြံ့ခိုင်မှုနည်းပါးသဖြင့် ကျေးရွာနေပြည်သူများ သွားလာရခက်ခဲ

လယ်ဝေး ဇန်နဝါရီ ၂၂

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ သဖန်းပင်ညောင်ပင်သာပေါင်းလောင်းမြစ်ကူးတံတား တစ်စင်း ကြံ့ခိုင်မှုနည်းပါးသောကြောင့် ကျေးရွာနေပြည်သူများ သွားလာရေးခက်ခဲနေကြောင်း သိရသည်။

ကျေးရွာချင်းဆက် မြစ်ကူးတံတားကိုအမှီပြု၍ အေးချမ်းသာကျေးရွာအုပ်စုရှိ အေးချမ်းသာ၊ ညောင်ပင်သာ၊ လက်ပံတန်း၊ အုတ်ဖိုဇောင်း၊ အောင်ချမ်းသာရွာနှင့် ပင်သောင်ကျေးရွာအုပ်စုရှိ ပင်သောင်ကျောက်အိုး၊ မီးလောင်ကုန်း၊ စနော့အိုင်၊ သရက်ချောင်း၊ ရွှေပြည်သာ အစရှိသော ကျေးရွာငယ်ပေါင်း ၁၁ ရွာမှ ပြည်သူများသည် နှစ်စဉ်မိုးရာသီနှင့် မိုးနှောင်းကာလများတွင် ၎င်းတံတားကို အမှီပြုဖြတ်သန်းနေရသည်။ မိုးနှောင်းရာသီကာလများတွင် တံတားဖြတ်သန်းခအဖြစ် လူတစ်ဦး ကျပ် ၁၀၀၊ ဆိုင်ကယ်တစ်စီး ကျပ် ၂၀၀ ပေးဆောင် ဖြတ်သန်းနေရပြီး မိုးရာသီ တံတားဖျက်သိမ်း၍ စက်လှေငယ်များဖြင့်သွားလာရာတွင်လည်း လူတစ်ဦး ကျပ် ၁၀၀၊ ဆိုင်ကယ်တစ်စီး ကျပ် ၂၀၀ ပေး၍ ဖြတ်သန်းနေရသော်လည်း ညအချိန် ရွာများရှိ ပြည်သူများ ကျန်းမာရေးမကောင်း၍ ဇလာ၊ လယ်ဝေး၊ ပျဉ်းမနားအစရှိသော မြို့ကြီးများရှိ ဆေးရုံ/ဆေးခန်းများ သွားလာရာတွင် ည ၉ နာရီနောက်ပိုင်း စက်လှေငယ်များ မထွက်တော့ပါသဖြင့် များစွာ အခက်အခဲရှိနေပါကြောင်း သိရသည်။

ဆက်လက်၍ ညောင်ပင်သာရွာမှ ရွာသားတစ်ဦးက ၎င်းတို့ရွာ ရွာငယ်များမှာ နှစ်စဉ် ယခုကဲ့သို့ အခက်အခဲကို ရင်ဆိုင်နေရပါကြောင်း၊ မူလတန်းအောင်ပြီး အလယ်တန်းတက်နေရသော ကျောင်းသားကျောင်းသူများမှာ မိုးဦးကာလ မြစ်ကူးစက်လှေခနှင့် မိုးနှောင်းကာလ တံတားဖြတ်သန်းခအဖြစ် တစ်နှစ်လျှင် ကျပ် ၅၀၀၀ ပေးဆောင်ရပြီး သွားလာနေရပါကြောင်း၊ သံဃာတော်များ၊ ကျေးရွာနေ သက်ကြီးရွယ်အိုများ ညအချိန် ကျန်းမာရေးအတွက် မြို့ကြီးများရှိ ဆေးရုံများသို့ သွားလာရသည်မှာ ခက်ခဲနေပါကြောင်း၊ ကျေးရွာငယ်များမှ နှစ်စဉ် ရာသီအလိုက် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ အစရှိသော ရာသီပေါ်သီးနှံများ စိုက်ပျိုးနေကြသော ကျေးရွာများဖြစ်သဖြင့် မိမိတို့စိုက်ပျိုးထားသော ရာသီကုန်များ ဆွတ်ခူးရောင်းချချိန်တွင် ဇလာ၊ လယ်ဝေး၊ ပျဉ်းမနား အစရှိသော မြို့ကြီးများသို့ သွားရောက်တင်ပို့ရောင်းချရန် သွားလာနေရသည်မှာ အဆင်ပြေမှုမရှိကြောင်း၊ မိုးနှောင်းကာလနှင့် မိုးရာသီမဟုတ်သော ကာလများတွင်လည်း ဆောက်လုပ်ထားသောတံတားမှာ သစ်သား၊ ဝါးများဖြင့်သာ ပြုလုပ်ထားသော ကန့်လန့်ကျိုးတံတား ဖြစ်နေပါသောကြောင့် ကျေးရွာနေပြည်သူများ အနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးစသည်တို့မှာ တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည်ဟု သိရသည်။ **(အပေါ်ပုံ)**

ကိုမျိုး(ရွှေပေါက္ကံ)

ကြော်ငြာ

AMARA COMMUNICATIONS COMPANY LIMITED.

ACS

Urgently Requirement
(For Local Service Only)

We are one of the leading Companies in Telecommunications Operations in Myanmar. We offer an attractive performance-based compensation package, fair and competitive in the local market. We are expanding our business in manufacturing and distribution for Prepaid Top Up Card. We are looking for qualified and motivated candidates as Follow;

1. **Deputy General Manager** — Male/Female (1) Post
Bachelor's Degree (or) MBA (or) Any related field. At least (8 – 12) years experience in Senior Management Level, Computer Literate with Skilled in Microsoft Office (Word, Excel, PowerPoint),Excellent communications and good presentation skills with proficiency in English language. Good initiative, interpersonal skills, Team work, Multi-tasking, Critical - thinking, decision - making.
2. **Factory Manager** — Male/Female (1) Post
Bachelor's Degree (or) BE/ME(EP/EC/IT), (10) years experiences in factory operation, Excellent Communications skills with proficiency in English language, experience in strategic planning from a well-known factory, Computer literate with skilled in Microsoft office. Age between (40-55) years.
3. **Finance Assistant Manager** — Male/Female (2) Posts
B.Com, CPA, (5) years experience in related field, Must be use Microsoft office and Accounting Software, Age over (30) years.
4. **Cashier** — Male/Female (6) Posts
Bachelor's Degree, (2) years experience in related field. Must be able to use Microsoft office. Age between (22 ~ 30) years. Must be willing to work any Branch office (Yangon Region Division)
5. **(A) HR Assistant Manager /(B) Admin Assistant Manager** — Male (2) Posts
Bachelor's Degree, HR/Management Diploma, (4) years of Experience in related field, Must be use Microsoft office (English / Myanmar) / For HR Asst. Manager must have knowledge HR field, Age over (30) years, Must be willing to travel any where.
6. **Project Coordinator** — Male/Female (2) Posts
Bachelor's Degree (or) BE(EP/EC/IT), (3)years experience in related field (or) compliance in telecom industry in advantage . Excellent communications skills with proficiency in English language, Computer literate with skilled in Microsoft office. Age over (28) years.
7. **Logistic Executive** — Male (2) Posts
Bachelor's Degree, (3) years of Experience in related field, Strong Knowledge in logistic management for nation wide, Must be use Microsoft office, Age between (20) and (30) years, Willing to travel any where.
8. **Sales & Marketing Manager** — Male/Female (1) Post
Bachelor's Degree or MBA or any equivalent marketing Diploma, (5) years of Experience in related field. Good knowledge of the local market, Leadership and management skills, good negotiating skills, Strong Communication and presentation skills, Age over (30) years. Must be willing to travel any where.
9. **Assistant Sales Manager** — Male (4) Posts
Bachelor's in Business Administration or Marketing, (3) years Experience in Sales and distribution Negotiation and interpersonal skills, Good knowledge of the sales management and local market, excellent analytical and problem solving skills, Age over (25) years.
10. **Sales Executive** — Male (18) Posts
Bachelor's Degree or any equivalent marketing Diploma, (2) years experience in sales and distribution, Must use Microsoft office, Age over (25) years, Must be willing to travel any where.
11. **Sales Driver** — Male (6) Posts
Bachelor's Degree, (2) years of Experience in related field, Must have knowledge in sales and distribution, Must have driven (B) License, age over (22) years.
12. **Store / Warehouse Manager** — Male/Female (1) Posts
Bachelor's Degree with ACCA (or) LCCI, most preferable B.Com, (5) years experience in warehouse management, Must use Microsoft office and Accounting Software, Age between (30 – 40) years.
13. **Executive (Warehouse Inventory)** — Male/Female (2) Posts
Bachelor's Degree, (3) years Experience in related field, Must use Microsoft office, Must be knowledge in Inventory process, Age over (22) years.
14. **Executive (Local Procurement)** — Male (4) Posts
Bachelor's Degree, (3) years Experience in related field, Must have knowledge in local Procurement Must use Microsoft office, Age over (22) years.
15. **Quality Assurance / Quality Control** — Male/Female (4) Posts
Bachelor's Degree, (3) years Experience in related field, Strong Knowledge in SIM Card, Top Up Card, etc., product, Age over (25) years.
16. **Factory Engineer** — Male (2) Posts
BE(EC/EP/IT), (1) years Experience in related field, A fresher is welcome, Age over (22) years.
17. **Line Operator** — Male (4) Posts
Bachelor's Degree, (2) years Experience in related field, Must have worked in Manufacturing operation process, Age over (20) years.
18. **Security** — Male (5) Posts
(5) years Experience in Security field, Must have hand-on experience in Security function, Age between (20 ~ 40) years, Must be willing to work any Branch office (Yangon Region Division).
19. **Senior Engineer/Junior Engineer (Civil)** — Male (15) Posts
BE, B.Tech, AGTI(Civil), (5) years experience in Civil Construction for SE, (2) years experience in Civil Construction for JE, Work experience on engineering drawing and estimating, Site management and site supervision, Skill in surveying with digital theodolite and auto level, Excellent computer skills in Auto Cad, Microsoft office, Must be able to travel and stay at project site, Individuals who are willing to work in rural area and under pressure are preferable.

မှတ်ချက် - (၁) SE/JE(Civil) [illegible]
(၂) No (2),(3),(5B),(7),(12),(13),(15),(16),(17),(18) [illegible]

Human Resource Department
No. 520/A-5 Pyae Wa Condo, KaBaAye Pagoda Road, Shwegondine, Bahan Township, Yangon.
(Near the Rose Hill Hospital)
Email Address(1) mgr.hrndm@amaracommunications.com, (2) kaykhine2585@gmail.com.
Website : www.facebook.com/pages/Amara-Communications/102306743294745
Phone - 01 8603281~83, Fax - 01 8603284.
ကြော်ငြာပါပြီး (၁၀) ရက်အတွင်း၊ လိုအပ်သောစာရွက်စာတမ်းများနှင့်တကွလျှောက်ထားနိုင်ပါသည်။

ဒေါ်အေးအေးမော်အတွက် မွေးနေ့ဆုတောင်း

၂၃-၁-၂၀၁၄ ရက်တွင် ကျရောက်သော ချစ်သော အန်တီမော်၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော မိသားစု၊ ဆွေမျိုးများနှင့်တကွ မိတ်ဆွေ အပေါင်းအသင်း၊ တပည့်များနှင့်အတူ အမျိုးဘာသာ သာသနာအကျိုးကို ပို၍ပြုလုပ်နိုင်ပြီး မိသားစုနှင့်ပျော်ရွှင်စွာ ဘဝခရီးကို ဖြတ်သန်းနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ချစ်သောတပည့်များ

တိုက်အမှတ် (၃၈)၊ စ-လွှာ (A)၊ ခေါင်းရင်းခန်း၊ အုန်းပင်လမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်ရှိ တိုက်ခန်းနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ပါတိုက်ခန်းအား လက်ရှိသက်ဝယ်ပိုင်ဆိုင်သူ ဦးဇော်မြင့်ဦး (၁၂/လမန(နိုင်)၀၀၀၂၄၃) ကိုယ်စားလှယ် ဦးဝင်းဦး (၁၂/သဃက(နိုင်)၀၈၂၅၉၂)က (မြေရှင်)ဒေါ်သစ်သစ်ထွေးမှလည်းအသိအမှတ်ပြုသဖြင့် ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ပိုင်းပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းသည် အရောင်းအဝယ်အပြီးသတ်ဆောင်ရွက်ရန် အဆင့်သို့ ရောက်ရှိနေပြီး ဖြစ်ပါလျက် အခြားသူတစ်ဦးဦးထံသို့ တဆင့်လွှဲပြောင်း ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း အစရှိသည်တို့ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးကြည်သိန်း (စဉ်-၃၀၀၀) LL.B,D.B.L — ဒေါ်ခင်လတ်လတ်စိုး (စဉ်-၈၅၂၆) LL.B (Q), LL.M,B.A (Business Law)

တရားလွှတ်တော်ရှေ့နေများ

ဒေါ်ဖီဖီမောင်မောင် (စဉ်-၄၂၀၈၉) LL.B,Dip in Chinese (YUFL)

အထက်တန်းရှေ့နေ

အမှတ် ၁၀/၁၂ ပ-ထပ်၊ ၃၅ လမ်းတို၊ ကျောက်တံတားမြို့နယ်

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/အောင်ချမ်းသာ၊ မြေကွက်အမှတ် ၆၂၂၊ မြေကွက်တည်နေရာ အမှတ် ၂၂၊ နဝရတ်လမ်း၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်အေး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေး(မိခင်)နှင့် ဦးပါနောက်(ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်လှစော ၁၂/ဒပန(နိုင်) ၀၁၆၅၃၁က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ [illegible]

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး — LL.B, D.B.L, D.I.L, Dip.CA, WIPO — တရားလွှတ်တော်ရှေ့နေ [illegible]

ဦးထိန်လင်းသန်း — LL.B, D.B.L, D.I.L, D.M.L, WIPO — တရားလွှတ်တော်ရှေ့နေ [illegible]

Hein Htet San Law Firm

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အရှေ့၊ မြေကွက်အမှတ် ၁၃၂/A၊ မြေကွက်တည်နေရာအမှတ် ၁၃၂/A ၊ ယုဇနလမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဦးညွန့်ဟန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးညွန့်ဟန်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ညွန့် ၁၂/သကတ(နိုင်)၁၀၃၃၆၂ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၇၁၉၀/၁၃(၃၀-၁၂-၁၃) ရသူ ဒေါ်နီလာအေး ၁၂/မရက(နိုင်)၀၃၄၄၂၄ နှင့် ဦးကျော်ကျော်၁၂/မရက(နိုင်)၀၃၀၂၆၀ တို့က သေစာရင်း၊ ကျမ်းကျိန်လွှာများတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ [illegible]

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး — LL.B, D.B.L, D.I.L, Dip.CA, WIPO — တရားလွှတ်တော်ရှေ့နေ [illegible]

ဦးထိန်လင်းသန်း — LL.B, D.B.L, D.I.L, D.M.L, WIPO — တရားလွှတ်တော်ရှေ့နေ [illegible]

Hein Htet San Law Firm

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇/အရှေ့၊ မြေကွက်အမှတ် ၈၇/က+ခ၊ မြေကွက်တည်နေရာအမှတ် ၈၇၊ ပိတောက်ရွှေဝါလမ်း၊ ၇/အရှေ့ ရပ်ကွက်၊ သာကေတမြို့နယ် ဦးစံမောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစံမောင်(ဖခင်)နှင့် ဒေါ်လှကြွေ (မိခင်)တို့ ကွယ်လွန်သဖြင့် သား သမီးများဖြစ်သော (၁) ဒေါ်ပြုံးကြည် ၁၂/သကတ(နိုင်)၀၈၂၉၀၆၊ (၂)ဒေါ်စန်းရင် ၁၂/သကတ(နိုင်)၀၅၅၈၄၁တို့ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာ ၂၆၀၁၈/၁၃ (၁၇-၁၂-၁၃) ရသူ ဒေါ်နီလာအေး ၁၂/မရက(နိုင်)၀၃၄၄၂၄နှင့် ဦးကျော်ကျော် ၁၂/မရက(နိုင်)၁၃၀၂၆၀ တို့က သေစာရင်း၊ ကျမ်းကျိန်လွှာများတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ မြေကွက်အမှတ် ၁၀၆၁၊ ၄၉ ရပ်ကွက်၊ ယုဇနမြိုင်-၃ လမ်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်သော ရခိုင်ပြည်နယ်၊ အမ်းမြို့နေ (၁)ဒေါ်ဉာဏ်အေးနု ၁၁/အမန(နိုင်)၀၀၆၇၂၇၊ (၂)ဦးဝင်းစိုး ၁၁/အမန(နိုင်)၀၀၀၂၀၄၊ (၃)ဒေါ်မခိုင်နု ၁၁/အမန(နိုင်)၀၀၅၈၄၁၊ (၄)ဦးခင်မောင်သိန်း ၁၁/အမန(နိုင်)၀၁၁၅၆၂၊ (၅)ဒေါ်ခင်သန်း ၁၁/အမန(နိုင်)၀၁၆၃၁၂ နှင့် ရန်ကုန်မြို့နေ (၆)ဒေါ်ခင်စန်းမြင့် ၁၂/ဥကတ(နိုင်)၀၆၈၂၀၁ တို့၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်စန်းစန်းရီ ၁၂/ဥကတ(နိုင်)၁၂၁၈၉၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ မြေကွက်အမှတ် ၁၀၆၁၊ ဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဦးအောင်သာခိုင် အမည်ပေါက် ပိုင်ဆိုင်ပါသည်။ ဦးအောင်သာခိုင်နှင့်ဇနီး ဒေါ်ဘုမတို့သည် အသီးသီးကွယ်လွန်ကြပြီးဖြစ်ရာ အထက်ဖော်ပြပါ သားသမီးများဖြစ်ကြသော ဒေါ်ဉာဏ်အေးနု၊ ဦးဝင်းစိုး၊ ဒေါ်မခိုင်နု၊ ဦးခင်မောင်သိန်း၊ ဒေါ်ခင်သန်းနှင့် ဦးညီချေ(ကွယ်လွန်)၏ဇနီး ဒေါ်ခင်စန်းမြင့်တို့က အမွေဆက်ခံပိုင်ဆိုင်ပါသည်။ အမည်ပေါက်ပိုင်ရှင် ဦးအောင်သာခိုင်၏ သားတော်ကြီး ဦးကုမာရမှာ ဓမ္မဓိဌာန် ပရိယတ္တိစာသင်တိုက်ကြီး၏ ကျောင်းထိုင်ဆရာတော်ကြီးဖြစ်ပါသည်။

ဦးအောင်သာခိုင် သက်ရှိထင်ရှားရှိစဉ်က ဦးမောင်လုနှင့်ဇနီး ဒေါ်သိန်း(ခ)ဒေါ်ငွေငွေမြင့်တို့အား အိမ်ငှားအဖြစ် အိမ်ရှင်အိမ်ငှားစာချုပ်များ ချုပ်ဆို၍ အထက်ပါမြေကွက်ပေါ်ရှိ အဆောက်အအုံကို ငှားရမ်းထားခဲ့ပါသည်။

ယခုအခါ အမည်ပေါက်ပိုင်ရှင် ဦးအောင်သာခိုင်နှင့်ဇနီးတို့ ကွယ်လွန်ခဲ့ပြီးဖြစ်၍ အထက်ပါ လွှဲအပ်ညွှန်ကြားသူတို့က အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြရာ ကျွန်ုပ်အမှုသည်များ၏ ခွင့်ပြုချက်မရှိဘဲ အထက်ပါမြေကွက်နှင့် အဆောက်အအုံကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲစေခြင်း၊ ပျက်စီးစေခြင်း၊ ဖြုန်းတီးခြင်း၊ အာမခံတင်သွင်းခြင်းမှစ၍ ပိုင်ဆိုင်ခွင့်မရှိပါက ပြုလုပ်ပိုင်ခွင့်မရှိသောကိစ္စအဝဝကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းဝင်း (မြန်အောင်)
LL.B,D.B.L,D.M.L,D.I.L (ADVOCATE)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၆)
အမှတ် ၆၂၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၉၁၅/က၊ မြေကွက်တည်နေရာအမှတ် ၉၁၅/က၊ ကျော်သူ ၁၇လမ်း၊ ၉ရပ်ကွက်၊ တ/ဥ ဒေါ်စောတင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်စောတင်နှင့်ခင်ပွန်း ဦးစိုးကွယ်လွန်သဖြင့် ဒေါ်အေးရွှေ ၁၂/ဥကတ(နိုင်)၀၂၉၆၄၃၊ ဦးစိုးလွင် ၁၂/ဥကတ(နိုင်)၀၂၂၇၅၂၊ ဒေါ်လှကြွေ ၁၂/ဥကတ(နိုင်)၀၂၈၆၇၁၊ ဦးစိန်မင်း ၁၂/သခန(နိုင်)၀၈၉၉၆၅တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်ကိုယ်စားလှယ်လွှဲစာအမှတ်၂၃၉၀၀ (၂၆-၁၁-၂၀၁၃)ဖြင့် အထွေထွေကိုယ်စားလှယ်ဦးစိုးလွင် ၁၂/ဥကတ(နိုင်)၀၂၂၇၂၅က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ၂၃၅(၄-၁၂-၁၃)ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၈၂၉၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

လှသွားအောင်

ပရိဘောဂ+ကြမ်းခင်း+ပါကေး ခင်းခြင်း၊ ပြုပြင်ခြင်း၊ အရောင်တင်ခြင်း ပြုလုပ်သည်။

၁၀၇/တ-ဒဂုံ၊ ရတနာပုံ လမ်းမပေါ် (၂၀'×၆၀')မြေ ရောင်းမည်

ဖုန်း-၀၉-၄၅၀၀၃၃၄၄၁

Full Auto

PH:09 731 99 410

09420035882, 73199257

ပညာရေးဝန်ကြီးဌာန

အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်

National Management College (NMC)နှင့်

Assumption University (ABAC) Myanmar Offshore Office တို့ပူးပေါင်း၍

Certificate in Marketing Management (CMM)

အမှတ်စဉ် (၃)သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(NMC) နှင့် Myanmar Professional Development Center-MPDC@ Assumption University (ABAC) Myanmar Offshore Office တို့ပူးပေါင်း၍ Certificate in Marketing Management (CMM) သင်တန်း အမှတ်စဉ် (၃) ကိုဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ နှင့် တက္ကသိုလ်တစ်ခုခု၌ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါ သည်။

၂။ သင်တန်းကာလမှာ(၆)လဖြစ်ပြီး၊ ၂၀၁၄ခုနှစ်ဇန်နဝါရီလ၊ (၁၈)ရက်နေ့တွင်စတင်ဖွင့်လှစ်ပါမည်။

၃။ Marketing Management သင်တန်းတွင်ဈေးကွက်စီးပွားရေးကိုထိုးဖောက်နိုင်သောအခြေခံအချက် အလက်များကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Marketing Manager အဖြစ် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

၄။ Certificate သင်တန်းအောင်မြင်ပြီးသူများသည်Diploma, Advanced Diploma သင်တန်းများကို ဆက်လက်သင်ယူနိုင်ပြီး Assumption University of Thailand နှင့် ချိတ်ဆက်ထားသော Bachelor of Business Administration (BBA) ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။

၅။ ပညာအရည်အချင်း အထောက်အထား (မူရင်း) နှင့် မိတ္တူ ၂စုံ ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့် မိတ္တူ ၂စုံ၊ လိုင်စင်ဓါတ်ပုံ (၅)ပုံ တင်ပြရမည် ။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

အသေးစိတ်သိရှိလိုပါက - အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ် (လေထောင်တင်အဆောင်၊ MPDC ရုံးခန်း) အိုလ်တာထောင်ဘုရားလမ်း နှင့် ကုန်သည်လမ်းထောင့် ၊ ဗိုလ်တထောင်မြို့နယ်။

ဖုန်း ၀၉ - ၄၉၂၁၀၈၅၁၊ ၀၉ - ၄၂၀၁၂၉၉၀၁၊ ၀၉-၄၂၀၀၀၄၇၇၁။

မိဘ၊ အုပ်ထိန်းသူ၊ ကျောင်းသား၊ ကျောင်းသူများ အစဉ်ယုံကြည်စိတ်ချအားထားရာဖြစ်သော

